The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 43 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 14 , 2016

# ခိုင်မာသည့် ပြောင်းဈေးကွက် ရရှိရေးသို့



မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူ လယ် သမား စိုက်ပျိုးထုတ်လုပ်သူများဖြစ်ပြီး ဆန်၊ ပဲမျိုးစုံ၊ ပြောင်းတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်ရောင်းချသလို မြန်မာနိုင်ငံသည် ပို့ကုန်ကဏ္ဍအနေဖြင့်လည်း လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့နေသည့် နိုင်ငံဖြစ်သည်။ ပြည်ပသို့ တင်ပို့နေသည့် လယ်ယာထွက်ကုန် ပစ္စည်းများအနက် မြန်မာ့ပြောင်းသည် အဓိကအများဆုံး

|pmrsu Em- 12|

## မြန်မာ-ဘင်္ဂလားဒေ့ရှ် JTC တွင် ဆန်နှင့် လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့နိုင်ရေး ညှိနှိုင်းခဲ့

|pmrsu Em- 8|

## အရည်အသွေးကောင်းမှ ဈေးကောင်းရမည်

|pmrsu Em- 12|

## အိန္ဒိယနိုင်ငံက ရူပီးငွေစက္ကူအချို့ကို တရားမဝင်ငွေကြေးအဖြစ် ကြေညာရန်လွှန်ခဲ့သည့် ခြောက်လခန့်ကတည်းက ကြိုတင်ပြင်ဆင်

|pmrsu Em- 13|







MMID

# မန္တလေး-မြို့သာစက်မှုဥယျာဉ် တည်ဆောက်ရေး စီမံကိန်း

မန္တလေး-မြို့သာ စက်မှုဥယျာဉ် အနာဂါတ်ပုံရိပ်






**မန္တလေး-မြို့သာ စက်မှုဥယျာဉ်တွင် ပါဝင်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ**

- လယ်ယာသုံးစက်နှင့် စက်အရံအပိုပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ
- သယ်ယူပို့ဆောင်ရေးနှင့် ကုန်သိုလှောင်ရုံများ
- အထည်ချုပ်စက်ရုံများ၊ အိမ်သုံးပရိဘောဂဆိုင်ရာ ထုတ်လုပ်သည့်စက်ရုံများ
- SME - စက်ရုံများ၊ ဟိုတယ်နှင့် စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများ
- Electronic & I.T ဆိုင်ရာထုတ်လုပ်သည့် စက်ရုံများ
- လျှပ်စစ်ဓါတ်အားခွဲရုံနှင့် ဆက်သွယ်ရေးဆိုင်ရာဌာနများ
- ဘဏ်များ၊ Shopping Center, Residential ဝန်ထမ်းအိမ်ရာများ
- ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်းများ တည်ဆောက်ခြင်း



www.mmidproject.com

ဆက်သွယ်စုံစမ်းရန် ➡ ၀၂ – ၆၅၉၅၅၈၊ ၀၂ – ၈၂၁၅၀ ၀၉ – ၄၄၀၆၄၈၇၆၊ ၀၉ – ၄၄၀၆၄၈၇၇

# HWA YANG TRADING CO., LTD.




**Yangon**
Room No (11-B), 11th Floor, Dagon Tower, Shwe Gon Dine Road, Bahan Township, Yangon, Myanmar.
Tel: (951) 544904, 552747
No.WS/7, Shwe Pyit Tine Daung Housing, Kyone Shwe War Street, Bayint Naung,
Mayangone Township, Yangon. Tel: (951) 528577, (959) 5408218, (959) 258684844

**Mandalay**
No.10/3, Between 34th x 35th St., 83rd Street, Chan Aye Tharzan Township, Mandalay.
Tel: (951) 35611, 68558, (959) 2013556

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဇနီး ဒေါ်ခင်ငွေးဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ်မြောက် မဟာဘုံကထိန် သင်္ကန်းဆက်ကပ်ပွဲသို့ တက်ရောက်သင်္ကန်းဆက်ကပ်လှူဒါန်း



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဧကောဒသမအကြိမ်မြောက် မဟာ ဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဇနီး ဒေါ်ခင်ငွေးတို့တက်ရောက်ကာ ကထိန်လျာဥာတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဆုတောင်းဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ ဘုရားကြီးကျောင်းတိုက်ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနအကြီးအကဲများက ဆရာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

# လူမှုဖူလုံရေး ထည့်ဝင်ကြေး ပေးသွင်းခြင်းလုပ်ငန်းအား ပုဂ္ဂလိကဘဏ်များနှင့် ဆက်စပ်လုပ်ကိုင်နိုင်ရေးဆွေးနွေးပွဲကျင်းပ



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့၏ ထည့်ဝင်ကြေးပေးသွင်းခြင်း လုပ်ငန်းအား ပုဂ္ဂလိကဘဏ်များနှင့် ဆက်စပ်လုပ်ကိုင်နိုင်ရေး ဆွေးနွေးပွဲကို ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အလုပ်ရှင်များက မိမိတို့၏ အလုပ်သမားများအတွက် လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းရာတွင် ပိုမိုအဆင်ပြေချောမွေ့လာစေရေးအတွက် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က လူမှုဖူလုံရေးလုပ်ငန်းသည် CSR လုပ်ငန်းထဲတွင်ပါဝင်သည့် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သောကြောင့် နိုင်ငံတကာတွင်လည်း ဆောင်ရွက်နေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းကလည်း လူမှုဖူလုံရေးအဖွဲ့၏ ထည့်ဝင်ကြေးပေးသွင်းခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

ထို့နောက် လူမှုဖူလုံရေးဦးစီးဌာနမှ အာမခံဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက အလုပ်သမားများအနေဖြင့် အလုပ်သမားမှတ်ပုံတင် တင်သွင်းပြီး အလုပ်ရှင်များဘက်မှ သုံးရာခိုင်နှုန်း၊ အလုပ်သမားဖက်မှ နှစ်ရာခိုင်နှုန်း စုစုပေါင်း ငါးရာခိုင်နှုန်း လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းရုံဖြင့် အကျိုးခံစားခွင့်များရရှိနိုင်ကြောင်း ရှင်းလင်းတင်ပြသွားခဲ့သည်။

ဆက်လက်၍ လူမှုဖူလုံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဘဏ်လုပ်ငန်းများမှ တာဝန်ရှိသူများက ဘဏ်များ၏ ငွေပေးချေမှုစနစ်ဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြသွားခဲ့ကြပါသည်။

လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းမှုဆိုင်ရာ လုပ်ငန်းအဆင့်များ များပြားနေမှုအပေါ် ပိုမိုလွယ်ကူချောမွေ့လာစေရန် ဘဏ်လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ လုပ်ငန်းတွင်ကျယ်လာစေရန် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများကလည်း မိမိတို့၏အမြင်နှင့်သိရှိလိုသည်များကို အကြံပြု ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

မယ်သီတာ

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အသင်းဝင်ကုမ္ပဏီများနှင့်ပူးပေါင်း၍ ဆန်တန်ချိန်သုံးသိန်းကို ပြည်ပသို့တင်ပို့သွားရန် စီစဉ်လျက်ရှိ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် အသင်းဝင်ကုမ္ပဏီများနှင့်ပူးပေါင်း၍ ဆန်တန်ချိန် သုံးသိန်းကို နိုဝင်ဘာ၊ ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတို့တွင် ပြည်ပသို့တင်ပို့သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်း၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းကဲ့သို့ ပြည်ပတင်ပို့မှုဖြင့် ပြည်တွင်းဈေးကွက်ဝယ်လိုအားကို မြှင့်တင်နိုင်မည်ဖြစ်ပြီး ဆန်စပါးဈေးကွက်တစ်ခုလုံးကို လည်ပတ်စေရန်နှင့် အနယ်နယ်အရပ်ရပ်ရှိ အသေးစား၊ အလတ် စားဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ပါဝင်သည့် Supply Chain၊ Value Chain တစ်လျှောက်တွင် ပါဝင်သူများအားလုံးကို ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပို့ကုန်မြှင့်တင်ရေးကိုပုဂ္ဂလိကအခန်းကဏ္ဍမှ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင် နိုင်ငံတကာဈေးကွက်သို့ ဆန်တင်ပို့မှုတိုးတက်လာစေရန်နှင့် ပို့ကုန်ဝင်ငွေကို မြန်မာနိုင်ငံဘဏ်များတွင် လက်ခံရရှိပြီး ကုန်သွယ်မှုလိုငွေပြနေခြင်းကို ထိရောက်စွာအကျိုးပြုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆန်စပါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးရေးကို ထိရောက်ပြတ်သားစွာ မူဝါဒချမှတ်ဆောင်ရွက်ရမည့်အချိန်ကာလတွင် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား ဆန်စက်လုပ်ငန်းများကို ထိခိုက်စေနိုင်သည့် နယ်စပ်မှ ပြည်ပသို့ စပါးတင်ပို့ခြင်းကို အသင်းချုပ်အနေဖြင့် လတ်တလောအခြေအနေတွင်

➲ စာမျက်နှာ-၂၂ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ပြည့်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းလာတဲ့အတွက် ဆန်နဲ့ဆန်ကွဲပိုမို ဝယ်ယူလာ

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက် အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၆၃ သန်းတန်ဖိုးရှိ ဆန် ၁၃၃၀၅ တန်ကျော်တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၈၅၆ တန်ခန့်နဲ့ ဧည့်မထဆန် ၆၃၀၃ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်၅၇၁ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၅၇၅ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၇၀၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၅၆၀၀ ပိုမိုတင် ပို့နိုင်ခဲ့ပါတယ်။ မူဆယ်နဲ့လွယ်ဂျယ်မှ ဆန်သာမက အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၁သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၈၇၁ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ၁၃၂၀ တန်ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၁၅၅၁တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၁၇၂တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၉၉တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားကောင်းလာမှုကြောင့် ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့လာခြင်းဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၁ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန်တန် ၂၈၂၀ တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၂၂၅ တန်၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၅၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၅၉၅ တန်နဲ့ ပေါင်းဆန်တန် ၅၀၀၊ ဆွစ်ဇာလန်နိုင်ငံသို့ ဧည့်မထဆန်တန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၆၄၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၂၆ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်အပြင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၄၂၀ တန်တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲကို တရုတ်နိုင်ငံသို့ ၄၆တန်၊ စင်ကာပူနိုင်ငံသို့ ၂၅ တန်နဲ့ဘူလ်ဂေးရီးယားနိုင်ငံသို့ တန် ၆၃၅၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ၇၂၇၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၅၄ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၅ ဒသမ ၂၃၈ သန်းတန်ဖိုးရှိ ဆန်နဲ့ဆန်ကွဲ စုစုပေါင်း ၅၉၇၃၃၂ တန်တင်ပို့ထားတဲ့အနက် ဆန် ၄၃၆၄၄၉ တန်နဲ့ဆန်ကွဲ ၁၆၀၈၈၃ တန်တင်ပို့ထားပါတယ်။ ယမန်နှစ်ကာလတူထက် ဆန်တင်ပို့မှု ၁၁၇၂၆၃ တန်နဲ့ ဆန်ကွဲတင်ပို့မှု ၈၃၁၀၆ တန် လျော့နည်းကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်သစ်ဝင်ရောက်လာပြီး ဆန်ဟောင်းပုံမှန်အရောင်းအဝယ်ရှိ

ယခုတစ်ပတ် ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်မှာဆန်ချောရောဆန်ကြမ်းပါ ဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်း ထိပ်စဆန် တစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ် အိတ်ကျပ် ၃၃၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်း ထိပ်စဆန် တစ်အိတ်ကျပ် ၃၆၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံ ကျိုက်လတ်ပေါ်ဆန်း ထိပ်စ ဆန်တစ်အိတ်ကျပ်၃၂၀၀၀ နဲ့လတ်စ တစ်အိတ်ကျပ်၂၉၀၀၀၊ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ်ကျပ် ၄၃၀၀၀ မှ ၄၅၅၀၀ နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၁၈၅၀၀နဲ့ လတ်စတစ်အိတ်လျှင်ကျပ် ၁၇၅၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်လျှင်ကျပ်၁၇၀၀၀မှ ကျပ်၁၇၅၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်လျှင် ကျပ်၁၉၅၀၀မှ၂၁၀၀၀၊ မနောသုခ တစ်အိတ်လျှင်ကျပ် ၂၃၀၀၀ မှ ၂၄၀၀၀၊ အိတ်စပို့ ဧည့်မထ ၂၅ မှတ် တစ်အိတ်လျှင်ကျပ် ၁၄၅၀၀ မှ ၁၅၂၀၀ နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှု မရှိပါဘူး။ ဆန်ချောရော ဆန်ကြမ်းပါ အသစ်ပေါ်လာပြီဖြစ်တဲ့အတွက် ကုန်စည်ဒိုင်သို့လည်း ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ဆန်ဟောင်းကတော့ အဝင်ပုံမှန်နဲ့ အရောင်းအဝယ်လည်းပုံမှန်ရှိကြောင်း၊ ဆန်သစ်ပေါ်လာသော်လည်းဆန်ကြမ်းဈေးကတော့ ကျရိပ်မရှိကြောင်း၊အသစ်အဝင်နည်းသေးပြီး အဟောင်းသာအဝင်များကြောင်း၊အသစ်ဝင်လာတာများလာရင်တော့ ဈေးကျလာနိုင်ကြောင်း၊အိတ်စပို့ဆန်ကတော့ အဝယ်လိုက်တာနဲ့ တစ်ပြိုင်နက် ဆန်ကြမ်းဈေးတက်သွားနိုင်ကြောင်း၊ ဆန်ချောကတော့ အိတ်စပို့ အဝယ်နည်းတဲ့အတွက် ဈေးနှုန်းအတက်အကျ သိပ်မမြန်နိုင်ကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာတော့ ဆန်ဈေးနှုန်းငြိမ်နေပေမယ့် အရောင်းအဝယ်က တစ်ဖက်နိုင်ငံ ဝယ်လိုအားရှိတာကြောင့် ကုန်စည်ဒိုင်သို့ ဆန်ဝင်ရောက်မှုများလာကြောင်း သိရှိရပါတယ်။ ဆန်ဈေးနှုန်းမှာ ဧည့်မထ မော်ဘီနဲ့ စူပါတစ်အိတ် ယွမ် ၁၂၀ မှ ၁၂၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါတစ်အိတ် ၁၁၇ ယွမ်မှ ၁၁၉ ယွမ်၊ ဧည့်မထ ၁၅ မှတ် မော်ဘီတစ်အိတ် ယွမ် ၁၁၀ မှ ၁၁၂ ယွမ်၊ ဧည့်မထ ၂၅ မှတ် မော်ဘီတစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၁၇ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၀၈ ယွမ်မှ ၁၁၂ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ယွမ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ပြည်တွင်း နယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာနိုဝင်ဘာ ၃ရက်မှ ၉ရက်အထိ ဆန်တန်ချိန် ၁၄၀၅၃ ရှိပြီး ယခင်တစ်ပတ်ထက် ၈၈၀၆တန် ပိုမိုဝင်ရောက်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံရဲ့ ဝယ်လိုအားရှိလာတာကြောင့်ဆန်ဈေးကွက်ပြန်ဦးမော့လာတယ် ဆိုရပါမယ်။ နိုဝင်ဘာ ၁၁ ရက်ရဲ့ ငွေလဲနှုန်းအရ ၁ယွမ်ကို ၁၈၈ကျပ်ဈေးပေါက်ကြောင်းသိရှိရပါတယ်။ **ယဉ်ယဉ်အေး**

# ဖျာပုံခရိုင်တွင် ကောက်စောစပါးများရိတ်သိမ်းပြီ

ဖျာပုံခရိုင်ရှိ မြို့နယ်များဖြစ်သော ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်မြို့နယ်များတွင် ကောက်စောစပါးများရိတ်သိမ်းလျက်ရှိပြီး ဖျာပုံမြို့နယ်၊ အောက်ကွင်းကျေးရွာရှိ တောင်သူဦးတင်မောင်၏လယ်စိုက်ဧက ၂၀ အနက် လာအိုကောက်ညှင်းစပါး သုံးဧကအား ရိတ်သိမ်းရာ တစ်ဧကလျှင် ၄၅ တင်းနှုန်းထွက်ရှိပြီး တစ်တင်းလျှင် အခြောက်ဈေး ကျပ် ၇၀၀၀ ဈေးနှုန်းဖြင့် ရောင်းချရန် ဈေးဆိုင်ထားပြီးဖြစ်ကြောင်းသိရသည်။

ဘိုကလေးမြို့နယ် အေးရွာကျေးရွာအုပ်စုရှိ တောင်သူဦးကျော်ဦးက မိုးစပါးစိုက်ဧက ၁၉ ဧကအနက် ဆင်းသွယ်လတ်ငါးဧကအား ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုတင်း ၅၅ တင်းနှုန်းထွက်ရှိပြီး ကုန်သည်ပွဲစားများ လာရောက်ဝယ်ယူခြင်းမရှိသေးကြောင်း၊ ၎င်းရိတ်သိမ်းပြီး စပါးများကိုလည်း မျိုးစပါးအဖြစ်ထားရှိသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျိုက်လတ်မြို့နယ် ပျဉ်ထောင်စုကျေးရွာရှိ တောင်သူဦးကံလှ၏ ဆင်းသုခစပါး ခြောက်ဧကရိတ်သိမ်းခြွေလှေ့ခဲ့ရာ တစ်ဧက အခြောက်တင်း ၅၀ ခန့်ထွက်ရှိပြီး ရိတ်သိမ်း ခြွေလှေ့ဆဲဖြစ်၍ ရောင်းချခြင်းမရှိသေးကြောင်းသိရသည်။ ကျိုက်လတ်မြို့နယ် ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ယခုထွက်ရှိသည့် ကောက်စောစပါး ဆင်းသုခနှင့် ဆင်းသွယ် လတ်စပါး ဝယ်ယူမည့် အခြေအနေရှိ/မရှိနှင့် ဝယ်ယူမည့် ဈေးနှုန်း အခြေအနေအား မေးမြန်းကြည့်ရာ ဆင်းသုခနှင့် ဆင်းသွယ်လတ်စပါး ပေါင် ၅၀ ကိုက် အခြောက်စပါးတင်း ၁၀၀ လျှင် ကျပ် ၄၀၀၀၀၀ ဝန်းကျင်ဈေးဖြင့် ဝယ်ယူလျက်ရှိပါတယ်။ ယမန်နှစ်ကဈေး ကျပ် ၁၀၀၀၀၀ ကျော်ကျော် ဈေးနိမ့်သွားပါတယ်။ နောက်ပိုင်းဈေးတက်ဖို့ အလားအလာ ရှိပါတယ်။ ဒီနှစ်က ရာသီဥတုကလည်း ဖောက်ပြန်၊ ခရုကလည်း အရမ်းဆင်းတော့ ခြုံငုံသုံးသပ်ပြောရရင် စပါးရှား လာမယ့် သဘောပါ။ ဒါကြောင့် ဈေးတက်လာနိုင်တယ်။ ဒါပေမဲ့ နိုင်ငံတော်က အရန်စပါးဝယ်ယူမယ်ဆိုရင်တော့ တောင်သူတွေရဲ့ဒုက္ခကို ကူညီ ဖြေရှင်းပေးရာရောက်ပါတယ်”ဟု ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

**မင်းဇော်မွန်- ဖျာပုံ**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၁၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၂ | ၃၇၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၄၇ | ၃၄၇ | □ | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၅ | ၃၄၅ | □ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၆၀ | ၃၆၀ | □ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၁-၁၁-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၇၈၂၀ | □ | ၃၄၀၀၀ | △ |
| ပုသိမ် | ၅၀၆၀ | □ | ၂၂၀၀၀ | □ | ၇၀၀၀ | □ | ၂၇၅၀၀ | ▽ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | △ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၂၀၀၀၀ | □ | ၁၃၀၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၄၇၀၀ | □ | ၁၉၀၀၀ | □ | ၇၅၀၀ | □ | ၃၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | ▽ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၆၁၀၀ | ▽ | ၁၉၀၀၀ | ▽ | ၇၀၀၀ | ▽ | ၂၉၀၀၀ | ▽ |
| လှိုင်ကော် | ၇၀၀၀ | ▽ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၇၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၇-၁၁-၂၀၁၆ မှ ၁၁-၁၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 389 | 21,285,224.696 |
| 2 | Form D | 71 | 4,745,018.934 |
| 3 | Form E | 92 | 1,867,537.120 |
| 4 | Korea GSP | 2 | 40,000.000 |
| 5 | Form AK | 94 | 4,580,206.820 |
| 6 | Form AJ | 14 | 480,575.578 |
| 7 | Form AI | 87 | 3,547,455.530 |
| 8 | Form AANZ | 12 | 88,764.500 |
| 9 | Form DFTP | - | - |
| Grand Total | | 761 | 36,634,783.178 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၁-၁၁-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၄/၁၁ | ၁၁/၁၁ | ပြောင်းလဲမှု | ၄/၁၁ | ၁၁/၁၁ | ပြောင်းလဲမှု | ၄/၁၁ | ၁၁/၁၁ | ပြောင်းလဲမှု | ၄/၁၁ | ၁၁/၁၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၂၁၈၂ | ၂၀၆၁ | ▼ | - | - | - | - | - | - | ၂၁၉၀ | ၂၀၇၅ | ▼ |
| ၂ ပဲစင်းငုံ | ၁၅၁၉ | ၁၄၈၅ | ▼ | - | - | - | - | ၁၄၁၀ | - | ၁၅၀၀ | ၁၄၀၀ | ▼ |
| ၃ ပဲတီစိမ်း | ၁၄၁၅ | ၁၄၁၅ | ■ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၆၈ | ၁၃၁၆ | ▼ | ၁၃၉၅ | ၁၃၁၅ | ▼ |
| ၄ ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | - | - | - | - | - | - | ၂၂၄၀ | ၂၁၆၀ | ▼ |
| ၅ ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၀၈၃ | - | - | - | - | - | ၁၁၆၀ | ၁၂၉၀ | ▲ |
| ၆ ထောပတ်ပဲ | ၉၀၀ | ၉၂၀ | ▲ | ၇၈၂ | ၈၀၀ | ▲ | ၇၃၇ | ၇၈၉ | ▲ | ၇၀၀ | ၇၁၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၁-၁၁-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၃/၁၁ | ၁၀/၁၁ | ပြောင်းလဲမှု | ၃/၁၁ | ၁၀/၁၁ | ပြောင်းလဲမှု | ၃/၁၁ | ၁၀/၁၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၀၈၀ | ၁၀၄၀ | ▼ | ၁၁၂၅ | ၁၁၂၉ | ▲ | ၁၀၅၀ | - | - |
| ၂ ပဲစင်းငုံ | ၇၆၀ | ၇၃၀ | ▼ | ၈၇၇ | ၈၇၃ | ▼ | ၉၃၀ | ၉၀၃ | ▼ |
| ၃ ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၆၇၅ | - | - | ၇၂၀ | - | - |
| ၄ ကုလားပဲဖြူလုံးကြီး | ၁၀၈၀ | ၁၀၈၀ | ■ | ၁၄၉၉ | ၁၅၅၁ | ▲ | ၁၄၆၉ | ၁၅၅၁ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၉.၁၀.၁၆)ထိ | ယခုတစ်ပတ် (၅.၁၁.၁၆)ထိ | (၁.၁.၁၆) မှ (၅.၁၁.၁၆) ထိ |
| မတ်ပဲ | ၁၁၅၀၂ | ၁၁၁၇၅ | ၄၄၁၅၆၁ |
| ပဲတီစိမ်း | ၅၁၃၂ | ၃၉၄၀ | ၁၆၂၅၉၈ |
| ပဲစင်းငုံ | ၂၉၁၁ | ၅၀၆၄ | ၁၉၂၅၄၄ |
| ကုလားပဲ | ၁၁၁၉ | ၃၆၀ | ၂၈၆၉၂ |
| ပဲလွန်းဖြူ | ၂၆၂ | ၁၆၈ | ၁၆၆၈၇၉ |
| မြေထောက်ပဲ | ၆၄၃ | ၅၀၄ | ၁၂၀၅၃ |

# နိုဝင်ဘာဒုတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲနှင့်ပဲစင်းငုံဈေးကျပြီး ကုလားပဲဈေး အမြင့်ဆုံးဖြစ်ခဲ့



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း အောက်တိုဘာ ဒုတိယပတ်မှာ ပဲဈေးများအနေဖြင့် ပြည်ပဝယ်လက်ပဲထဲမှာ မတ်ပဲ၊ ပဲစင်းငုံဈေးလျော့နေပြီး ပဲတီစိမ်းသီးနှံဈေးပိုလာသလို ပြည်တွင်းဝယ်လက်ပဲထဲမှာ ကုလားပဲနှင့် ပဲကြီး၊ ပဲပုပ်သီးနှံများ ဈေးငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ အရောင်းအဝယ်ဖြစ်မှုပမာဏအနေဖြင့် ကုလားပဲ၊ ပဲကြီးသီးနှံများ ပုံမှန်ရောင်းဝယ်မှုရှိခဲ့ကြပြီး မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ နေ့စဉ်အရောင်းအဝယ်ပုံမှန်မဖြစ်ခဲ့ဘဲ ရက်ခြားသာ အရောင်းအဝယ် ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

မတ်ပဲသီးနှံမှာ ဈေးကွက်သို့ ပဲဝင်ရောက်မှုနည်းသွားပြီဖြစ်သလို ပေါင်းတလည်၊ ပေါက်ခေါင်းဘက်မှ အိတ်အနည်းငယ် မျိုးပဲဝယ်ယူမှုများလည်းရှိခဲ့လို့ လက်ကျန် ပဲရောင်းချမှုရှိခဲ့ပါတယ်။ ယခုရက်ပိုင်းမှာ မျိုးပဲဝယ်ယူမှုများရှိလာသော်လည်း လက်ကား ဝယ်ယူမှုရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၄၁၅၀၀ သို့ လျော့နည်းကျဆင်းခဲ့ပြီး ယခင်တစ်ပတ်ထက် တစ်တင်း ကျပ်နှစ်ထောင်ကျော်လျော့သွားခဲ့ပါတယ်။ မျိုးပဲဈေးကတော့ တစ်တင်း ကျပ်၄၅၀၀၀ ရရှိပြီး အိတ်အနည်းငယ်ရောင်းဝယ်ခဲ့ကာ ရန်ကုန်ဝယ်လက်ရက်ခြား အရောင်းအဝယ်ဖြစ်သည့် ပမာဏ အိတ် ၁၅၀ ကျော် ၂၀၀ ခန့်ရှိခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ပဲလက်ကျန် အနည်းငယ်သာရှိလို့ ရန်ကုန်ဝယ်လက်မှ ရက်ခြားဝယ်ယူမှုအပေါ် အိတ် ၁၀၀ ကျော် ၁၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၈၅၀၀ သို့ဈေးလျော့နည်းသွားပြီး ယခင်တစ်ပတ်ကထက် တစ်တင်းကျပ် သုံးထောင်ခန့်ကျဆင်းခဲ့လို့ အောက်တိုဘာ ဒုတိယပတ်အတွင်း မတ်ပဲရော ပဲစင်းငုံသီးနှံနှစ်မျိုးစလုံး အသီးသီး ဈေးကျဆင်းခဲ့ကြပါတယ်။ ယခင်နှစ်ကနိုဝင်ဘာဒုတိယပတ်အတွင်းက ပဲစင်းငုံသီးနှံမှာ ပဲလက်ကျန်မရှိတော့လို့ ဈေးကွက်အတွင်းအရောင်းအဝယ်မဖြစ်ဘဲမတ်ပဲသီးနှံသာ ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

ကုလားပဲသီးနှံမှာ လက်ကျန်ပဲများရှိလို့ ပဲခွဲစက်သမားဝယ်လိုအားရှိသလောက် ရောင်းချခဲ့တယ်လို့ သိရပါတယ်။ အဝယ်လိုက်သည့်ရက်တွင် အိတ် ၂၀၀ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၄၆၀၀၀ နဲ့ဈေးငြိမ်နေ ခဲ့ပါတယ်။ ပန်းတောင်း၊ ကံမဖက်မှ မျိုးပဲများဆက်လက်ဝယ်ယူနေကြတဲ့အတွက် မျိုးပဲလည်း နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ မျိုးပဲဈေးမှာ တစ်တင်း ကျပ် ၄၇၀၀၀ ရရှိနေတဲ့အတွက် ယခုတစ်ပတ်မှာ မတ်ပဲမျိုးဈေးထက်ပင် ဈေးကောင်းရနေခဲ့တာကိုတွေ့ရပါတယ်။

ပဲကြီးသီးနှံမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများရှိခဲ့တာကြောင့် ပဲကြော်ဖိုသမားများ နေ့စဉ်ဝယ်ယူလျက်ရှိကာ တစ်ရက် အိတ် ၂၀၀ မှ ၂၅၀ ကျော် ရောင်းချခဲ့ကြရတာကို တွေ့ရပါတယ်။ ပဲဈေးငြိမ်နေတဲ့အတွက် (ရွှေကျွန်း) တစ်တင်း ကျပ် ၂၆၀၀၀၊ (ကမ်းနား)တစ်တင်းကျပ် ၂၃၀၀၀ ဖြင့် လဆန်းရက်က အတိုင်း ဆက်လက် ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။ ယခင်နှစ်က နိုဝင်ဘာလအတွင်း ပဲကြီးသီးနှံမှာ ကျပ်သုံးသောင်းကျော်အသီးသီး ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာတော့ တစ်နှစ်လုံးလိုလို ဈေးအေးခဲ့လို့ ယခင်နှစ်ဈေးကို မမီခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်သီးနှံသည်လည်း လက်ကျန် ပဲအချို့ လက်လီအရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၂၀၀၀ ဖြင့်သာ ရောင်းချမှုဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင် နိုဝင်ဘာဒုတိယပတ် ပဲဈေးကွက် ပဲမျိုးစုံထက် မြေပဲလုံးဆန် အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် နိုဝင်ဘာ ဒုတိယပတ်ပဲဈေးကွက်မှာ ပြည်တွင်း၊ ပြည်ပဝယ်လိုအားပျော့ခြင်း၊ ပဲလက်ကျန်လျော့လာခြင်းနဲ့ ဒေသတွင်း မိုးမပြတ်ရွာသွန်းနေခြင်းတို့ကြောင့် ပဲမျိုးစုံ အရောင်းအဝယ်အေးခဲ့ပေမယ့် ဆီထွက်သီးနှံ မြေပဲလုံးဆန်ကတော့ နယ်ကပစ္စည်းအဝင်လှိုင်လာသလို ဈေးအနည်းငယ်မြင့်တက်ပြီး ဝယ်လက်စုံနဲ့ အရောင်းအဝယ်သွက်လာတယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။ မြေပဲလုံးဆန်ဈေးဟာ ပြီးခဲ့တဲ့ တစ်ပတ်ကထက် တစ်ပိဿာ ကျပ် ၁၀၀ မှ ၁၅၀ နီးပါးမြင့်တက်ခဲ့ခြင်းဖြစ်ရာ ယခုတစ်ပတ်မှာ မြေပဲလုံးဆန်(နီ) ဟာ တစ်ပိဿာ ၁၃၅၀ ကျပ်၊ လုံးဆန်ဖြူဟာ တစ်ပိဿာ ကျပ် ၂၄၀၀ အထိပေါက်ဈေးမြင့်လာခဲ့ပြီး ဒေသတွင်းလုပ်ငန်း သမားနဲ့ မန်းဝယ်လက်ကအဝယ်သွက်လို့ တစ်ရက်အိတ် ၅၀၀ မှ ၁၀၀၀ အကြား ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ်ပဲမျိုးစုံဈေးကွက်မှာ ပဲလက်ကျန်နည်းလာပြီး ကုလားပဲမျိုးစုံဈေးပြန်အေးခဲ့ကာ V2 တစ်တင်းကျပ် ၄၅၀၀၀၊ ထိုင်ဝမ်တစ်တင်း ၄၃၃၀၀ ကျပ်နဲ့ 929 တစ်တင်း ကျပ် ၄၂၃၀၀ အထိ အမြင့်ဈေးဖြစ်ပေါ်ခဲ့ပြီး ဒေသလုပ်ငန်းသုံးနဲ့ ရန်ကုန်ဝယ်လက်အနည်းငယ်အဝယ်ရှိလို့ တစ်ရက်အိတ် ၁၀၀ မှ ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရပါတယ်။ ပဲစင်းငုံနီဈေးကွက်မှာလည်း အဝယ်မရှိသလောက်ငြိမ်ခဲ့ကာ တစ်တင်း ကျပ် ၂၈၉၀၀ အထိ အနိမ့်ဆုံးဈေးဖြစ်ခဲ့တဲ့တိုင်အောင် တစ်ရက်အိတ် ၁၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာလည်း စိမ်းကြီးရောစိမ်းသေးပါ တစ်တင်း ကျပ် ၂၅၅၀၀၊ အနိမ့်ဆုံးပေါက်ဈေးဖြစ်ခဲ့ကာ တစ်ရက်အိတ် ၁၀၀ မှ ၁၅၀ ခန့်စီ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ကျန်ဒေသတွင်း လက်လီသုံးပဲမျိုးစုံဈေးကွက်မှာလည်း ယခုတစ်ပတ်မှာ ပုဂံပဲ၊ မြေထောက်ပဲ၊ ပဲကြီးတို့သာ အထက်ဈေးရခဲ့ကြပြီး၊ ပဲကြီးတစ်တင်း ကျပ် ၂၆၀၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၂၄၅၀၀ နဲ့ မြေထောက်ပဲတစ်တင်းကျပ် ၂၇၀၀၀ အသီးသီးဖြစ်ပေါ်ခဲ့ကာ အခြားပဲတွေဖြစ်ကြတဲ့ စွန်တာနီမှာ တစ်တင်း ကျပ် ၁၅၅၀၀၊ ပဲနီလုံးကြား ကျပ် ၁၇၀၀၀၊ ပဲပုပ်စေ့ ကျပ် ၁၇၇၀၀၊ မလွှမ်းပိုကျပ် ၁၉၀၀၀၊ ပဲယင်းဝါကြီး ကျပ် ၁၅၅၀၀ အသီးသီး အမြင့်ဆုံးပေါက်ဈေးဖြစ်ပေါ်ခဲ့ကြပြီး လက်လီအရောင်းအဝယ် ပုံမှန်ဖြစ်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

# ပြည်ဈေးကွက်မှာ ဝယ်လက်ရှိလို့ ဆီဆန်ဈေးပြန်မြင့်လာ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေး အနည်းငယ်ပြန်တက်လာပါတယ်။ ဒါပေမယ့် လုံးဆန်အဖြူဈေးတန့်နေပြီး လုံးဆန်အနီကတော့ဈေး အနည်းငယ်ကျလာတာတွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ မြန်အောင်၊ ကြံခင်း၊ ပေါက်ခေါင်းနဲ့ ဝက်ထီးကန်ဘက်မှ တစ်နေ့လျှင် အိတ် ၆၀၀ မှ ၇၀၀ ခန့်ဝင် ရောက်လာပါတယ်။ ဆီဆန်ကိုမကွေးမှ အဝယ်ရှိပြီး လုံးဆန်ကို ရန်ကုန်ဝယ် လက်များကအဝယ်ရှိနေတာတွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၄၅၀ ဖြင့် ယခင်တစ်ပတ်ထက်တစ်ပိဿာလျှင်ကျပ် ၅၀ ခန့်ဈေးမြင့်လာခဲ့သလို လုံးဆန်အဖြူ တစ်ပိဿာလျှင် ကျပ် ၁၈၅၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး လုံးဆန်အနီတစ်ပိဿာလျှင် ကျပ် ၁၉၅၀ ဖြင့် ယခင်တစ်ပတ် ထက်တစ်ပိဿာလျှင် ကျပ် ၁၅၀ ဈေးကျလာတာ တွေ့ရပါတယ်။ **ဝေဝေမင်း**

# ပြည်ပ(တရုတ်)ဝယ်လက် အဓိက ဝယ်ယူတဲ့ မန်းကုန်စည်ဒိုင်မှ သီးနှံများရဲ့ ဈေးနှုန်းနဲ့ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) သို့ နေ့စဉ်(ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များမှ ဝယ်ယူ၊ သိုလှောင်ထားရှိသည့် လယ်ယာထွက်ကုန်သီးနှံများကို လာရောက်အရောင်းအဝယ်ပြုလုပ်ကြောင်းသိရပါတယ်။ မန္တလေးကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ဖြစ်မှု ၆၀ ရာခိုင်နှုန်းကျော်ကို ပြည်ပ(တရုတ်) ဝယ်လက်များမှ ဝယ်ယူမှုရှိတာကြောင့် ၎င်းတို့ဝယ်ယူသည့် သီးနှံများ၏ ဈေးနှုန်းအတက်၊ အကျ အပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ် မန်းကုန်စည်ဒိုင်မှာ ပြည်ပ(တရုတ်) မှ ဝယ်ယူလျက်ရှိတဲ့ သီးနှံများရဲ့ ဈေးနှုန်းများမှာ-

| သီးနှံအမည် | ၈/၁၁/၂၀၁၆ | |
|---|---|---|
| | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၃၃၃ | ၁၅၁၁ |
| ပဲနီပြား | ၁၁၇၆ | ၁၂၃၁ |
| ပဲယင်း(သေး) | - | ၇၂၅ |
| ပြောင်းဖူးစေ့ (CP) | ၂၇၈ | ၃၂၄ |
| အထွက်တိုးပြောင်း | ၄၃၄ | ၄၅၃ |
| ဆန်ပြောင်း | - | ၄၂၂ |
| နှမ်းဖြူ | ၁၉၇၈ | ၂၀၈၉ |
| နှမ်းညို | ၁၆၀၀ | ၁၇၇၈ |
| နှမ်းနက် | ၂၆၂၂ | ၂၆၆၇ |
| နှမ်းနက်(စမုံ) | ၃၂၈၉ | ၃၄၅၆ |
| ပန်းနှမ်း | ၁၆၆၇ | ၁၆၈၉ |
| မြေပဲဆန် ( S1လုံးဆန်) | ၁၉၀၀ | ၂၄၀၀ |

ယခုတစ်ပတ်မှာပဲတီစိမ်း တစ်ပိဿာ ကျပ် ၁၅၁၁ (တစ်တန် ၉၂၅၃၂၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ဈေးအောက်တစ်ပိဿာ ၁၈ ကျပ်(တစ်တန် ၁၁၀၂၃ ကျပ်) ဈေးအေးပေမယ့် နေ့စဉ်သုံးတင်းအိတ် ၁၈၀၀ ကျော်၊ ပဲနီပြားတစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ၃၆ ကျပ်(တစ်တန် ၂၂၀၄၆ ကျပ်) ဈေးအေးပေမယ့် နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲယင်း(သေး) တစ်ပိဿာ ၇၂၅ ကျပ်(တစ်တန် ၄၄၃၉၈၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာ ၈ ကျပ်(တစ်တန် ၄၈၉၉ ကျပ်) ဈေးအေးနဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်ပြောင်းဖူးစေ့များရဲ့ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (CP)တစ်ပိဿာ ၃၂၄ ကျပ် (တစ်တန် ၁၉၈၄၁၄ ကျပ် ) အထွက်တိုးပြောင်းတစ်ပိဿာ ၄၅၃ ကျပ်(တစ်တန် ၂၇၇၄၁၃ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၄၂၂ ကျပ် (တစ်တန် ၂၅၈၄၂၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းနဲ့ ကွာဟမှု ကျဉ်းမြောင်းစွာနဲ့ နေ့စဉ်သုံးတင်းအိတ် ၁၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းရောင်စုံများရဲ့ ယခုတစ်ပတ် ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ၂၀၈၉ ကျပ်(တစ်တန် ၁၂၇၉၂၈၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၆၇ ကျပ်(တစ်တန် ၄၁၀၃၀ ကျပ်) ဖြင့်လည်းကောင်း၊ နှမ်းညိုတစ်ပိဿာ ၁၇၇၈ ကျပ်(တစ်တန် ၁၀၈၈၈၂၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၄၅ ကျပ်(တစ်တန် ၂၇၅၅၈ ကျပ်) ဖြင့် လည်းကောင်း၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန် ၁၆၃၃၂၄၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၁၁၁ ကျပ် (တစ်တန်ကို ၆၇၉၇၅ ကျပ်) ဖြင့်လည်းကောင်း၊ နှမ်းနက်စမုံတစ်ပိဿာ ၃၄၅၆ ကျပ် (တစ်တန် ၂၁၁၆၄၂၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင် တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၅၆ ကျပ်(တစ်တန်ကို ၃၄၂၉၄ ကျပ်) ဖြင့်လည်းကောင်း၊ ပန်းနှမ်းတစ်ပိဿာ ၁၆၈၉ ကျပ်(တစ်တန် ၁၀၃၄၃၂၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ဈေးနှုန်းအောက် တစ်ပိဿာ ၄၄ ကျပ်(တစ်တန် ၂၆၉၄၅ ကျပ်)နဲ့ ဈေးအေးသွားပြီး အဆိုပါ နှမ်းရောင်စုံငါးမျိုး နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ(တရုတ်) ဝယ်လက် ပုံမှန်ရှိနေတဲ့ မြေပဲ S1 လုံးဆန်ရဲ့ ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန် ၁၄၆၉၇၃၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ကျပ် ၁၀၀ (တစ်တန် ၆၁၂၃၉ ကျပ်)ဈေးမာနဲ့ နေ့စဉ်သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ပြည်ပ(တရုတ်) ကို တင်ပို့တဲ့ပဲအများစု ဈေးအေးကြောင်း၊ ပြောင်းဖူးစေ့များရဲ့ ဈေးမှာ ပုံမှန်ဖြင့်အရောင်းအဝယ်ဖြစ်ကြောင်း၊ နှမ်းရောင်စုံများအနက် နှမ်းညိုနဲ့ နှမ်းနက် (စမုံ )ဈေးအနည်းငယ်မာကြောင်း၊ မြေပဲဆန်မှာ တစ်ပိဿာ ကျပ် ၁၀၀ ဈေးမာပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ နယ်မှ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

■

# ပြည်စားတော်ပဲ လက်လီသာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကောင်းရ

နိုဝင်ဘာ ဒုတိယပတ်အတွင်း ပြည်လက်လီပဲဈေးကွက်မှာ စားတော်ပဲသီးနှံဈေးအနည်းငယ်မြင့်လာလို့ တစ်တင်းကျပ် ၃၈၅၀၀ ဖြင့် လက်လီအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲလက်ကျန် အသင့်အတင့်ရှိခဲ့လို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရလျက်ရှိပါတယ်။ ယခင်နှစ်က နိုဝင်ဘာလအတွင်း စားတော်ပဲသီးနှံဈေးက တစ်တင်းကျပ် ၃၇၀၀၀ ဖြင့် တစ်လလုံး ဈေးငြိမ်နေခဲ့ပြီး ယခုနှစ်မှာတော့ လဆန်းရက်ကထက် ဈေးအနည်းငယ် ပိုလာခဲ့သလို ယခင်နှစ်ထက်လည်းသိသိသာသာ ဈေးမြင့်တက်ခြင်းမရှိပေမယ့် နှစ်စဉ်နှစ်တိုင်းလိုလို ဈေးကောင်းရခဲ့တဲ့ သီးနှံဖြစ်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲလွန်းဖြူ လက်ကျန် ဈေးငြိမ်နဲ့သာ အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ပဲသစ်မပေါ်သေးပေမယ့် လက်ကျန်ပဲအနည်းငယ်ရှိလို့ လက်လီသမားဝယ်ယူမှုအပေါ် နေ့စဉ်အရောင်းအဝယ်ဖြစ်နေခဲ့တဲ့ ပဲလွန်းဖြူသီးနှံကို တစ်တင်း ၂၄၀၀၀ကျပ်ဖြင့် ဈေးငြိမ်ငြိမ်နဲ့ ရောင်းဝယ်မှုရှိနေခဲ့ပါတယ်။ ယခုနှစ်အတွင်းပဲလွန်းဖြူသီးနှံဈေးဟာ နှစ်ဆန်းပိုင်းအစက ဈေးကောင်းခဲ့လို့ တစ်တင်း ကျပ် ၂၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပေမယ့် ဖေဖော်ဝါရီလ လယ်လောက်မှစ၍ ဈေးနှုန်းများ တဖြည်းဖြည်း လျော့နည်းလာခဲ့ပြီး မတ်၊ ဧပြီလများတွင် တစ်တင်းကျပ်နှစ်သောင်းစွန်းစွန်းသာရရှိခဲ့ကြပါတယ်။ ပဲအထွက်လှိုင်လာချိန်နှင့် ပဲလက်ကျန်များချိန်လောက်သာ လက်လီ/ လက်ကားဝယ်ယူမှုများပြီး ကျန်အချိန်များတွင် လက်ကျန်လည်းနည်း ပဲဝင်ရောက်မှုလည်းနည်းသွားကာ လက်လီဝယ်ယူမှုများဖြင့်သာရောင်းဝယ်ခဲ့တဲ့ပဲ ဖြစ်သလို ဈေးလည်းငြိမ်လျက် တစ်တင်း ကျပ်၂၄၀၀၀ နှုန်းဖြင့် ဩဂုတ်လမှစ၍ယခုချိန်အထိ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**



# ပြည်ပဲတီစိမ်းဈေးကွက် အရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်မှာ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်အသွက်ဆုံးဖြစ်နေတဲ့ပဲက ပဲတီစိမ်းသီးနှံဖြစ်ပါတယ်။ ပန်းတောင်း၊ ပေါင်းတလည်၊ပေါက်ခေါင်းမြို့နယ်များအပြင် ကံမမြို့နယ်မှလည်း ဝင်ရောက်ခဲ့တဲ့အတွက် တစ်ရက်အိတ် ၇၀၀ ကျော် ၈၀၀အထိ ပဲအဝင်များလာခြင်းဖြစ်ပါတယ်။ ဝယ်လက်ကလည်း မန္တလေးလိုင်းသမားများက အဝင်ရှိသလောက် ဝယ်ယူနေပြီး အိတ် ၇၀၀ ကျော် ၈၀၀ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာလည်း ကျပ် ၂၉၅၀၀ဖြင့် ယခင်တစ်ပတ်ကထက်ဈေးပိုရလာပြီး အောက်တိုဘာလက ဈေးနှုန်းထက် ဈေးမြင့်တက်မှုများရှိလာပါတယ်။ မတ်ပဲဈေးကို မမီပေမယ့် ယခုအချိန်မှာတော့ အရောင်းအဝယ် ပိုသွက်လျက်ရှိတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ် စတင်ဝင်ရောက်လာ

ပြည်ပဲဈေးကွက်သို့ ယခုနိုဝင်ဘာ ဒုတိယပတ်အတွင်း ဘိုကိတ်ပဲသစ်များ စတင်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ပန်းတောင်းမြို့မှ စတင်ဝင်ရောက်ခြင်းဖြစ်ပြီး တစ်ရက် ၁၀ အိတ်နီးပါး ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ်၂၄၀၀၀နဲ့ ဈေးငြိမ်နေတဲ့အတွက် ပဲသစ်ဈေးလည်း တစ်တင်း ကျပ် ၂၄၀၀၀ ရရှိခဲ့ပြီး လက်လီသာ ဝယ်ယူမှုရှိခဲ့ပါတယ်။ ယခင်နှစ်ကလည်း အဖွင့်ဈေးတစ်တင်း ကျပ် ၂၄၀၀၀ သာရရှိခဲ့ပြီး ယခင်နှစ်က အောက်တိုဘာလအတွင်းမှာ ပဲသစ်များ စတင်ဝင်ရောက်တာကို တွေ့ရပါတယ်။ ယခုနှစ်မှာတော့ ပဲသစ်ဝင်ရောက်မှုနောက်ကျခဲ့သလို ပဲဈေးမှာလည်း ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်လျက်ရှိနေခဲ့လို့ ပဲဟောင်း၊ ပဲသစ်ဈေးတူရရှိနေခဲ့ပါတယ်။

**ခင်ဆွေဝင်း**

# မုံရွာပဲတီစိမ်းဈေးကွက် အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင်သို့ နိုဝင်ဘာဒုတိယပတ်မှာ ဘုတလင်၊ ချောင်းဦး၊ ကနီ၊ ယင်းမာပင်စသည့်မြို့နယ်များမှ ပဲတီစိမ်းသီးနှံဝင်ရောက်မှု များလာခဲ့ပြီး တစ်ရက် အိတ် ၂၅၀ မှ ၃၀၀ ကျော် အထိဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ မန္တလေးကုန်သည်များ ပုံမှန်ဝယ်ယူလို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။

ပဲတီစိမ်းဈေးကွက်မှာ အောက်တိုဘာလကုန်မှ နိုဝင်ဘာလဆန်းအထိ ဈေးအတက်အကျမရှိဘဲ ပဲတီစိမ်းကြီး တစ်တင်းကျပ် ၂၆၀၀၀၊ ပဲတီစိမ်းအသေး တစ်တင်းကျပ် ၂၆၅၀၀ နဲ့ ဈေးငြိမ်ပြီး တစ်ရက်အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခင်နှစ်နိုဝင်ဘာလအတွင်း ပဲတီစိမ်းဈေး တစ်တင်းကျပ် ၄၀၀၀၀ အထိ ရရှိခဲ့လို့ ယခုနှစ်မှာ သိသိသာသာ ဈေးလျော့နည်းခဲ့ကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## ကြက်သွန်

### မုံရွာကြက်သွန်နီဈေးနှုန်း အနည်းငယ်ပြန်လည်ကျဆင်း

မုံရွာကြက်သွန်နီဈေးနှုန်းက နိုဝင်ဘာဒုတိယပတ်မှာ ပြန်လည်ကျဆင်းလာတာကို တွေ့ရပါတယ်။ ပြည်ပမှ ဝယ်လက်အဆွဲနည်းသွားသလို ဒေသတွင်းဝယ်လက်သမားများလည်း အဆွဲနည်းသွားတဲ့အတွက် ဈေးနှုန်းကျဆင်းသွားကြောင်း သိရှိရပါတယ်။

ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာ(ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ် ၆၀၀၊ (သေး) ကျပ်၄၀၀ နှုန်းရှိပြီး လက်လီဈေးနှုန်းတစ်ပိဿာ(ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၆၀၀နှုန်းဖြစ်ပြီး ယခင် တစ်ပတ်ပွဲရုံဈေးနှုန်းမှာ တစ်ပိဿာ(ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၆၀၀ လက်လီဈေးနှုန်းမှာ တစ်ပိဿာ(ကြီး) ၁၃၀၀ ကျပ်၊ (လတ်) ၁၁၀၀ကျပ်၊ (သေး) ကျပ် ၉၀၀နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ယခင် တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပျမ်းမျှ တစ်ပိဿာဈေးနှုန်းကျပ် ၂၀၀ ကျော် ၃၀၀ခန့် ကျဆင်းသွားပြီး ဈေးကွက်အတွင်းသို့တစ်ရက် ပိဿာ ၃၀ ဝင်အိတ် ၂၅၀ မှ ၃၀၀ အဝင်ရှိပြီး အရောင်းအဝယ်အေးနေကြောင်း မုံရွာ ကြက်သွန်နီပွဲရုံများမှ သိရှိရပါတယ်။

**ကြည်ကြည်နွယ် - မုံရွာ**

### ပြည်ကြက်သွန်ဖြူဈေးကွက်မှာ ပွဲတော်ရက်အတွင်း အရောင်းအဝယ်ဖြစ်ပြီး ဈေးအနည်းငယ်ကျ

နိုဝင်ဘာ ဒုတိယပတ်တွင် ပြည်ပွဲရုံမှာ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်နေပြီး တန်ဆောင်တိုင်ပွဲတော်(ပြည်စွယ်တော်)ဘုရားပွဲကျင်းပချိန်ဖြစ်လို့ စားသောက်ဆိုင်ခန်းများနဲ့ ဈေးတန်းများစည်ကားနေမှုကြောင့် ပွဲရုံများမှာလည်းကြက်သွန်ဖြူအိတ်တွေ အရောင်းအဝယ် သွက်နေတာ တွေ့ရပါတယ်။ ကြက်သွန်ဖြူဈေးလည်း အနည်းငယ်ပြန်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ (ပွဲရုံဈေး) ကြူကုတ်စ ၄၅၀၀ကျပ် နှင့် (ရှမ်းစ) ၄၀၀၀ ကျပ် တို့ ဖြစ်ပါတယ်။ ဒေသတွင်းနှင့် ဈေးများတွင် လက်လီတစ်ပိဿာဈေး (ကြူကုတ်) ၄၈၀၀ ကျပ် နှင့် (ရှမ်းစ) ၄၃၀၀ကျပ် တို့ဖြင့် ရောင်းဝယ် လျက် ရှိပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း**

### ပွဲတော်ရက်ကြောင့် ပြည်ကြက်သွန်နီ အရောင်းအဝယ်သွက်

ယခုကာလမှာ ကထိန်ရာသီဖြစ်သလို ပြည်မြို့ ရွှေဆံတော်ဘုရားပွဲကျင်းပနေတဲ့ကာလဖြစ်တဲ့အတွက် ပြည် ကြက်သွန်နီသီးနှံအနေနဲ့ အိတ်ဆွဲသမားများရော လက်လီသမားများနဲ့ပါ အရောင်းအဝယ်သွက်နေကြောင်းသိရပါတယ်။ ပွဲတော်အတွင်း ရောင်းချနေတဲ့ စားသောက်ဆိုင်များမှာ ကြက်သွန်နီသီးနှံဟာ မရှိမဖြစ်အသုံးပြုနေတဲ့အတွက် အရောင်းအဝယ်မှာ ဒေသတွင်းအိတ်ဆွဲသမားဝယ်လက်များနဲ့ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကိုအိတ် ၄၀၀ ခန့်နှင့်ပုံမှန်ထက်ရောင်းလိုအား ကောင်းနေကြောင်းသိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေသလို ဝင်ရောက်မှုအနေနဲ့လည်း နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၃၅၀ ခန့်ရှိပြီး ယခင်တစ်ပတ်နှင့်ယှဉ်လျှင် များပြားနေတယ်လို့သိရပါတယ်။

ဈေးနှုန်းမှာ ပြည်ပွဲရုံများ၌ လက်ကားတစ်ပိဿာကို (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၁၀၀၊ (သေး) ကျပ် ၈၀၀-၉၅၀ တို့ရှိပြီး လက်လီဈေးများတွင် တစ်ပိဿာကို (ရှယ်သန့်) ကျပ် ၁၆၀၀၊ (ကြီး) ကျပ် ၁၅၀၀၊ (လတ်) ကျပ် ၁၃၀၀-၁၄၀၀၊ (သေး) ကျပ် ၁၀၀၀- ၁၂၀၀ တို့ရှိကြောင်းသိရပါတယ်။ ယခု ဖြစ်ပေါ် လျက်ရှိနေတဲ့ ဈေးနှုန်းမှာ အောက်ဖော်ပြပါ ယခင် နှစ်ကာလတူဈေးနှုန်းနှင့်နှိုင်းယှဉ်ကြည့်ပါက သက်သာသော ဈေးနှုန်းဖြစ်ပြီး စားသုံးသူများ စိတ်ကျေနပ်မှုရှိနေကြောင်း သိရပါတယ်။

| ကြက်သွန်နီသီးနှံ (အလတ်စ) ကာလတူဈေးနှုန်း | | | | | |
|---|---|---|---|---|---|
| စဉ် | လအမည် | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | |
| | | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ၁ | စက်တင်ဘာ | ၁၁၀၀ | ၁၃၀၀ | ၄၅၀ | ၆၀၀ |
| ၂ | အောက်တိုဘာ | ၁၇၀၀ | ၂၀၀၀ | ၆၅၀ | ၇၅၀ |
| ၃ | နိုဝင်ဘာ(ဒုတိယပတ်) | ၂၃၀၀ | ၂၅၀၀ | ၁၁၀၀ | ၁၃၀၀ |

**ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

### ရှမ်းချင်းဈေးကွက် ချင်းနုတွေ အဝင်များ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းတက်တွေ အသစ်ဝင်လာပါပြီ။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ချင်းအဓိက စိုက်ပျိုးတဲ့ ကလော၊ အောင်ပန်း၊ ဟဲဟိုး မြို့နယ်တွေက စပြီး ဝင်လာတာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အဝင်နည်းနေပါသေးတယ်။ အခုဝင်လာတဲ့ ချင်းတွေကလည်း ချင်းနုတွေသာ ဖြစ်ပါတယ်။ မိုးက မပြတ်သေးတာကြောင့် ပုပ်ကုန်မှာစိုးတဲ့အတွက် ခြံရှင်တွေက ဖော်ကြလို့ ချင်းနုတွေက ဈေးကွက်ကို စောစောဝင်လာတာလို့ သိရပါတယ်။ ချင်း(ဥမ) တွေကိုတော့ တစ်ပိဿာ ကျပ် ၃၀၀ ဈေးနဲ့ပဲ အပြီးသတ် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။ ဥမက ကြာကြာထားရင် ခြောက်လာပြီး အလေးချိန် လျော့တာရယ်၊ ပုပ်လာတတ်တာကြောင့် ရတဲ့ဈေးနဲ့ ရောင်းကြရတာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီဇင်ဘာလမှ အဝင်လှိုင်လာမှာ ဖြစ်တယ်လို့လည်း ဈေးကွက်မှ သိရပါတယ်။ အခုဈေးကွက်ကို စပြီးဝင်လာတဲ့ ချင်းတက်တွေကိုတော့ ရန်ကုန်နဲ့ မုံရွာဝယ်လက်တွေက ဝယ်ယူနေပါတယ်။ ရန်ကုန်ဝယ်လက်တွေက သီရိမင်္ဂလာဈေးမှတစ်ဆင့် ဧရာဝတီတိုင်းနဲ့ မွန်ပြည် နယ်ကို ဖြန့်တယ်လို့လည်း သိရပါတယ်။ မိုးကလည်း မပြတ်သေးဘဲ ပုပ်ကုန်မှာစိုးတာကြောင့် များများမတူးကြသေးဘဲ ဒီဇင်ဘာမှသာ ထပ်ပြီးဖော်ကြတော့မှာဖြစ်ပါတယ်။ ဒီတစ်ပတ် ချင်းဈေးက ချင်းတက်သစ် တစ်ပိဿာကို ကျပ် ၄၀၀ မှ ၄၅၀ ၊ ၅၀၀ ဈေးပေါက်နေပါတယ်။

ချင်းခြောက်ကတော့မနှစ်ကတည်းက ကျန်တဲ့ပစ္စည်း လက်ကျန်တွေကိုသာ အရောင်းအဝယ် လုပ်နေတယ်လို့ လည်း သိရပါတယ်။ တစ်ပိဿာကို ကျပ် ၁၇၀၀ မှ ၁၈၀၀ ဈေး ရှိတယ်လို့လည်း အောင်ပန်း ဈေးကွက်မှ သိရှိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### ပြည် ချင်းဈေး အနည်းငယ်ကျပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ချင်းဈေးကွက်တွင် ယခင်တစ်ပတ်က ချင်းတစ်ပိဿာလျှင် ရှယ် ကျပ် ၉၀၀၊ ဂွန် ကျပ် ၅၀၀ တို့ဖြစ်ပြီး ယခုတစ်ပတ်တွင် ရှယ် ကျပ် ၈၅၀ မှ ဂွန် ကျပ် ၄၅၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိလို့ တစ်ပိဿာကို ကျပ်၅၀ခန့် ဈေးအနည်းငယ်ကျသွားပါတယ်။ ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ပိဿာ၃၀ ဝင်အိတ် ၃၅၀ ခန့် အဝင်ရှိပြီး ချင်းအသစ်များ ဝင်နေပြီဖြစ်၍ ဈေးအနည်းငယ်ကျသွားရခြင်းဖြစ်တယ်လို့ ပွဲရုံဈေးကွက်မှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကထိန်အလှူပွဲနဲ့ တန်ဆောင်တိုင်ပွဲတော်ရက် ဖြစ်လို့ ပိဿာချိန် ၇၀ ခန့် အဝယ်ဖြစ်ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ကုန်သွယ်ရေးဇုန်များမှ ကြက်သွန်နီတင်ပို့မှု လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၄၅၈၂၅ တန်ဖိုးရှိ ကြက်သွန်နီ ၂၃၅ တန် တင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅၅၂၈၆ တန်ဖိုးရှိကြက်သွန်နီ ၂၀၈ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ တန် ၆၀၀၊ မြဝတီမှ ၂၆၁ တန်ကျော်နဲ့ တာချီလိတ်မှ တန် ၂၀၀ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှု လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။

အောက်တိုဘာလလယ်ခန့်က ကြက်သွန်ဈေး ရုတ်တရက်တက်သွားရတဲ့ အကြောင်းရင်းမှာ အလှူအတန်းရာသီချိန်ဖြစ်လို့ ဈေးတက်ခဲ့တာဖြစ်ပြီး ၂၀၁၅ ခုနှစ်က ကြက်သွန်ဈေးတက်ခဲ့ရတာကတော့ ပစ္စည်းလက်ကျန်မရှိခြင်းကြောင့်ဖြစ်တယ်လို့ မိတ္ထီလာ ကြက်သွန်ကုန်စည်ဒိုင်မှ သိရပါတယ်။ မိတ္ထီလာအတွင်းရှိမြို့နယ်များမှ နှစ်စဉ်နိုဝင်ဘာလမှ ဒီဇင်ဘာလတွင် ရေသွင်းစိုက်ပျိုးပြီး မတ်လမှ ဧပြီလဆန်းတွင် ကြက်သွန်နီသစ်များပေါ်ကြောင်းသိရပါတယ်။

**မော်မော်အောင်**

## နနွင်း

### မူဆယ်ရော မြဝတီမှပါ နနွင်းတက် တင်ပို့

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈၂၆၂ တန်ဖိုးရှိနနွင်းတက်(ရှမ်းစ) ၁၁တန်နီးပါး တင်ပို့ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀၅၄၈ တန်ဖိုးရှိနနွင်းတက် (ကျောက် ဆည်) ၁၄ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ် တစ်ခုတည်းမှသာ နနွင်း ၆၇ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ နနွင်းတင်ပို့မှု လျော့နည်းခဲ့တာတွေ့ရပါတယ်။ ရှမ်းနနွင်းက ပုံမှန်အရောင်းအဝယ်ရှိပြီး ဟိုပုံးနနွင်းကို အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် ဝယ်လက်တွေကသာ ဝယ်ယူကြတာလို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အရည်အသွေးပေါ် မူတည်ပြီး နနွင်းဈေးတွေ ကွာခြားတယ်လို့ပွဲရုံတွေက သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်းကို အမှုန့်ကြိတ်ရန်သာ အဝယ်ရှိ

ရှမ်းနနွင်းကတော့ ဈေးကွက်မှာ အဝင်မရှိတော့ပါဘူး။ အသစ်တွေကလည်း နှစ်ကုန်ခါနီးမှာမှ အဝင်ရှိလာတော့မှာ ဖြစ်ပါတယ်။ ဒီနှစ်ထွက်တဲ့ နနွင်းတွေကိုတော့ ပြည်တွင်းသုံးမယ့် ဝယ်လက်တွေက ပြုတ်ခြောက်လုပ်ပြီးသား နနွင်းခြောက်တွေကို ပုံမှန်အတိုင်း ဝယ်ယူကြမှာဖြစ်ပြီး ပြည်ပတင်ပို့ဖို့ အတွက်တော့ ကုမ္ပဏီတွေက အစိုအတိုင်း ဝယ်ပြီး ဒါးလှီး(ဆလိုက်ထိုး)၊ အခြောက် လှန်း၊ အခြောက်ခံစက်ထဲ ထည့်ပြီး ခြောက်မှသာ ပြည်ပသို့ တင်ပို့ကြတယ်လို့ သိရပါတယ်။

အခြောက် မပြုလုပ်ခင်မှာလည်း အရည်အသွေးကောင်းတဲ့ နနွင်း(ထိပ်စ) တွေကို ဝယ်ယူတယ်လို့ သိရပါတယ်။ ပြည်ပဝယ်လက်တွေကလည်း နနွင်းတက် အခြောက်ကိုဝယ်ယူပြီး အဆီထုတ်လုပ်ကာ ကျန်းမာရေးဆေးဝါးတွေမှာ ထည့်သွင်း အသုံးပြုတယ်လို့ သိရပါတယ်။ ဒါပေမယ့်လည်း ဈေးကွက်အသစ်ပေါ်ချိန်ကျမှသာ ဝယ်ယူကြမှာဖြစ်ပြီး အခုလောလောဆယ်မှာတော့ ပြည်တွင်းဈေးကွက်သာ ရှိနေပါတယ်။ ပြည်တွင်း ဈေးကွက်ကတော့ အမှုန့်ကြိတ်ဖို့ အတွက်သာ အဝယ်ရှိနေသလိုညှံ့စတွေကိုလည်း ခြင်ဆေးခွေအတွက် ဝယ်ယူမှုရှိနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ နနွင်း တစ်ပိဿာကို ကျပ် ၁၅၀၀ မှ ၂၀၀၀ ဈေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

# မြန်မာ–ဘင်္ဂလားဒေ့ရှ် JTC တွင် ဆန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ

## [illegible]

ဇာနည်တင်

(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်း အဝေးကို နိုဝင်ဘာ ၉ရက် နှင့် ၁၀ ရက်တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Senior Secretary H.E Mr.Hedayedtullah AlMamoon အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရေကြောင်းဆိုင်ရာဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် တံတားဦးစီးဌာန၊ နိုင်ငံတော်အခွန်ကောက်ခံရေးအဖွဲ့၊ ပို့ကုန်မြှင့်တင်ရေးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။




မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲ ကော်မရှင်အစည်းအဝေးများကို တစ်နှစ်တစ်ကြိမ် ပုံမှန်ဆောင်ရွက်ရန်ဖြစ်သော်လည်း၊ တစ်နှစ်တစ်ကြိမ်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေး အလားအလာကောင်းများရှိသော်လည်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ မျှော်မှန်းထားသည်ထက် နည်းပါးနေသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် နှစ်နိုင်ငံအကြားကုန်သွယ်မှု တိုးတက်ရေးကို အလေးအနက်ထားရန် လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်၊ ပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ နနွင်းတက်နှင့် ချင်းတို့ကို နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်ရေးအတွက် ပင်လယ်ရေကြောင်း နည်းလမ်းဖြင့် တင်ပို့လိုကြောင်း အဆိုပါကုန်သွယ်ရေး ပူးတွဲ ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ တိုးမြှင့်နိုင်ရေးအတွက် နှစ်ဖက်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အားပေးကူညီထောက်ပံ့မှုများကို ဆောင်ရွက်ကြရန်၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြှင့်စေရေး နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆိုရန်၊ နယ်စပ်ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရန်၊ နှစ်နိုင်ငံဘဏ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းအဖွဲ့များ အပြန်အလှန်သွားလာရန်၊ ကုန်စည်ပြပွဲများတွင် အပြန်အလှန် ပါဝင်ပြသရန်၊ ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချ အဆင်ပြေ လွယ်ကူချောမွေ့စေရန်စသည့်ကိစ္စများအား အဆိုပါအစည်းအဝေးတွင် အဓိကထား၍ ဆွေးနွေးခဲ့ကြပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ တင်ပို့နေသည့် ပို့ကုန်ပစ္စည်းများအပေါ်တွင် အခွန်ကောက်ခံမှု မြင့်မားနေသဖြင့် အခွန်လျှော့ချပေးရေးကိစ္စကို မြန်မာကိုယ်စားလှယ်အဖွဲ့က တောင်းဆိုခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်စားလှယ် အဖွဲ့က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ သက်သာခွင့်များ အပြန်အလှန်ပေးသည့်သဘော တူညီချက် (Preferential Trade Agreement) ကို ချုပ်ဆိုရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်တို့ တက်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံ Gao တွင် မကြာသေးမီက ကျင်းပခဲ့သည့် BRICS-BIMSTEC ထိပ်သီးအစည်းအဝေး၏ရလဒ်ကို နှစ်နိုင်ငံစလုံးက အားရကျေနပ်မှုရှိကြောင်း မှတ်တမ်းတင်ခဲ့ပြီး အနာဂတ်တွင် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတည်ဆောက်မှုနှင့် ကုန်သွယ်မှုကဏ္ဍတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာစေရေးကို အဆိုပါအစည်းအဝေးတွင် ဆွေးနွေးပြောကြားခဲ့ကြသည်။

> **ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်က ဆန်တင်သွင်းသော နိုင်ငံစာရင်းတွင် ပါဝင်ခဲ့သော်လည်း ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေသန်း ၁၆၀ အား ဆန်ဖူလုံရေးအတွက် Bangladesh Rice Foundation (BRF) အား တည်ထောင်ပြီး . . . . . .**

မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေး၏(၉)ကြိမ် မြောက်အစည်းအဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၊ နေပြည်တော်တွင်(သို့မဟုတ်) နှစ်ဖက်အဆင်ပြေသည့်နေရာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပို့ကုန်ဝင်ငွေအများဆုံးရှာဖွေပေးနေသည့် (Export Processing Zone-EPZ) ရှစ်ခုရှိပါသည်။ ၎င်းဇုန်များအနက် Chittagong EPZ သည် အကြီးဆုံးဖြစ်ပြီး၊ Dhaka EPZ သည် ဒုတိယအကြီးဆုံး ဖြစ်ပါသည်။ ယင်း EPZ များတွင် နိုင်ငံပေါင်း ၃၇ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး၊ တရုတ်နိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း သိရသည်။

Dhaka EPZ သည် ၂၀၁၅-၂၀၁၆ ကာလတွင် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ ခြောက်ဘီလီယံအထိ ရှိခဲ့သည်။ Dhaka EPZ တွင် စုစုပေါင်းလုပ်သားအင်အားမှာ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ၉၀၅၈၈ ဦးရှိပြီး၊ EPZ ရှစ်ခုစလုံးတွင် လုပ်သားအင်အား ၄၆၀၃၁၃ ဦးရှိပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ EPZ အကြီးဆုံးဖြစ်သော Chittagong EPZ သည် ရင်းနှီးမြှုပ်နှံမှုနှင့်ပို့ကုန်တင်ပို့မှုအများဆုံးဖြစ်ပြီး၊ ဒုတိယမှာ Dhaka EPZ ဖြစ်သည်။

၂၀၁၂-၂၀၁၃ ခုနှစ်တွင်း စစ်တမ်းကောက်ယူမှုများအရ လွတ်လပ်သော ကုန်သွယ်မှုဇုန် ၁၀ ခုအား ရွေးချယ်ရာတွင် ကမ္ဘာ့အဆင့်နေရာ၌ Chittagong EPZ မှာ နံပါတ် (၉)နေရာတွင်ရှိပြီး၊ ၂၀၁၀-၂၀၁၁ စစ်တမ်းကောက်ယူမှုများအရ ကုန်ကျစရိတ်ကျစ်လျစ်သက်သာသော ဇုန် ၁၀ ခုအား ရွေးချယ်ရာတွင် ကမ္ဘာ့အဆင့်နေရာ၌ Chittagong EPZ သည် နံပါတ်(၃) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးအလားအလာအကောင်းဆုံးနေရာ ၁၀နေရာအား ရွေးချယ်ရာတွင် Chittagong EPZ သည် နံပါတ် (၄)နေရာ၌ရပ်တည်ခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်က ဆန်တင်သွင်းသော နိုင်ငံစာရင်းတွင် ပါဝင် ခဲ့သော်လည်း ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေသန်း ၁၆၀ အား ဆန်ဖူလုံရေးအတွက် Bangladesh Rice Foundation (BRF) အား တည်ထောင်ပြီး၊ ၎င်းအဖွဲ့သည် Asia Rice Foundation နှင့်ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ Bangladesh Rice Foundation ၏အဓိကရည်ရွယ်ချက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှိလယ်သမားများအား အကျိုးအမြတ်ရရှိစေရေးအတွက် ဆန်ထုတ်လုပ်မှုစဉ်ဆက်မပြတ်ဖြစ်စေရေးနှင့် အရည်အသွေးရှိဆန်တင်ပို့မှု မြင့်မားလာစေရေးတို့ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင်စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကိုတွေ့ရသည်။ ၁၉၉၀ ခုနှစ်မှ စတင်၍ နိုင်ငံတကာ အကူအညီဖြင့် တစ်နှစ်လျှင် ဆင်းရဲနွမ်းပါးမှု တစ်ရာခိုင်နှုန်းစီ လျှော့ချခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်နေလူတန်းစား များဖြစ်သဖြင့် ကျေးလက်နေပြည်သူများအား အလုပ်အကိုင်များ ပိုမိုရရှိမည့် စိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၁၃ ခုနှစ် လေ့လာမှု စာတမ်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှုကို ၄၈ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၁၀ ခုနှစ်တွင် ၃၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း သိရှိရပါသည်။

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ်ရေလမ်းရော နယ်စပ်လမ်းပါ အဝင်ရှိ

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ၃၇၅၅၄၄ တန်ဖိုးရှိ ဒီဇယ် ၃၈ ဒသမ ၂၆၃ တန်နဲ့ ကန်ဒေါ်လာ၇၉၈၆၇၄၄ တန်ဖိုးရှိ ဓာတ်ဆီ ၁၅၄ ဒသမ ၃၈၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်၊ **(92)**နဲ့ **(95)**များ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ပင်လယ်ရေကြောင်းမှ အဝင်မရှိဘဲ ဒီတစ်ပတ်မှသာ ပြန်လည်တင်သွင်းခြင်းဖြစ်ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၆၆၅၂၅ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၁၄၀နဲ့ ကန်ဒေါ်လာ ၇၇၄၀၄ တန်ဖိုးရှိ ဓာတ်ဆီ ၁၃၆ တန်တင်သွင်းခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၈၀၀၅ တန်ဖိုးရှိဓာတ်ဆီ၃၃ ဒသမ ၅တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ၆၈၅၀၆၈ တန်ဖိုးရှိ ဒီဇယ်၁၄၂၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ထူးခြားမှုအနေနဲ့ ဒီတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ဒီဇယ်တန်ချိန် ၂၀၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အောက်တိန်း **(92)**နဲ့ **(95)**မှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၃၀ ကျပ်၊ အောက်တိန်း **(92)** ၆၃၀ ကျပ်၊ အောက်တိန်း **(95)** ၆၆၀ ကျပ်၊ အဆင့်မြင့် ဒီဇယ်၆၄၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၇ ရက်မှာ ဒီဇယ်ဝယ်ဈေး၁၂၇၀၀၀ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး နိုဝင်ဘာ ၁၀ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ကျပ် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာ ၇ ရက် ဓာတ်ဆီဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ၁၀၀၀ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလန်ဈေးများမှာ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ ဓာတ်ဆီ တစ်ဂါလန် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးကျလာတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီ ဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ၆၄၅ ကျပ်၊ ဒီဇယ် ၅၈၀ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၄၅ကျပ်၊ အောက်တိန်း **(92)** ၆၄၅ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ နိုဝင်ဘာ ၇ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဆက်တိုက်ဆိုသလို ဈေးကျလာခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ နိုဝင်ဘာ ၇ ရက်တွင် ဝယ်ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ နိုဝင်ဘာ ၉ ရက်မှစပြီး ဝယ်ဈေး ၁၃၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များတွင် တစ်ဂါလန် ဈေးမှာဒီဇယ် ၂၈၀၀ကျပ်၊ ဓာတ်ဆီ ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီဈေးငြိမ်ပြီး ဒီဇယ်နဲ့အောက်တိန်း ဈေးနည်းနည်းမြင့်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ကျပ် ၊ အောက်တိန်း တစ်ဂါလန် ၃၀၁၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာဓာတ်ဆီတစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလံ ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### ဗဟိုဘဏ်က ရောင်းချပေးနေသော်လည်း ပုဂ္ဂလိကဘဏ်များက ပြန်လည်ရောင်းချခြင်းမပြု၍ ငွေလဲနှုန်းများ မြင့်တက်နေရခြင်းဖြစ်သည်ဟု ဆို

ယခုတစ်ပတ်အတွင်း ပြည်တွင်း ငွေလဲနှုန်းများသည်ဆက်လက်မြင့်တက်နေဆဲပင်ဖြစ်ပြီး တစ်ဒေါ်လာလျှင် ကျပ် ၁၃၀၀ နီးပါးအထိ ရောက်ရှိလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ယင်းကဲ့သို့ မြင့်တက်နေရခြင်းမှာ ဗဟိုဘဏ်က ဒေါ်လာများအား ပုဂ္ဂလိကဘဏ်များသို့ ရောင်းချပေးနေသော်လည်း ပုဂ္ဂလိကဘဏ်များက ပြင်ပသို့ လိုသလောက်ရောင်းချပေးခြင်းမပြု၍ ယခုကဲ့သို့ ဈေးများမြင့်တက်နေရခြင်းဖြစ်သည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိကဘဏ်များအား တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ အထိ ထုတ်ရောင်းပေးနေသကဲ့သို့ ပြည်တွင်းမှ ပုဂ္ဂလိကငွေလဲစင်တာများကိုလည်း ၎င်းတို့ကဲ့သို့ရောင်းချပေးပါက ဈေးနှုန်းကို အသင့်အတင့်ထိန်းထားနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

ပုဂ္ဂလိကဘဏ်များအနေဖြင့်လည်း ပြင်ပသို့ လိုအပ်သလောက်ရောင်းချပေးနိုင်ခြင်းမရှိသည်မှာ ပြင်ပ၌ ဈေးမြင့်တက်ပါက ပုဂ္ဂလိကဘဏ်များတွင် လာရောက်ဝယ်မှုများပြားသဖြင့် ပြင်ပဈေးမြင့်တက်လာလျှင်အရောင်းကောင်တာကို ပိတ်လိုက်ရသည်များရှိကြောင်း ပုဂ္ဂလိကဘဏ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငွေလဲစင်တာများတွင် နိုဝင်ဘာ ၇ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၂၈၇ ကျပ်၊ ဝယ်ဈေး ၁၂၈၃ ကျပ်ရှိခဲ့ပြီး နိုဝင်ဘာ ၁၀ ရက် ဈေးဖွင့်ချိန်တွင် ရောင်းဈေး ၁၂၉၁ ကျပ်၊ ဝယ်ဈေး ၁၂၈၇ ကျပ်ရှိခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်တွင် ရောင်းဈေး ၁၂၉၈ကျပ်၊ ဝယ်ဈေး ၁၂၉၃ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### ကမ္ဘာ့ရွှေဈေး အတက်အကျကြမ်းလာမှုကြောင့် ပြည်တွင်းရွှေဈေးပါ အတက်အကျကြမ်းလာ

ယခုတစ်ပတ်တွင် အမေရိကန်နိုင်ငံမှာ ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေးအခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေး အတက်အကျကြမ်းလာခဲ့ရာ ပြည်တွင်းရွှေဈေးပါ အတက်အကျကြမ်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ အမေရိကန်နိုင်ငံတွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့်အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ရွှေကုန်သည်များက ရွှေကိုဝယ်ယူလာကြသည့်အတွက် ကမ္ဘာ့ရွှေဈေးသည်တစ်ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၇ ဒေါ်လာခန့် မြင့်တက်သွားခဲ့သည်။ ဒေါ်နယ်ထရမ့်သမ္မတအဖြစ် ရွေးချယ်ခံရပြီးနောက်တစ်နေ့တွင် ကမ္ဘာ့ရွှေဈေးသည် အမေရိကန်ဒေါ်လာ ၂၈ ဒေါ်လာခန့် ကျဆင်းသွားခဲ့သည်။ ကမ္ဘာ့ရွှေဈေး အတက်အကျကြမ်းမှုကြောင့် ပြည်တွင်းရွှေဈေးပါ အတက်အကျကြမ်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ သိရသည်။

“ကမ္ဘာ့ရွှေဈေး အတက်အကျကြမ်းနေတော့ နိုဝင်ဘာ ၁၀ ရက်နဲ့ ၁၁ရက်တုန်းကဆို အရောင်းအဝယ်တော်တော်ဖြစ်တယ်။ ဈေးအကျနဲ့ဝယ်ထားတဲ့ ဒိုးသမားတွေ ဈေးပြန်အတက်မှာ ရောင်းလိုက်ကြတော့ တော်တော်လေးအမြတ် အစွန်းရကြတယ်”ဟုရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးသည် နိုဝင်ဘာ ၇ ရက်က အခေါက်ရွှေတစ်ကျပ်သား လျှင်ကျပ် ၈၈၁၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်တွင် ကျပ် ၈၈၃၀၀၀သို့ မြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်တွင် ကျပ် ၈၈၀၀၀၀ သို့ပြန်လည်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၇ ရက်က တစ်အောင်စလျှင် ၁၂၉၄ ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ ၉ ရက်တွင်၁၂၇၀ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်တွင် ၁၂၈၆ ဒေါ်လာသို့ မြင့်တက်ခဲ့ကာ နိုဝင်ဘာ ၁၁ ရက်တွင် ၁၂၅၈ ဒေါ်လာသို့ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

### YSX တွင် ရောင်းဝယ်နေသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများ ကျဆင်းလာ

ပြီးခဲ့သည့်ရက်သတ္တပတ်က ဈေးမြင့်တက်ခဲ့ပြီး အရောင်းအဝယ်ပါကောင်းခဲ့သည့် MTSH ၏အစုရှယ်ယာဈေးနှုန်းများမှာ ယခုတစ်ပတ်တွင် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့သည်။ အလားတူ ကျန်အစုရှယ်ယာစာရင်းဝင် ကုမ္ပဏီများ၏ အစုရှယ်ယာများလည်း ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ ထို့ပြင် အရောင်းအဝယ်မှာလည်း အနည်းငယ်သာရှိခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MTSH သည် ၎င်း၏ရှယ်ယာများအား Dividen ပြုလုပ်ပြီးနောက် ရှယ်ယာများကို ပြန်လည်ရောင်းချရာတွင် ဝယ်ယူသူများပြားခဲ့ပြီး ရောင်းချရမှုပမာဏမှာလည်း များပြားခဲ့သည်။

သို့သော် ယခုတစ်ပတ်တွင်မူ ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် ကျပ် ၄၇၀၀ဖြင့်သာ ရောင်းချခဲ့သည်။ သို့သော်နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရှယ်ယာဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ပြီး တစ်စုလျှင် ကျပ် ၄၉၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

ကျန်အစုရှယ်ယာနှစ်ခုဖြစ်သည့် FMI နှင့် MCB တို့၏ အစုရှယ်ယာဈေးနှုန်းများသည်လည်း အတက်အကျများဖြင့် အရောင်းအဝယ်များဖြစ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

November 11, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.49 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.81 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.02 |
| I DR | Indonesia Rupiahs | 13328.09 |
| JPY | Japan Yen | 106.51 |
| MYR | Malaysia | 4.40 |
| PKR | Pakistan Rupees | 104.70 |
| PHP | Philippines Pesos | 48.97 |
| RUB | Russia Rubles | 65.18 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1164.95 |
| LKR | Sri Lanka Rupe | 147.80 |
| THB | Thailand Baht | 35.27 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 22326.41 |

*Source:xe.com*

## World Gold Price

November, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 7 | 1286 | 1288 | 1290 |
| 8 | 1280 | 1281 | 1282 |
| 9 | 1297 | 1298 | 1303 |
| 10 | 1284 | 1286 | 1286 |
| 11 | 1255 | 1258 | 1258 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 7-11-2016 | 879.00 | 879.50 |
| 8-11-2016 | 879.50 | 879.50 |
| 9-11-2016 | 891.00 | 892.00 |
| 10-11-2016 | 884.50 | 883.00 |
| 11-11-2016 | 876.00 | 874.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 7 | 6 .78 | 35.04 | 78.23 | 66.72 |
| 8 | 6. 78 | 34.95 | 78.71 | 66.70 |
| 9 | 6 77 | 34.90 | 78.91 | 66.47 |
| 10 | 6 .79 | 35.07 | 79.07 | 66.42 |
| 11 | 6.81 | 35.27 | 78.49 | 67.02 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 7 - November | 18.17 | 2434.21 | 1735.33 | 4884.99 | 991.00 |
| 8 - November | 18.23 | 2499.39 | 1757.95 | 4929.57 | 1002.00 |
| 9 - November | 18.64 | 2459.30 | 1724.13 | 4927.10 | 1005.00 |
| 10- November | 18.67 | 2485.73 | 1748.77 | 4967.20 | 996.00 |
| 11- November | 18.70 | 2579.14 | 1794.91 | 5881.57 | 972.00 |

Source:kitco.com

## Energy NYMEX 11-11-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.48 | -0.18 | -0.40 |
| Brent Crude Futr (USD/bbl) | 45.70 | -0.14 | -0.31 |
| Gasoline Rbob Fut (Cent/gal) | 134.25 | 0.48 | 0.36 |
| Natural Gas Futr (USD/MMBtu) | 2.65 | 0.02 | 0.61 |
| Heating Oil Futr (Cent/gal) | 143.18 | -0.48 | -0.33 |

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် ဘိလပ်မြေ တန်ချိန်၁၂၀၀၀ကျော်အဝင်လျော့

အောက်တိုဘာ၃၀ရက်မှ နိုဝင်ဘာ ၅ ရက် အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၆၇၇၂၅ တန်ဖိုးရှိ ဘိလပ်မြေ ၂၆၃၆ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ဆင်နဲ့ အက်စ်စီဂျီတံဆိပ်များ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန်၁၅၀၆၄နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၂၀၀၀ကျော် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် စက်တင်ဘာလမှာ ဘိလပ်မြေ စုစုပေါင်း ၅၂၆၄၉ တန်ကျော် တင်သွင်းခဲ့ပြီး အောက်တိုဘာလမှာ စုစုပေါင်း ၄၇၃၃၆ တန်ကျော်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် အောက်တိုဘာလမှာ ၅၃၁၀ တန်ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### တောင်ကြီး ဘိလပ်မြေဈေးကွက်အရောင်းအေး

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၆၃၆ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ် ကဝင်ရောက်ခဲ့တဲ့ တန်ချိန် ၁၅၀၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၂၀၀၀ကျော်အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၂၁၆၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၄၅၇၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန်၅၉၄၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင် ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကြံ့(မြိုင်ကလေး) က ကျပ်၃၅၀၊ဆင်က ကျပ် ၅၀ ဈေးမြင့်လာပြီး စိန်ကဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ်၅၃၅၀၊ကြံ့(မြိုင်ကလေး) ကျပ်၄၆၅၀၊ စိန်(ထိုင်း) ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** မိုးများနေတာကြောင့် အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၄၀၀၊ အေသုံးလုံးကျပ် ၅၂၀၀ ၊ အပါချီ ကျပ် ၄၄၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၆၀၀၊ ဆင်(ထိုင်း)ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေကအရောင်းအဝယ် ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။စိန် (ထိုင်း)က ပစ္စည်းပြတ်နေပြီး ဆင်ကဈေးနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၉၀၀၊ စိန်(ထိုင်း) ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၄၈၀၀ ၊ ကြံ့နှစ်ကောင် (စိမ်း) ကျပ် ၄၅၀၀၊ မော်လမြိုင် (ဆင်) ကျပ်၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး အရောက်ဈေးအနေနဲ့ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း)ကျပ်၅၃၀၀၊ ကြံ့နှစ်ကောင် (စိမ်း)ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၄၇၀၀ ဈေးရှိတယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### တရုတ်၊ဗီယက်နမ်၊ ဂျပန်နဲ့ စင်ကာပူမှ မြေဆီများတင်သွင်း

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၀၈၃၄၀တန်ဖိုးရှိမြေဩဇာ ၃၂၃၇ ဒသမ ၉၀တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၁၂၉ ဒသမ ၉၀ တန်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၇၂၀၊ ဗီယက်နမ်နိုင်ငံမှ ၃၃၆ တန်နဲ့ ဂျပန်နိုင်ငံမှ ၅၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဒုတိယအများဆုံးနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်မြေဩဇာတင်သွင်းမှုမှာတန်ချိန်၁၈၃၇၀ ကျော် နဲ့နှိုင်းယှဉ်ရင် ၁၅၁၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် စက်တင်ဘာလအတွင်း မြေဩဇာတင်သွင်းမှုမှာ ၄၅၄၇၆ တန်ကျော်ရှိခဲ့ပြီး အောက်တိုဘာလအတွင်း မြေဩဇာတင်သွင်းမှုမှာ ၇၄၉၆၈ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် အောက်တိုဘာလမှာ ၂၉၄၉၀တန် ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မော်လမြိုင်နဲ့ ရန်ကုန်မြေဆီဈေးကွက်အရောင်းသွက်

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ ၃၂၃၇ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က ၁၈၃၇၄ တန်ကျော်ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၅၁၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာ အဝင်မှာ၁၇၂၁၀ တန်ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် ၁၁၂၆၆ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၉၄၅ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် တီစူပါ၄၆%(သံကွင်း)က ၅၀၀ ကျပ်ဈေးကျလာပြီးကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးဖို့ ဝယ်ယူနေတာကြောင့် အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)ကျပ် ၂၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးပြီး ယခင်ဈေးအတိုင်း အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်၁၂း၁၃(အပြာ)ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ်၁၅၃၀၀၊အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ်၁၅၅၀၀ ၊ အာမို၁၅ ပတ်လည် ကျပ်၃၅၅၀၀၊ အာမို၁၆း၁၆း၈ ကျပ် ၃၃၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၀၀၀၀၊ အာမို၁၀း၁၀း၅ ကျပ် ၁၆၀၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ်၁၉၀၀၀၊ တောင်သူမ ကျပ် ၁၅၃၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ်၁၉၀၀၀၊ ဇာမဏီ ကျပ်၁၇၈၀၀ ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှစုံစမ်းသိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးဆက်တိုက်ရွာနေတာကြောင့် အရောင်း ဆက်ပြီးအေးနေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ မှာ ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်နေပြီး အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ကျပ်၁၉၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ်၁၉၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၀၃၀၀၊ တီစူပါ၂၀%(တရုတ်) ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၃၆၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀၊ မြားကမ္ဘာ ကျပ် ၁၄၆၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားက ကျပ် ၉၀၀ ဈေးမြင့်ခဲ့ပြီး တီစူပါက ကျပ် ၉၀၀၊ ပိုတက်က ကျပ် ၇၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၁၉၂၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၁၉၂၀၀၊ တီစူပါ(သံကွင်း-တရုတ်) ကျပ် ၁၈၃၀၀၊ ပိုတက်(အိန္ဒိယ)ကျပ် ၂၀၈၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅း ကျပ် ၃၇၅၀၀နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ /နှံ့မှုန့်

### နှံ့ဆီတန်ချိန် ၂၀၀နီးပါးနဲ့ နှံ့မှုန့်တန်ချိန် ၂၁၀ကျော်ဝင်

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက် အထိသီတင်းပတ်အတွင်း မလေးရှားနိုင်ငံမှ ကန်ဒေါ်လာ ၂၅၀၀၂၄ တန်ဖိုးရှိ နှံ့ဆီ ၁၉၈ ဒသမ ၄၃၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နှံ့ဆီတင်သွင်းမှု ၇၅၈တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၅၆၀ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နယူးဇီလန်မှ နှံ့မှုန့် ၁၁၇ ဒသမ ၀၂၄ တန်၊ မလေးရှားမှ ၉၇ ဒသမ ၆၄၄ တန်၊ စင်ကာပူမှ ၄ ဒသမ ၃၈၈ တန်၊ စုစုပေါင်း ၂၁၉ ဒသမ ၀၅၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ နှံ့မှုန့် တန်ချိန် ၄၄၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၂၂၀ကျော် အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၅၉၅ တန်ဖိုးရှိ နှံ့ဆီ/နှံ့စိမ်း ၁၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၀ မှ ၄/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၀ မှ ၂၈/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၈၆.၅၀ | ၅၇၁.၅၀ | (-) | ၂၈၅.၀၀ |
| ၂။ | လွယ်ဂျယ် | ၂၇၀.၀၀ | ၇၆၀.၀၀ | (-) | ၄၉၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၃၇၀.၀၀ | ၂၉၉၉.၀၀ | (+) | ၃၇၁.၀၀ |
| ၅။ | တာချီလိတ် | ၅၀၀.၀၀ | ၂၀၀.၀၀ | (+) | ၃၀၀.၀၀ |
| ၆။ | မြဝတီ | ၅၅၆.၄၀ | ၅၈၈.၆၀ | (-) | ၃၂.၂၀ |
| ၇။ | ကော့သောင်း | ၆၃၀၀.၀၀ | ၉၁၃၀.၀၀ | (-) | ၂၈၃၀.၀၀ |
| ၈။ | မြိတ် | ၈၈၅.၀၀ | ၃၂၅.၀၀ | (+) | ၅၆၀.၀၀ |
| | စုစုပေါင်း | ၁၂၁၆၇.၉၀ | ၁၄၅၇၄.၁၀ | (-) | ၂၄၀၆.၂၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၀ မှ ၄/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၀ မှ ၂၈/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၄၄၉.၇၅၀ | ၈၅၅၂.၅၀၀ | (+) | ၂၈၉၇.၂၅ |
| ၂။ | လွယ်ဂျယ် | ၁၄၂.၉၀၀ | ၂၀၀.၉၅၀ | (-) | ၅၈.၀၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၇၉.၈၅၀ | ၁၉၀.၀၀၀ | (+) | ၈၉.၈၅၀ |
| ၄။ | ကန်ပိုက်တီး | - | ၃၀၀.၀၀၀ | (-) | ၃၀၀.၀၀၀ |
| ၅။ | မြဝတီ | ၁၃၈၈.၉၆၀ | ၁၀၆၀.၃၀၀ | (+) | ၃၂၈.၆၆၀ |
| ၆။ | ကော့သောင်း | ၃၀၀၀.၀၀၀ | ၁၁၂.၂၅၇ | (+) | ၂၈၈၇.၇၄၃ |
| ၇။ | မြိတ် | - | ၅၀.၀၀၀ | (-) | ၅၀.၀၀ |
| ၈။ | ရိဒ် | ၉၅၀.၀၀၀ | ၈၀၀.၀၀၀ | (+) | ၁၅၀.၀၀ |
| | စုစုပေါင်း | ၁၇၂၁၁.၄၆၀ | ၁၁၂၆၆.၀၀၇ | (+) | ၅၉၄၅.၄၅၃ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

### ပြည်ဈေးကွက်မှာ စမုံနက်နှမ်း အဝယ်လိုက်သော်လည်း ဈေးပြန်ကျ

ပြည်ဈေးကွက်တွင် နှမ်းနီနဲ့စမုံနက်နှမ်းဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မြန်အောင်နဲ့ပေါင်းတည်ဘက်မှ တစ်နေ့လျှင် နှမ်းအိတ် ၃၀၀မှ ၄၀၀ ခန့်ဝင်ရောက်လာသော်လည်း နှမ်းနီနဲ့ရိုးရိုးနှမ်းနက်မှာ ဝယ်လက်အဝယ်ပျောက်နေတာတွေ့ရပါတယ်။ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်လိုက်နေသော်လည်း ဈေးမတက်ဘဲ ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ်ဈေးကွက်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၂၇၃၀၀ ဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်လျှင် တစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးကျလာပြီး ရိုးရိုးနှမ်းနက်မှာ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပါတယ်။ စမုံနက်နှမ်းမှာ တစ်တင်းလျှင် ကျပ် ၄၆၆၀၀ ဖြင့် ယခင်တစ်ပတ် ထက်စာလျှင် ကျပ် ၂၇၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၄၂၀၀ နဲ့ ပြည်ဈေးကွက်မှာ ရောင်းချနေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

### ချင်းရွှေဟော်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆၈ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၈၇၆ တန်ကျော် တင်ပို့ခဲ့ရာ နှမ်းနက် ၂၄၅၉ တန်ကျော်၊ နှမ်းဖြူ ၃၂၇ တန်ကျော်နဲ့ နှမ်းညို တန် ၉၀ နီးပါး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ ၃၂၁၁ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ချင်းရွှေဟော်မှ ယခုတစ်ပတ် နှမ်းတန်သုံးရာကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှာတော့ ယခုတစ်ပတ်နှမ်းတင်ပို့မှု မရှိခဲ့ပါဘူး။

ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၃၀၄၂၆၅ ကျပ်မှ ၁၂၈၅၉၈၁ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန် ၂၄၄၁၇၀၆ ကျပ်မှ ၂၄၀၇၄၇၇ ကျပ်သို့လည်းကောင်း ဈေးကျဆင်းခဲ့ပါတယ်။ နှမ်းဈေးကျဆင်းရခြင်းမှာ တရုတ်နဲ့ပြည်ပနိုင်ငံတွေမှာ ဝယ်ယူမှု နည်းပါးတဲ့အပြင် ပြည်တွင်းစားသုံးဆီဈေးကွက်မှာလည်း ပြည်ပမှ ဝင်လာတဲ့ဆီများကို တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဝန်းကျင်ခန့်နဲ့ ရောင်းချနေခြင်းကြောင့် ဖြစ်တယ်လို့ ကျောက်ပန်းတောင်းမှ နှမ်းစိုက်တောင်သူ တစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### အမေရိကန်ပြည်ထောင်စုလယ်ယာစိုက်ပျိုးရေးဌာနက ပဲပုပ်အထွက်နှုန်း တိုးမြှင့်ခန့်မှန်းချက်ကြောင့် စားအုန်းဆီဈေး ကျဆင်းသော်လည်း ပြန်လည်နာလန်ထူလာနိုင်



အမေရိကန်ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဌာနက ၂၀၁၆-၁၇ ခုနှစ် ပဲပုပ်အထွက်နှုန်းကို တိုးမြှင့်ခန့်မှန်းခဲ့ပြီးနောက် နိုဝင်ဘာ ၁၀ ရက်မှာ မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးများ ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။

သို့သော်လည်း စားအုန်းဆီ သိုလှောင်လက်ကျန်မှာ မူလခန့်မှန်းထားသည့်အောက် ပိုမိုကျဆင်းခဲ့သည့်အတွက် နောက်ပိုင်းမှာ ပြန်လည်ဈေးနှုန်း မြင့်တက်လာနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းထားသည်။

စားအုန်းဆီ၏ ပြိုင်ဖက်သီးနှံတစ်ခုဖြစ်သော ပဲပုပ်၏ အထွက်နှုန်း ပိုမိုမြင့်တက်လာသည့်အတွက် ရောင်းလိုအားမြင့်မားပြီး ဈေးနှုန်းများ ကျဆင်းစေနိုင်သည်။ သို့ဖြစ်ရာ စားသုံးဆီ သုံးစွဲသူများကို ပဲပုပ်ဆီက ပိုမိုဆွဲဆောင်မှု ရှိနိုင်သည်။

နေ့လယ် ဈေးကွဲချိန်တွင် ဇန်နဝါရီအတွက် စားအုန်းဆီ ကြိုရောင်းဈေးအတွက် အခြေခံ စံထားဈေးနှုန်းကမှာ တစ်ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၈၁၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၆၃)နှုန်းရှိခဲ့သည်။ ကုန်သွယ်မှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၁၀၉၈၆ တွဲနှုန်း ရှိခဲ့သည်။

"အမေရိကန် ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ထုတ်ပြန်တဲ့သတင်းကြောင့် စားအုန်းဆီဈေးကွက်မှာလည်း ဈေးနှုန်းတွေ ကျဆင်းခဲ့ပါတယ်"ဟု ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောသည်။

သို့သော်လည်း မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (Malaysiam Palm Oil Board) က ထုတ်ပြန်သော သိုလှောင်လက်ကျန် ကျဆင်းမှုကြောင့် စားအုန်းဆီဈေးနှုန်းကို ပြန်လည်မြင့်တက်စေမည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

အောက်တိုဘာလကုန်တွင် ရှိခဲ့သော စားအုန်းဆီလက်ကျန်မှာ စက်တင်ဘာနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ချိန် ၁ ဒသမ ၅၇ သန်းရှိခဲ့သည့်အတွက် ရိုက်တာသတင်းဌာန စစ်တမ်းအရ ခန့်မှန်းထားသော ၈ ဒသမ ၈ ရာခိုင်နှုန်းအောက်ကို ကျဆင်း ခဲ့သည်။

စားအုန်းဆီ ထုတ်လုပ်မှုမှာ ၂ ဒသမ ၂ရာခိုင်နှုန်း ကျဆင်းခဲ့သည့်နည်းတူ ပို့ကုန် ပမာဏမှာ ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းကာ တန် ၁ ဒသမ ၃၇ သန်း အထိ ရောက်ရှိခဲ့ကြောင်း MPOB မှ ထုတ်ပြန်သော စာရင်းအရ သိရသည်။

အမေရိကန် ပြည်ထောင်စု ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဒီဇင်ဘာအတွက် ကြိုရောင်းသော ပဲပုပ်ဆီဈေးက နှစ်ရာခိုင်နှုန်း မြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီအတွက် ပဲပုပ်ဆီ စာချုပ်ဈေးက သုညဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၁-၁၁-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၀၀ | ▽ |
| ရန်ကုန် | ၄၃၀၀ | ၃၉၀၀ | ▽ | ၃၃၀၀ | ၃၂၀၀ | ▽ | ၁၆၉၅ | ၁၈၀၀ | △ |
| မန္တလေး | ၃၂၀၀ | ၃၂၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၈၂၀ | △ |
| မကွေး | ၃၆၀၀ | ၃၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၃၀ | ▽ |
| မုံရွာ | ၃၂၀၀ | ၃၁၀၀ | ▽ | ၃၁၀၀ | ၃၁၀၀ | □ | ၁၈၃၀ | ၁၉၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၁-၁၁-၂၀၁၆ US$/Ton

| အမျိုးအစား | နိုဝင်ဘာပထမပတ် | နိုဝင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၈၄.၅၀ | ၆၈၆.၀၀ | △ |
| RBD P.Olein | ၆၉၁.၀၀ | ၆၅၅. | △ |
| RBD P.Strarin | ၆၉၅.၅၀ | | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၁- ၁၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၂၇.၂၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၀၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၁၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၈.၇၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၄.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၈၃.၆၁၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၁-၁၁-၂၀၁၆နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၇၅ ဒေါ်လာနှင့် USD ဈေး ၁၂၈၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၁-၁၁-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၈၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ခိုင်မာသည့် ပြောင်းဈေးကွက် ရရှိရေးသို့



|ရှင်မင်းအို (တန့်ဆည်)|

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် တောင်သူ လယ်သမား စိုက်ပျိုးထုတ်လုပ်သူများဖြစ်ပြီး ဆန်၊ ပဲမျိုးစုံ၊ ပြောင်း တို့ကို အဓိကစိုက်ပျိုးထုတ်လုပ်ရောင်းချသလို မြန်မာနိုင်ငံသည် ပို့ကုန်ကဏ္ဍအနေဖြင့်လည်း လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့နေသည့် နိုင်ငံဖြစ်သည်။ ပြည်ပသို့ တင်ပို့နေသည့် လယ်ယာထွက်ကုန် ပစ္စည်းများအနက် မြန်မာ့ပြောင်းသည် အဓိကအများဆုံး တင်ပို့သည့် လယ်ယာထွက်ကုန်ပစ္စည်း တစ်မျိုးပင်ဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပြောင်းကို နှစ်စဉ် ပိုမိုတိုးတက်တင်ပို့လျက်ရှိနေပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၈ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် လေးသိန်းကျော်ကို တင်ပို့ထားပြီး ဖြစ်သည်။




မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးရာ ဒေသများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ ဖြစ်ပါသည်။ ယခုနှစ်တွင် ကမ္ဘာ့ပြောင်း အများဆုံးတင်ပို့နိုင်ငံများသာမက တင်သွင်းနိုင်ငံများဖြစ်သည့် အမေရိကန်၊ တရုတ်၊ ဘရာဇီးနိုင်ငံတို့တွင် ပြည်တွင်းစားသုံးမှုထက် ထုတ်လုပ်မှုပိုလျှံလျက်ရှိခြင်းကြောင့် ပြောင်းပိုလျှံမှု ဖြစ်ပေါ်လျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ အဓိက ပြောင်းတင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံအနေဖြင့် ပြောင်းတင်သွင်းမှု လျော့ကျလျက် ရှိသည်ကို လေ့လာသိရှိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် အမေရိကန်မှ မျိုးရိုးဗီဇ ပြုပြင်ထားသည့် (Genetically Modified - GM) ပြောင်းများကို အများဆုံး တင်သွင်းလျက်ရှိရာတွင် ယခင်နှစ်ကာလအတွင်း တရုတ်နိုင်ငံ၏ Inspection and Quarantine Official က အဆိုပါ ပြောင်းများအား စစ်ဆေးရာတွင် အငြင်းပွားမှုများနှင့် ရင်ဆိုင်နေရသဖြင့် အမေရိကန်မှ ပြောင်းတင်သွင်းမှု လျော့နည်းခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် တခြားကုန်သွယ်ဖက်နိုင်ငံများမှ ပြောင်းဝယ်ယူမှုပိုမိုခဲ့ကာ ယခုနှစ်တွင်မူ အဆိုပါအငြင်းပွားမှုမှာ တည်ငြိမ်သွားသည့်အပြင် ပြည်တွင်းထုတ်လုပ်မှု ပိုလျှံမှုဖြစ်စဉ်ကြောင့် ယခုနှစ်ကာလအတွင်း ပြောင်းဝယ်ယူမှု လျော့ကျခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ပြောင်းဈေးမှာ ၂၀၁၄ ခုနှစ် ဧပြီလတွင် တစ်တန်လျှင် ပြောင်းဈေး အမေရိကန်ဒေါ်လာ ၂၂၀ ခန့် ရှိခဲ့ရာမှ တဖြည်းဖြည်း ကျဆင်းလာပြီး သုံးနှစ်အတွင်း (၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ) တရုတ်နိုင်ငံ၏ ပြောင်း FOB ဈေးနှုန်းမှာ အမေရိကန် ဒေါ်လာ ၁၃၃ - ၁၄၁၊ အိန္ဒိယနိုင်ငံ၏ FOB ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၆၉၊ အမေရိကန်နိုင်ငံ၏ FOB ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၄၈ - ၁၅၁ ရှိပြီး၊ ယခု နိုဝင်ဘာလတွင် တရုတ်နိုင်ငံ၏ ပြောင်းဈေးနှုန်းမှာ တစ်တန်လျှင် ၁၆၈၆ ယွမ် (၂၄၈ ဒေါ်လာ ပတ်ဝန်းကျင်) ရှိပါတယ်။ အိန္ဒိယနိုင်ငံ၏ FOB ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၈၀ မှ ၂၂၅ ရှိပြီး အမေရိကန်၏ FOB ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၅၃ ရှိသဖြင့် ကမ္ဘာ့ပြောင်းဈေးနှုန်းမှာလည်း အနည်းငယ် မြင့်တက်လာကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှ အောက်တိုဘာလအထိ) ပင်လယ်ရေကြောင်းမှ တန်ချိန် ၂၀၇၄ တန်၊ နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၄၀၈၂၈၈ တန် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းပြောင်းတင်ပို့မှု၏ ၇၅ ရာခိုင်နှုန်းသည် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှု၏ အဓိကလမ်းကြောင်းဖြစ်သည့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းတို့မှ တင်ပို့လျက်ရှိသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ရက်လျှင် ပျမ်းမျှပြောင်းကားစီးရေ ၁၁၈ စီး၊ တန်ချိန် ၃၃၁၀ ခန့်၊ ချင်းရွှေဟော်စခန်းမှ တစ်ရက်လျှင် ပျမ်းမျှ ပြောင်းကားစီးရေ ခုနစ်စီး၊ တန်ချိန် ၁၄၅ တန် တို့ကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ FOB ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၂၂၀ ဖြင့် တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ကမ္ဘာ့ပြောင်း အများဆုံးထုတ်လုပ်သည့် နိုင်ငံများအနက် အဆင့် (၇)တွင် ရပ်တည်နေသည့် အိန္ဒိယနိုင်ငံမှ ပြည်တွင်းပြောင်းလုပ်ငန်းရှင်များသည် ကမ္ဘာ့ပြောင်းဈေး ကျဆင်းနေခြင်းကြောင့် ပြည်တွင်းဝယ်လိုအားများရှိသော်လည်း ရောင်းချခြင်းမရှိဘဲ ပြည်တွင်း၌သာ သိုလှောင်ထားခြင်းများရှိနေကြောင်း သိရသည်။ ထို့ကြောင့် ပြောင်းစားသုံးမှု လိုအပ်ချက်များ ဖြစ်ပေါ်ပြီး ပြည်တွင်းပြောင်းဈေးမြင့်တက်မှု ပြဿနာများအား ဖြေရှင်းရန်အတွက် ယခုနှစ်တွင် အိန္ဒိယနိုင်ငံအနေဖြင့် ပြောင်းတန်ချိန် ငါးသိန်းကို ပြည်ပမှတင်သွင်းသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ထားရှိကြောင်း The Economic Times တွင် ၂၀၁၆ခုနှစ် ဇူလိုင်လက ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

➲ စာမျက်နှာ- ၂၆ သို့

# အရည်အသွေးကောင်းမှ ဈေးကောင်းရမည်

|ခိုင်(မူဆယ်)|

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ဖရဲသီးတွေကို အရည်အသွေးကောင်းရင် ကောင်းသလို ဈေးကောင်းပေးပြီး ဝယ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံကို ၁၉၈၅ ခုနှစ်ကစပြီး နယ်စပ်ဒေသများမှတစ်ဆင့် ဖရဲသီးများရောင်းချလာတာဟာ ဆယ်စုနှစ် သုံးစုကျော်ရှိလာခဲ့ပါပြီ။ အဲဒီဆယ်စုနှစ် သုံးစုကျော်ကာလအတွင်းမှာ မြန်မာနိုင်ငံတွင်းက ဖရဲသီးစိုက်တောင်သူတွေဟာ နဲ့သမားပါးလို ဖောင်းလိုက်ပိန်လိုက်ဖြစ်နေခဲ့ရပါတယ်။

တရုတ်နိုင်ငံဟာ ဖရဲသီးကိုရာသီ မရွေး ဝယ်ယူနေကြတာကြောင့် ဖရဲစိုက် တောင်သူတွေဟာ တစ်နှစ်ထက်တစ်နှစ် ဖရဲစိုက်ဧကကို တိုးချဲ့ပြီး စိုက်ပျိုးလာခဲ့ကြပါတယ်။

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံက ဖရဲသီးကို နိုင်ငံတွင်းစားသုံးမှုအတွက် သာမက သူ့နိုင်ငံမှတစ်ဆင့် ပြည်ပသို့ တင်ပို့ဖို့အတွက်ပါ ဝယ်ယူနေတာဖြစ်ပါ တယ်။

တရုတ်နိုင်ငံက ဖရဲကုန်သည်တွေဟာ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ဖရဲသီးတွေကို တရုတ်နိုင်ငံ အရှေ့ပိုင်း၊ တောင်ပိုင်း စတဲ့ဒေသတွေအပြင် ရုရှားနိုင်ငံအထိ အရောက်တင်ပို့နေတာဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ရာသီစာ



သီးနှံများအားလုံးကို ဝယ်ယူလျက်ရှိတဲ့အနက် ဖရဲသီးကို အများဆုံးဝယ်ယူနေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က တရုတ်နိုင်ငံသို့ ဖရဲသီးတန်ချိန် ၁၃၇၆၂ တန် တင်ပို့ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာအတွင်းက တန်ချိန် ၂၇၈၆၆တန် တင်ပို့ခဲ့တဲ့အတွက် တန်ချိန်နှစ်ဆကျော်အထိ တင်ပို့နိုင်ခဲ့ပါတယ်။

ဖရဲသီးကို မြန်မာနိုင်ငံ အနှံ့အပြားမှာ ရာသီမရွေး စိုက်ပျိုးလျက်ရှိပါတယ်။ အောက်တိုဘာလမှာထွက်ရှိလာတဲ့ ဖရဲသီးကတော့ ရှမ်းပြည်နယ်ရဲ့ဒေသတွေဖြစ်တဲ့ သီပေါ၊ သိန္နီ၊ နောင်အင်း၊ ကုန်းစာဒေသများမှ ထွက်ရှိတဲ့ရှမ်းသီးများဖြစ်ပြီး အများအပြား တင်ပို့ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်တဲ့ စစ်ကိုင်း၊ မုံရွာ၊ ချောင်းဦး၊ မြောင်စတဲ့ဒေသတို့မှထွက်ရှိတဲ့ဖရဲသီးကတော့ အနည်းငယ်သာ တင်ပို့မှု ရှိပါတယ်။

ယခုနှစ် နှစ်စမှစတင်ကာ အယ်လ်နီညိုရာသီဥတုနှင့် လာနီညာရာသီဥတုတို့ရဲ့ ဖောက်ပြန်မှုဒဏ်ကို တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတိုင်းလိုလို ခံစားခဲ့ကြရပါတယ်။

မြန်မာနိုင်ငံမှာလည်း အဲဒီရာသီဥတုဖောက်ပြန်မှုကြောင့် အောက်တိုဘာလကုန်ပိုင်းမှာ မိုးအဆက်မပြတ် ရွာသွန်းမှုတွေကို ဖရဲစိုက်တောင်သူတွေ ရင်ဆိုင်ခဲ့ကြရပါတယ်။

ဖရဲစိုက်တောင်သူတွေဟာ ဖရဲသီးဆွတ်ခူးဖို့ ၁၀ ရက်ခန့်အလိုမှာ မိုးရွာသွန်းတာနဲ့ရင်ဆိုင်ခဲ့ရတာကြောင့်ဖရဲသီး စိုက်ခင်းအများစုဟာ ရေဝင်တာနဲ့ ကြုံခဲ့ရပါတယ်။ ရေဝင်ထားတဲ့ဖရဲသီးဟာ အထားမခံတဲ့အပြင် အရသာလည်း မရှိတော့ပါဘူး။

ဒါ့အပြင် မိုးမရွာရေမဝင်တဲ့ စိုက်ခင်းတွေကလည်း မိုးရွာရေဝင်မှာစိုးရိမ်ပြီး ဆွတ်ခူးချိန်မတန်သေးဘဲ ဆွတ်ခူးခဲ့တာကြောင့် ဖရဲသီးရဲ့ အရည်အသွေးတွေဟာဝယ်သူစိတ်ကြိုက်မဖြစ်ခဲ့တာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ မိုးအဆက်မပြတ် ရွာသွန်းနေလို့ ဖရဲစိုက်ခင်းပိုင်ရှင်တွေ မျက်စိမျက်နှာပျက်နေချိန်မှာ တရုတ်နိုင်ငံရဲ့ ရာသီဥတုကလည်း အလွန်အေးတဲ့အချိန်ကို ရောက်ရှိနေတာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ရာသီဥတုအေးတဲ့အချိန်မှာဖရဲသီးစားသုံးမှုနှုန်း ကျဆင်းသွားပြီး ဟိုတယ်များနဲ့စားသောက်ဆိုင်များမှာ စားသုံးဖို့အတွက် လောက်သာ ဝယ်ယူခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း တရုတ်နိုင်ငံက ဖရဲသီးကုန်သည်တွေဟာ ရာသီဥတု မည်မျှပင်အေးစေကာမူ၊ ပြည်သူများရဲ့ စားသုံးမှု လျော့ကျသွားစေကာမူ၊ အရည်အသွေးကောင်း၊ စားကောင်းမယ့် ဖရဲသီးကိုတော့ အလုအယက်ဝယ်စမြဲပဲဖြစ်ပါတယ်။

➲ စာမျက်နှာ-၃၀ သို့

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကုန်စည်နှင့်ဝန်ဆောင်မှုခွန် (GST) ဥပဒေနှင့် ကိုက်ညီစေရန် အထူးစီးပွားရေးဇုန်ဥပဒေကို အိန္ဒိယအစိုးရက ပြင်ဆင်ဖွယ်ရှိ

အိန္ဒိယအစိုးရသည် ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အထူးစီးပွားရေးဇုန်ဥပဒေ (Special Economic Zone (SEZ) Act) အား အသစ်ပြဋ္ဌာန်းလိုက်သည့် ကုန်စည် နှင့် ဝန်ဆောင်မှုခွန် (GST)ဥပဒေနှင့် ကိုက်ညီစေရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ဗဟိုအစိုးရက ကောက်ခံသည့် Excise tax နှင့် ဝန်ဆောင်မှုခွန် သက်သာခွင့်များကို SEZ အကောင်အထည် ဖော်သည့် လုပ်ငန်းရှင်များနှင့် စွန့်ဦး တီထွင်လုပ်ငန်းရှင်များက အကျိုးခံစား ခွင့် ဆက်လက် ရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ ဖြစ်၍ အထူးစီးပွားရေးဇုန်ဥပဒေ အား လိုအပ်သည့် ပြင်ဆင်ပြောင်းလဲမှု များ ပြုလုပ်နိုင်ရေးအတွက် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဥပဒေတွင် SEZ များရှိ လုပ်ငန်း ဆောင် ရွက်နေသည့် ကုမ္ပဏီများသည် ဝန်ဆောင်မှုခွန် ကင်းလွတ်ခွင့်ရရှိနေ ပြီး၊ SEZ အကောင်အထည်ဖော်သည့် ကုမ္ပဏီသည် အကောက်ခွန်(သို့မဟုတ်) Excise duties ကင်းလွတ်ခွင့်များကို ရရှိ နေကြကြောင်း၊ အဆိုပါသတ်မှတ်ချက် များအား အသစ်ပြဋ္ဌာန်းလိုက်သည့် သွယ်ဝိုက်ခွန်ဥပဒေဖြစ်သည့် GST ဥပဒေနှင့် ကိုက်ညီစေရန် ပြင်ဆင်ရ မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အိန္ဒိယစီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများအနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူ များနှင့်တွေ့ဆုံကာ အထူးစီးပွားရေး ဇုန်များနှင့်စပ်လျဉ်းသည့် ကင်းလွတ် ခွင့်၊ သက်သာခွင့်၊ အခွန်ပြန် လည်ထုတ် ယူခွင့်ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိ ကြောင်း၊ ထိုမှသာမက အထူးစီးပွားရေး ဇုန်များတွင် ရင်းနှီးမြှုပ်နှံသူများ စိတ် ဝင်စားမှု ပြန်လည်မြင့်တက်လာစေရေး အကောင်အထည် ဖော်ဆောင်ရွက်မှု များကိုလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် အထူးစီးပွား ရေးဇုန်များသည် ပို့ကုန်တင်ပို့မှုလုပ်ငန်း များ၏ အချက်အချာနေရာများဖြစ်ပြီး၊ နိုင်ငံ၏ပြည်ပပို့ကုန်တင်ပို့မှု ပမာဏ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းပါဝင်နေ ကြောင်း၊ အထူးစီးပွားရေးဇုန်များမှ ပြည်ပပို့ကုန်တင်ပို့မှုပမာဏမှာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ရူပီးကုဋေ ၄ ဒသမ ၆၃ သိန်းခန့်ရှိခဲ့ပြီး၊ ၂၀၁၅-၁၆ ဘဏ္ဍာ နှစ်တွင် ရူပီးကုဋေ ၄ ဒသမ ၆၇ သိန်း ခန့် ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ နှစ်စဉ် သုည ဒသမ ၇၇ ရာခိုင်နှုန်းဖြင့် တိုးတက်လျက် ရှိကြောင်း သိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## တရုတ်ယွမ်ငွေကြေးတန်ဖိုးကျဆင်းလာသဖြင့် ရွှေဝယ်ယူတင်သွင်းမှုမြင့်တက်လာ

ကမ္ဘာတွင် အဖိုးတန်တွင်းထွက်များ အများဆုံး ဝယ်ယူစုဆောင်းသည့် တရုတ်နိုင်ငံ၌ ယွမ်ငွေတန်ဖိုးကျဆင်းမှုကြောင့် ဟောင်ကောင်မှ ရွှေတင်သွင်းမှုမှာ စက်တင်ဘာအတွင်း ပထမဆုံးကြိမ်အဖြစ် မြင့်တက်ခဲ့သည်။ ယွမ်ငွေတန်ဖိုး နောက်ထပ်ကျဆင်းမည့် အလားအလာများကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့ပိုင်ဆိုင်သည့် အခြေပစ္စည်းများအား အသွင်မျိုးစုံဖြင့် ထားရှိရန် ဆန္ဒရှိလာသည့်အတွက် ရွှေဝယ်ယူမှု ပိုမိုမြင့်တက်လာရခြင်းဖြစ်သည်။

ဟောင်ကောင်စာရင်းအင်းနှင့် သန်းကောင်စာရင်းဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ ဟောင်ကောင်၏ ရွှေအသားတင်ဝယ်ယူမှုမှာ ဩဂုတ်တွင် တန်ချိန် ၄၁ ဒသမ ၉ တန်ရှိခဲ့ရာမှ စက်တင်ဘာတွင် ၄၄ ဒသမ ၆ တန် အထိ မြင့်တက်ခဲ့သည်။ ရွှေကို တရုတ်ပြည်မကြီးမှ ဩဂုတ်လ အတွင်း ၅၅ ဒသမ ၂ တန်နှင့် စက်တင်ဘာလတွင် ၆၄ ဒသမ ၈ တန်ထိ ဝယ်ယူခဲ့ပြီး၊ ရွှေတင်ပို့မှုမှာ ၁၃ ဒသမ ၂ တန်မှ ၁၉ ဒသမ ၉ တန်ထိ မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ယွမ်ငွေတန်ဖိုးကျဆင်းမှု နှင့် အိမ်ခြံ မြေရင်းနှီးမြှုပ်နှံမှုများအပေါ် တင်းကျပ်မှုများကြောင့် ပြည်တွင်း ရင်းနှီး မြှုပ်နှံသူများမှ ပိုင်ဆိုင်မှုအဖြစ် စုဆောင်းရန်အတွက် ရွှေဝယ်ယူမှု မြင့်တက်ခဲ့ရခြင်းဖြစ်သည်။

ဆွစ်ဇာလန်မှ တရုတ်နိုင်ငံသို့ ရွှေတင်ပို့မှုမှာ ဩဂုတ်တွင် ၁၉ ဒသမ ၉ တန်မှ စက်တင်ဘာတွင် ၃၅ ဒသမ ၅ တန်ထိ မြင့်တက်ခဲ့ပြီး၊ တရုတ်မှ ဟောင်ကောင်သို့တင်ပို့မှုမှာ ၂၄ တန်မှ ၁၁ ဒသမ ၅ တန်သို့ ကျဆင်းခဲ့ ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## အများပြည်သူသို့ ရှယ်ယာများရောင်းချရာတွင် ကမ္ဘာ့ အကြီးဆုံးဈေးကွက်အဖြစ် ဟောင်ကောင်ဆက်လက်ရပ်တည်

၂၀၁၆ ခုနှစ်၊ ပထမကိုးလအတွင်း အများပြည်သူသို့ ရှယ်ယာများ ရောင်း ချရာတွင် ဟောင်ကောင်သည် ကမ္ဘာ့ အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက် ရပ်တည်နိုင်ခဲ့ကြောင်း၊ ရန်ပုံငွေမြှင့်တင် မှုအဖြစ် ဟောင်ကောင် ဒေါ်လာ ၁၃၆ ဒသမ ၄ ဘီလီယံမြှင့်တင်နိုင်ခဲ့ပြီး အများ ပြည်သူသို့ ကနဦး ရှယ်ယာ ရောင်းချမှု ပေါင်း ၇၁ (IPOs) ရှိခဲ့သည်။ အဆိုပါ ရောင်းချမှုများအနက် ၈၄ ရာခိုင်နှုန်းမှာ တရုတ်ပြည်မကြီး၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများမှဖြစ်ပြီး ယမန်နှစ်နှင့် နှိုင်း ယှဉ်ပါက ၄၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ ကြောင်း ကမ္ဘာလုံးဆိုင်ရာစာရင်းနှင့် အကြံ ပေးလုပ်ငန်း Deloitte ၏ သုတေသန အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် တစ်နှစ်လုံးအတွက် စုစုပေါင်းကနဦးရှယ်ယာရောင်းချမှု ပေါင်း ၁၁၅ (IPOs)ရှိနိုင်ပြီး ဟောင် ကောင်ဒေါ်လာ ဘီလီယံ ၂၀၀ ရှိနိုင် ကြောင်း၊ သို့သော်လည်း အမေရိကန် ဗဟိုဘဏ် (Federal Reserve)၏ အတိုး နှုန်းမြင့်တက်နိုင်မှု၊ တရုတ်၏စီးပွားရေး ကျဆင်းမှုနှင့်အမေရိကန် ရွေးကောက် ပွဲနှင့် ဘရက်ဇစ်ကဲ့သို့ မသေချာမရေရာ မှုများကြောင့် ယမန်နှစ်ထက် အကြိမ် အရရော၊ တန်ဖိုးပါလျော့နည်းနိုင် ကြောင်း အကြံပေးလုပ်ငန်းများက ခန့် မှန်းခဲ့သည်။

စတုတ္ထ သုံးလပတ်အတွင်း ရင်မင် ဘီငွေကြေး (တရုတ်ယွမ်ငွေကြေး) အား နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အထူးထုတ်ယူခွင့် (Special Drawing Right) basket တွင် ထည့်သွင်းခဲ့ပြီး နောက် ဟောင်ကောင်တွင် ရင်းနှီးငွေ စီးဝင်မှုမြင့်တက်လာသကဲ့သို့ တရုတ် ပြည်မကြီးမှ အာမခံကုမ္ပဏီများ ရှန် ဟိုင်း-ဟောင်ကောင် စတော့ချိတ်ဆက် မှု၌ ရင်းနှီးမြှုပ်နှံခွင့်ပြုပြီး နောက်ပိုင်း တွင်လည်း ဟောင်ကောင်အတွင်း ရင်းနှီး ငွေစီးဝင်မှု ဆက်လက် မြင့်တက်လာနိုင် ကြောင်း Deloitte က ယုံကြည်ခဲ့သည်။ စတော့အုပ်စုနှင့် ဆေးဝါးဆိုင်ရာ အုပ်စု အပါအဝင် စတုတ္ထသုံးလပတ်တွင် ဟောင်ကောင် ဈေးကွက်အတွင်း ပမာဏကြီးမားသည့် IPOs ရောင်းချမှု ပေါင်း သုံးခုမှ လေးခုထိ ရောင်းချရန် စီစဉ်ထားကြောင်း၊ တစ်ခုစီ၌ ဟောင် ကောင်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံ ရှိမည်ဖြစ်သည့်အတွက် ဟောင်ကောင် သည် IPOs တွင် ဦးဆောင်ဒေသအဖြစ် ဆက်လက် ရပ်တည်သွားနိုင်ကြောင်း ပြောကြားခဲ့ သည်။

တတိယသုံးလပတ်အထိ ရှန်ဟဲ နှင့် ရှန်းကျန့်ဈေးကွက်တို့တွင် IPOs ပေါင်း ၁၂၀ နှင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံတန်ဖိုးခန့် ရန်ပုံငွေ မြှင့်တင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာအဆင့် တွင် ရှန်ဟဲမှာ တတိယအဆင့်ရှိခဲ့ ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## အိန္ဒိယနိုင်ငံက ရူပီးငွေစက္ကူအချို့ကို တရားမဝင်ငွေကြေးအဖြစ် ကြေညာရန် လွန်ခဲ့သည့်ခြောက်လခန့်ကတည်းက ကြိုတင်ပြင်ဆင်

အိန္ဒိယနိုင်ငံတွင် လက်ရှိအသုံးပြုနေသည့် ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန် ငွေစက္ကူများအား တရားမဝင် ငွေကြေးအဖြစ် ကြေညာနိုင်ရန် အတွက် ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း တရားဝင်ငွေကြေး စီးဆင်းမှုများ ရပ်တန့်မသွားစေဘဲ နိုင်ငံစီးပွားရေးအား မိမိခြေ ထောက်ပေါ်တွင် တည့်တည့်မတ်မတ် ရပ်တည်စေလိုသည့် အိန္ဒိယ ဝန်ကြီးချုပ် နရိန္ဒရာမိုဒီ၏ ရည်ရွယ်ချက်မှာ ပေါ်လွင်ကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်အား ဝန်ကြီးချုပ် မိုဒီက ယခုနှစ်အစောပိုင်းကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားမဝင်ငွေကြေးများအား အကြီးအကျယ် တားဆီးမည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို လွန်ခဲ့သည့် ခြောက်လ ခန့်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး၊ လျှို့ဝှက်သတင်း ပေါက်ကြားမှု မရှိစေရေးအတွက် ထိပ်တန်း လျှို့ဝှက်အဖြစ် ခြောက်လနီးပါးခန့် ထိန်းသိမ်းခဲ့ခြင်းဖြစ် ကြောင်း၊ သို့ရာတွင်ပြီးခဲ့သည့် နိုဝင်ဘာ ၈ ရက် မတိုင်မီက ဝန်ကြီးချုပ်က ကက်ဘိနက်အဖွဲ့ဝင် ဝန်ကြီးများအား အရိပ်အမြွက်ပြောကြားခဲ့သော်လည်း အဖွဲ့ဝင်များ ကိုယ်တိုင်ပင် ယခုအပြောင်းအလဲကို ကြိုတင်သတိထားမိခဲ့လိမ့်မည် မဟုတ် ကြောင်း၊ ရူပီး ၂၃ ဘီလီယံမျှရှိသည့် အဆိုပါငွေစက္ကူများအား အစားထိုး လဲလှယ်ပေးရန်မှာ ဧရာမလုပ်ငန်းတာဝန်ကြီးတစ်ခုဖြစ် လိမ့်မည်ဖြစ် ကြောင်း၊ သို့ရာတွင် ယခု ကြိုးပမ်းမှု အောင်မြင်သွားပါက ငွေကြေး များသည် တရားဝင်လမ်းကြောင်း ကွန်ရက်များတွင်သာ စီးဆင်းလိမ့် မည်ဖြစ်ပြီး၊ အစိုးရ၏ အခွန်ဘဏ္ဍာရန်ပုံငွေလည်း အလိုအလျောက် ပိုမို များပြားရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံရေး အနေဖြင့်လည်း ပါကစ္စတန်က အထောက်အပံ့ပြုနေသည့် ယူရီ အကြမ်းဖက် တိုက် ခိုက်မှုပြီးနောက် ယခုအပြောင်းအလဲသည် အိန္ဒိယက ပါကစ္စတန်နိုင်ငံ နှင့် နယ်နိမိတ်မျဉ်း တစ်လျှောက်၌ ထပ်တိုး ပြုလုပ်သည့် တန်ပြန် တိုက်ခိုက်မှု တစ်ရပ်လည်းဖြစ်သည်ဟု BJP ပါတီခေါင်းဆောင်များက ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Vol: 16, No.43 Monday November 14 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၁–၁၁–၂၀၁၆)

မြင့်ဆွေ

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျ

ယခင်တစ်ပတ်ကတစ်ပိဿာကို ၂၂၁၅ ကျပ်အထိဈေးကျခဲ့တဲ့မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၁၂၅ ကျပ် (တစ်တန် ၁၃၀၁၃၂၉ ကျပ်) အထိဈေးဆက်လက်ကျခဲ့ပါတယ်။ ဈေးကွက်အတွင်းပဲလက်ကျန်နည်းလာပြီး ရောင်းချသူများက ကြိုက်ဈေးမရသဖြင့် အရောင်းအဝယ်ငြိမ်နေခဲ့ကာ နေ့စဉ် အိတ် ၄၀၀ ခန့်သာအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်

တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ထက်တစ်ပိဿာကို ၁၅ကျပ် ပိုပြီး တစ်ပိဿာ ၂၉၅ ကျပ်(တစ်တန် ၁၈၀၆၅၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တောင်ကြီးမြို့နှင့်ပတ်ဝန်းကျင်မှာ မိုးရွာသွန်းနေတဲ့အတွက် ကုန်စည်ဒိုင်သို့ ပြောင်းများအဝင်နည်းခဲ့ပါတယ်။ ယခုတစ်ပတ်ထွက်ရှိလာတဲ့ပြောင်းများကို တိရစ္ဆာန်အစားအစာပြုလုပ်ရန် အဓိကဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ပြောင်းဈေးကွက်က ယခင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကီလို ၅၀ အိတ်တစ်အိတ်ကို ၆၈ ယွမ်မှ ၇၂ ယွမ်(တစ်တန် ၁၃၆၀ ယွမ်မှ ၁၄၄၀ ယွမ်) အကြားဈေးငြိမ်နဲ့ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ ယခုတစ်ပတ်အတွင်း တန်ချိန် ၃၁၀၀၀ ကျော်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်

ယခုတစ်ပတ် လားရှိုးပြောင်းဈေးကွက်မှာ ယခင်တစ်ပတ်ထက်တစ်ပိဿာကိုကျပ် ၄၀ ပိုပြီး ကျပ် ၃၆၀ (တစ်တန် ၂၂၀၄၆၀ ကျပ်)ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် ဈေးကွက်အတွင်း မူဆယ်ကုန်သွယ်ရေးဇုန်သို့ တင်ပို့ရန် အဓိက ထားဝယ်ယူခဲ့ပါတယ်။ မူဆယ်မှရွှေလီဘက်သို့ ပြောင်းတင်ပို့မှု အဆင်ပြေနေတာကြောင့် လားရှိုးဘက်မှ ပြောင်းများ ဆက်တိုက်အဝယ်လိုက်နေတယ်လို့ဒေသခံကုန်သည်တစ်ဦးထံမှ သိရပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ပြောင်းပိဿာချိန် ၁၅၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ယခင်တစ်ပတ် ထက်ပိဿာချိန် ၉၀၀၀၀၀ ကျော် ပိုမိုအရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးပဲဈေးကွက် အရောင်းအဝယ်အေး

ယခုတစ်ပတ်မန္တလေးဈေးကွက်မှာ ကထိန်ပွဲများရှိတာကြောင့် အရောင်းအဝယ်အေးပြီး ဈေးကွက်အတွင်းဈေးနှုန်းသတ်မှတ်ချက်မထားဘဲ ကြိုက်ရောင်းကြိုက်ဝယ်စနစ်နဲ့ ပဲအနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်းမတ်ပဲတစ်ပိဿာကို ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်)နဲ့ မြို့ခံ ပဲခွဲစက်လုပ်ငန်းရှင်များက ဈေးဖွင့်ခဲ့သော်လည်း အရောင်း အဝယ်အေးခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရန်အတွက် ပဲစင်းငုံနီတစ်ပိဿာကို ၁၄၃၃ ကျပ်(တစ်တန် ၈၇၇၅၅၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ဝယ်အားနည်းခဲ့ပါတယ်။ တရုတ်သို့တင်ပို့ရန် ပဲတီစိမ်းအကြီး ထိပ်စ တစ်ပိဿာကို ၁၅၄၇ ကျပ်(တစ်တန် ၉၄၇၃၆၇ ကျပ်)နဲ့ ဈေးကွက်အတွင်း အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ပါတယ်။ မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များ နဲ့ ရန်ကုန်တင်ပို့သူ ကုန်သည်များက ကုလားပဲဖြူ(လုံးကြီး) တစ်ပိဿာကို ၂၃၂၃ ကျပ်(တစ်တန် ၁၄၂၂၅၈၂ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ ပြီး အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ်အတွင်း ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးနှုန်းများကျဆင်းခဲ့ပါတယ်။ ယခုရက်ပိုင်းအတွင်း အိန္ဒိယအစိုးရက ရူပီးငွေကြေးအချို့အားပြန်သိမ်းသည့်ကြေညာချက်ထွက်ပေါ်လာပြီး နှစ်နိုင်ငံအကြားပဲတင်ပို့မှုနည်းခဲ့တယ်လို့ ကုန်သည်တစ်ဦးကပြောခဲ့ပါတယ်။ မတ်ပဲ (FAQ/RC) တစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၁၃၄၄၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၃၁၁၀၀၀ ၊ မတ်ပဲ(FQ) တစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၁၄၁၁၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၃၈၂၀၀၀၊ ပဲစင်းငုံနီ တစ်ပိဿာကို ယခင်တစ်ပတ်ကကျပ် ၉၄၀၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၉၁၉၀၀၀ အထိဈေးအသီးသီးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲဖြူ(လုံးကြီး)၊ ပဲစင်းငုံနီနဲ့ မတ်ပဲတို့ ဈေးအသီးသီးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲမျိုးစုံဈေးကျပြီး အရောင်းအဝယ်နည်းခဲ့ပါတယ်။ ပဲတီစိမ်းတစ်ပိဿာကို ယခင် တစ်ပတ်က ၁၃၆၈ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ် မှာ တစ်ပိဿာကို ၁၃၄၂ ကျပ်(တစ်တန် ၈၂၁၈၂၇ ကျပ်)နဲ့ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မန္တလေးသို့တင်ပို့ရန် ပဲတီစိမ်းအကြီးထိပ်စနဲ့ ပဲတီစိမ်းလုံးလေးတို့ကို ဈေးအတူတူပေးပြီး ဝယ်ယူသွားကြပါတယ်။ ကုလားပဲဖြူ(လုံးကြီး) တစ်ပိဿာကို ယခင်တစ်ပတ်က ၂၃၆၈ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၃၁၅ ကျပ်(တစ်တန် ၁၄၁၇၆၈၃ ကျပ်) နဲ့ရန်ကုန်ကိုတင်ပို့မယ့်သူများက ဝယ်ယူခဲ့ကြပါတယ်။ ကုလားပဲထိုင်ဝမ်ကိုတော့ ယခုတစ်ပတ်မှာ မြို့ခံပဲခွဲ စက်လုပ်ငန်းရှင်များက တစ်ပိဿာကို ၂၂၃၇ ကျပ်(တစ်တန် ၁၃၆၉၉၁၆ ကျပ်) ဈေးပေးပြီး ဝယ်ယူခဲ့ပါတယ်။ ဈေးကွက်အတွင်း ကုလားပဲဖြူ(လုံးကြီး)နဲ့ ကုလားပဲထိုင်ဝမ်မှာ ပဲလက်ကျန် နည်းသဖြင့် အရောင်းအဝယ် အနည်းငယ်သာဖြစ်ခဲ့တယ်လို့ ဒေသခံကုန်သည်တစ်ဦးက ပြောပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်ကထက်တစ်ပိဿာကို ကျပ် ၆၀ ဈေးကျပြီး တစ်ပိဿာကို ကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၆ ကျပ်) နဲ့ ရန်ကုန်တင်ပို့မယ့်သူများက ဈေးဖွင့်ဝယ်ယူခဲ့သော်လည်း ရောင်းချသူများက ကြိုက်ဈေးမရသဖြင့် ရောင်းအားနည်းပြီး အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲက ယခင်တစ်ပတ်ထက် တစ်ပိဿာကို ကျပ် ၂၅၀ ဈေးလျှော့ပြီး တစ်ပိဿာကို ကျပ် ၁၉၀၀ (တစ်တန် ၁၁၆၃၅၄၁ ကျပ်)ဈေးပေးသဖြင့်ရောင်းချသူများက အရောင်းနည်းခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲမျိုးစုံနဲ့ နှမ်းရောင်စုံတို့ ဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲမျိုးစုံနဲ့နှမ်းရောင်စုံတို့ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်ထက်တစ်ပိဿာ ၂၅ ကျပ်ဈေးလျှော့ပြီး တစ်ပိဿာကို ၁၄၂၅ ကျပ်(တစ်တန်ကို ၈၇၂၆၅၆ ကျပ်)နဲ့ မန္တလေးကုန်သည်များက ဝယ်သွားပါတယ်။ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီတစ်ပိဿာကို ကျပ် ၁၄၀၀ (တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ ဈေးဖွင့်သော်လည်း အရောင်းအဝယ်အေးနေခဲ့ပါတယ်။ ကုလားပဲ (ဟော်လန်)ကို ယခင်တစ်ပတ်ထက်ကျပ် ၁၀၀ ဈေးလျှော့ပြီး တစ်ပိဿာ ၂၂၂၅ ကျပ် (တစ်တန် ၁၃၆၂၅၆၈ ကျပ်)နဲ့ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များနဲ့ မျိုးအဖြစ်ပြန်လည်အသုံးပြုမည့်သူများက ဝယ်ယူခဲ့ကြပါတယ်။ နှမ်းနီဈေးကွက်မှာ ယခင်တစ်ပတ်ထက်တစ်ပိဿာကိုကျပ် ၂၀ ဈေးလျှော့ပြီး တစ်ပိဿာ ၁၉၃၅ ကျပ်(တစ်တန် ၁၁၈၄၉၇၅ ကျပ်)နဲ့ ဆီကြိတ်ရန် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်ရိုးရိုးကတစ်ပိဿာကို ၂၇၃၅ ကျပ်(တစ်တန် ၁၆၇၄၈၈၇ ကျပ်)သိပ္ပံနှမ်းကတစ်ပိဿာကို ကျပ် ၃၂၇၀ (တစ်တန် ၂၀၀၂၅၁၅ ကျပ်)နဲ့ မန္တလေးဈေးကွက်ကိုတင်ပို့ရန် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ(လုံးကြီး)တို့ဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ(လုံးကြီး)တို့ ဈေးကျပြီး ကုလားပဲ(အဝါ) ဈေးအနည်းငယ်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာကို ၁၆၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကိုကျပ် ၁၄၆၀ (တစ်တန် ၈၉၄၀၈၉ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ကုလားပဲဖြူ(လုံးကြီး)က တစ်ပိဿာကို ၄၅ ကျပ်ဈေးကျခဲ့ပြီး တစ်ပိဿာကို ၂၃၂၅ ကျပ်(တစ်တန် ၁၄၂၃၈၀၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲ(အဝါ)က တစ်ပိဿာကို ၂၂၄၅ ကျပ်မှ တစ်ပိဿာကို ၂၂၆၅ ကျပ်(တစ်တန် ၁၃၈၇၀၆၃ ကျပ်)နဲ့ တက်ဈေးရပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ထောပတ်ပဲဈေးကွက်ဝင်

ယခုတစ်ပတ် ရေစကြိုဈေးကွက်သို့ ထောပတ်ပဲတစ်ပိဿာကို ကျပ် ၇၄၀ (တစ်တန် ၄၅၃၁၆၉ ကျပ်)နဲ့ဈေးကွက်ဝင်လာပြီး တစ်နေ့အိတ် ၈၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဇီးကွက်က တစ်ပိဿာကျပ် ၉၀၀(တစ်တန် ၅၅၁၁၅၁ ကျပ်) နဲ့ နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ထောပတ်ပဲနဲ့ ပဲဇီးကွက်ကို ဒေသအတွင်း တစ်ဆင့်ပြန်ရောင်းချရန် အဓိကထားဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းရောင်စုံနဲ့ ပဲမျိုးစုံဈေးကျ

ယခုတစ်ပတ် မကွေးကုန်စည်ဒိုင်မှာ အိန္ဒိယရဲ့ ငွေကြေးဂယက်ရိုက်ခတ်မှု၊ မဟာဘုံကထိန်ပွဲများကျင်းပခြင်းတို့ကြောင့် နှမ်းမျိုးစုံ၊ ပဲမျိုးစုံတို့ အရောင်းအဝယ်အေးခဲ့ပြီး အကျဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာကို ကျပ် ၂၁၆၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၀၇၀ (တစ်တန် ၁၂၆၇၆၄၇ ကျပ်)နဲ့ နှမ်းလှော်ကုန်သည်များက ဝယ်ခဲ့ပါတယ်။ နှမ်းနက်ဈေးကွက်မှာ တစ်ပိဿာကို ကျပ် ၆၀ ဈေးကျဆင်းပြီး တစ်ပိဿာကိုကျပ် ၂၇၂၀ (တစ်တန် ၁၆၆၅၇၀၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာကို ကျပ် ၃၂၉၀ ဈေးရခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကိုကျပ် ၃၁၈၀ (တစ်တန် ၁၉၄၇၄၀၀ ကျပ်)နဲ့ ပြည်ပသို့တင်ပို့ရန် တစ်ပတ်အတွင်း အိတ် ၃၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခုတစ်ပတ်အတွင်း တစ်ပိဿာကိုကျပ် ၅၀ ကျဆင်းကာ တစ်ပိဿာ ကျပ် ၁၃၇၀ (တစ်တန် ၈၃၈၉၇၄ ကျပ်)နဲ့ မန္တလေးကုန်သည်များ က တစ်ပတ်အတွင်း အိတ် ၃၀၀၀ ကျော် ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲတစ်ပိဿာကို ကျပ် ၂၂၉၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၁၈၅ ကျပ်(တစ်တန် ၁၃၃၈၀၇၂ ကျပ်) နဲ့ အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်တွင်းသို့ ပဲနောက်တစ်ပိဿာကို ၁၂၆၅ ကျပ်(တစ်တန် ၇၇၄၆၇၃၆ ကျပ်)နဲ့ ဈေးကွက်ဝင်လာပြီး ဒေသခံကုန်သည်များကတစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြတယ်လို့သိရပါတယ်။

# တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးလာမှုကို ချိန်ညှိနိုင်ရန်အတွက် ထိုင်းနိုင်ငံမှ နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားမည်

ကမ္ဘာ့ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံ၏ ဒုတိယ အများဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းနှေးကွေးလာမှုကို ချိန်ညှိနိုင်ရန်အတွက် ထိုင်းနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းစီးပွားရေး ခိုင်မာမှုရှိစေရန်နှင့် ပြည်ပပို့ကုန်ဈေးကွက်အသစ်များကို ရှာဖွေဖော်ထုတ်သွားရမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံဘဏ္ဍာရေး ဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ယခင်နှစ်က စီးပွားရေး တိုးတက်မှုနှုန်းမှာ ၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး လက်ရှိ ဘဏ္ဍာနှစ်ကိုးလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆ ဒသမ ၇ ရာခိုင်နှုန်းသာဖြစ်နေ၍ တရုတ်နိုင်ငံ၏ ယခုနှစ်အတွက် စီးပွားရေး တိုးတက်မှုနှုန်းသည် ၆ ရာခိုင်နှုန်း ၇ ရာခိုင်နှုန်းသာ တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဆယ်စုနှစ်သုံးစုကျော်မျှ စီးပွားရေး တိုးတက်မှုနှုန်း ၁၀ ရာခိုင်နှုန်းအထက် တိုးတက်ခဲ့ရာမှ ယခု အခါ စီးပွားရေးတိုးတက်မှုနှုန်း သိသိသာသာ ကျဆင်းသွားကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ တရုတ်နိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းစားသုံးမှု၊ ပိုမို ကောင်းမွန်သည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် အကြီးစား စက်မှုလုပ်ငန်းကြီးများကို ညီမျှအောင် ဆောင်ရွက်နိုင်ခြင်း မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၃၀ ခုနှစ်အထိ တစ်နှစ်လျှင် ပျမ်းမျှ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံသည် ယခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားအရန်ငွေ အမေရိကန်ဒေါ်လာ ၁၈၀ ဒသမ ၅ ဘီလီယံရှိခြင်းနှင့် အစိုးရကြွေးမြီနှင့် ဂျီဒီပီ အချိုးမှာလည်း နည်းပါးခြင်းကြောင့် စီးပွားရေးထိခိုက်မှု နည်းပါးစေနိုင်ကြောင်း၊ ထို့အပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် စသည့် CLMV နိုင်ငံများ၏ စီးပွားရေး တိုးတက်မှုနှုန်း မြင့်တက်လာမှုကလည်း တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုကြောင့် ထိုင်းနိုင်ငံအပေါ် ထိခိုက်မှုများကို ချိန်ညှိပေးနိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ ပို့ကုန်ပမာဏသည် စုစုပေါင်းပို့ကုန်ပမာဏ၏ ၁၁ ရာခိုင်နှုန်းရှိပြီး CLMV ဈေးကွက်သို့ ထိုင်းနိုင်ငံ၏ ပို့ကုန်ပမာဏသည် စုစုပေါင်းပို့ကုန်ပမာဏ၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်း ရှိခြင်းကြောင့် CLMV ဈေးကွက်မှာ ထိုင်းနိုင်ငံအတွက် အရေးကြီးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် ရေရှည်တွင် စီးပွားရေး တိုးတက်ရန်အတွက် အဓိကကဏ္ဍ (၁၀) ခု သတ်မှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမ ဖွဲ့စည်းထားသည့် ကဏ္ဍ (၅) ခု မှာ လက်ရှိဆောင်ရွက်နေသည့် အဆင့်မြင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း (next-generation automotive) ခေတ်မီ အီလက်ထရောနစ်လုပ်ငန်း (smart electronics)၊ အဆင့်မြင့် ခရီးသွားလုပ်ငန်း (quality tourism)၊ ဇီဝနည်းပညာဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (agriculture/biotechnology) နှင့် စားသောက်ကုန်လုပ်ငန်း (food processing) တို့ဖြစ်ကြောင်း၊ ဒုတိယ ကဏ္ဍ (၅) ခုမှာ အနာဂတ်တွင် ဆောင်ရွက်မည့် ကဏ္ဍအသစ်များဖြစ်သည့် စက်ရုပ်တီထွင် အသုံးချမှုလုပ်ငန်း (robotics)၊ လေကြောင်းပို့ဆောင်ရေးနှင့် ထောက်ပံ့ ပို့ဆောင်မှုလုပ်ငန်း (aviation/ logistics)၊ ဇီဝလောင်စာ၊ ဇီဝဓာတုလုပ်ငန်း (biofuels/ biochemicals)၊ ICT ဖြင့် ကမ္ဘာတစ်ဝန်းချိတ်ဆက်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်း (digital economy) နှင့် ဆေးကုသမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း (medical hub) တို့ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်း (၁၀) ခုအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ ဘတ် ၁၅၀ ဘီလီယံ ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွဲဆောင်မှုများလည်း ရှာဖွေထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ **Source : Bangkok Post**

**စန္ဒာထွန်း (TTI)**

## ၂၀၁၆-၁၇ဘဏ္ဍာနှစ်ပထမလေးလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ချုပ်ပြီးအဝတ်အထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံနီးပါးရရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ချုပ်ပြီးအဝတ်အထည်များ တင်ပို့ရောင်းချရမှုမြင့်တက်လာသဖြင့် လက်ရှိ ဘဏ္ဍာနှစ် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ မှ ၂၀၁၇ ခုနှစ်ဇွန်လအထိ)၏ ပထမလေးလအတွင်း စုစုပေါင်း အထည်ပို့ကုန် ပမာဏသည် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံနီးပါးဖြစ်၍ နှစ်စဉ် ၇ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း၊ ယခုနှစ် အောက်တိုဘာတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁ ဘီလီယံ တင်ပို့နိုင်ခဲ့၍ ယခင်နှစ် အောက်တိုဘာလက တင်ပို့မှုထက် ၁၄ ဒသမ ၃၉ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပို့ကုန်မြှင့်တင်ရေးဌာန (The Export Promotion Bureau, EPB) က ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ချုပ်ပြီး အဝတ်အထည် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၈ ဘီလီယံ အပါအဝင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပို့ကုန်ပမာဏကို စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံ လျာထားကြောင်း၊ ယခုနှစ် ပထမလေးလအတွင်း ချုပ်ပြီးအထည်ပို့ကုန်မှ ရရှိခဲ့သည့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၇၉၁ ဒသမ ၆၅ သန်းအနက် တီရှပ်နှင့် ဂျင်းထည်မှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၂ ဘီလီယံ ရရှိခဲ့ကြောင်း၊ ဂုန်လျှော်မျှင်နှင့် ဂုန်လျှော်မျှင်ဖြင့် ပြုလုပ်ထားသည့် ပစ္စည်းများ၊ သားရေနှင့် သားရေထည်ပစ္စည်းများသည်လည်း ပို့ကုန်တင်ပို့မှု ကောင်းမွန်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ယခင်ဘဏ္ဍာနှစ် (ဇူလိုင် ၂၀၁၅ - ဇွန် ၂၀၁၆) အတွင်း ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၄ ဘီလီယံ ဖြစ်ကြောင်းသိရှိရသည်။

**Source : Xinhua**

**စန္ဒာထွန်း (TTI)**

## အိန္ဒိယရူပီးငွေစက္ကူသစ်များအား ATMs စက်များတွင် နိုဝင်ဘာ ၁၀ ရက်မှ စတင်ထုတ်ယူနိုင်

လက်ရှိအသုံးပြုနေသည့် ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန်ငွေစက္ကူများ အား တရားမဝင်အဖြစ်ကြေညာပြီး ငွေစက္ကူသစ်များ ရိုက်နှိပ်ထုတ်ဝေလိုက်သည့်အတွက် လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ရန် နိုဝင်ဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံရှိ ဘဏ်များအားလုံး ပိတ်ထားခဲ့ပြီး၊ နိုဝင်ဘာ ၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သို့ဖြစ်၍အသစ်ရိုက်နှိပ် ထုတ်ဝေလိုက်သည့် ရူပီး ၅၀၀ တန်နှင့် ၂၀၀၀ တန် ငွေစက္ကူသစ်များအား ATMs စက်များတွင် နိုဝင်ဘာ ၁၀ ရက်သောကြာနေ့မှ စတင်ထုတ်ယူနိုင်ကြောင်း၊ ပြည်သူများအနေဖြင့် အခက်အခဲအချို့နှင့် ရင်ဆိုင်ရနိုင်သော်လည်း အဆင် ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် အစိုးရအနေဖြင့် အစီအစဉ်များစွာကို ပြုလုပ်ထားကြောင်း၊ ပြည်သူများအနေဖြင့် ATMs စက်များမှ ငွေထုတ်ယူ နိုင်သကဲ့သို့ ဘဏ်များတွင်လည်း ငွေလဲလှယ်နိုင်ကြောင်း၊ အစိုးရ အနေဖြင့် ငွေမည်းအဖြစ် သတ်မှတ်လိုက်သည့် ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန်များအား လည်ပတ်နေရာမှ ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာ တရားမဝင် ငွေကြေးများနှင့် ငွေတုများ၊ အကြမ်းဖက် တိုက်ခိုက်မှုများအား ဖြိုခွင်းလိုသည့်အတွက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ပြည်သူများအနေဖြင့် အမှန်တကယ် လက်ခံ နားလည်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူများ တွေ့ကြုံလာမည့် အခက်အခဲများ၊ အဆင်မပြေမှုများကိုလည်း အစိုးရက ပူးပေါင်းဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ အလယ်အလတ် ကာလတစ်ခုကြာမြင့်ပါက ယခုလုပ်ဆောင်ချက်၏ အကျိုးကျေးဇူးများကို ပိုမိုသိမြင်လာနိုင်မည်ဖြစ်ကြောင်း အိန္ဒိယ စီးပွားရေး အကြံပေး အရာရှိချုပ်က ပြောကြားထားပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့**

## နိုဝင်ဘာ ၁၂ ရက်တွင် အွန်လိုင်း ကုန်ပစ္စည်းရှင်းလင်းရေးစနစ် စတင်မည်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေသောစနစ်မှ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်မည့် အလိုအလျောက် ကုန်ပစ္စည်း ရှင်းလင်းရေးစနစ် (Myanmar Automatic Cargo Clearance System-MACCS) ကို နိုဝင်ဘာလလယ်မှစပြီး ကျင့်သုံးမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"MACCS စနစ်ကို ကြိုတင်ကြေညာထားတဲ့အတိုင်း နိုဝင်ဘာ ၁၂ ရက်ကစပြီး အမှန်တကယ်စတင်ကျင့်သုံးတော့မှာ ဖြစ်ပါတယ်။ ဒီစနစ်ကို စတင်ကျင့်သုံးရာမှာ Customs Broker တွေအနေနဲ့ စနစ်တစ်ခုနဲ့တစ်ခု အကူးအပြောင်းမှာ တွေ့ကြုံလာနိုင်တဲ့ အခက်အခဲတွေကို နည်းနိုင်သမျှ အနည်းဆုံးဖြစ်စေဖို့ လိုအပ်ချက်တွေကို အသိပေးလိုတဲ့အတွက် အခုလို ရှင်းလင်းတင်ပြရတာ ဖြစ်ပါတယ်"ဟု အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်ကUMFCCI ၌ ကျင်းပသော ရှင်းလင်းပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ MACCSစနစ်သည် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာ၌ လူကိုယ်တိုင် အကောက်ခွန်ရုံးများသို့ သွားရောက်စရာမလိုဘဲ အွန်လိုင်းမှတစ်ဆင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည့် စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်သည် ဂျပန်နိုင်ငံ၌ အောင်မြင်ခဲ့သည့်အကောက်ခွန်ရှင်းလင်းရေးစနစ်ဖြစ်ကြောင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏အကူအညီဖြင့် ယင်းစနစ်ကို မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစနစ်ကိုစတင်ဆောင်ရွက်ရန်စမ်းသပ်ကာလ (Running Test) ကို အောက်တိုဘာ ၃၁ ရက်ဟု သတ်မှတ်ထားရာ Customs Broker များ အနေဖြင့် ယင်းနေ့ ည ၁၂ နာရီတွင် စမ်းသပ်လေ့ကျင့်မှုများ ရပ်တန့် ပေးကြရမည်ဖြစ်ကြောင်း၊ ယင်းနောက် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီမှစ၍ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီအထိ Manual မှ System သို့ ကူးပြောင်းကာလ(Transition Period )အဖြစ် သတ်မှတ်ကာ Registration လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်ကို လောလောဆယ် ရန်ကုန်မြို့ဆိပ်ကမ်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် အခြားသော နယ်စပ်ဂိတ်တို့တွင်လည်း ဆောင်ရွက်သွားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းစနစ်သည် ရုံးပိတ်ရက်မရှိ ၂၄ နာရီပတ်လုံး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုစနစ်များအပါအဝင် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှုအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**Source : MYANMAR CUSTOMS BROKEN ASSOCIATION**

**ရီရီလွင် (ICT -Server)**

Vol: 16, No.43 Monday November 14 2016

## အိန္ဒိယနိုင်ငံရူပီးငွေစက္ကူအချို့အား အသုံးပြုခွင့် ရပ်ဆိုင်းလိုက်သဖြင့် နန့်ဖာလုံဈေးတွင် အရောင်းအဝယ်များ ရပ်ဆိုင်း

အိန္ဒိယနိုင်ငံတွင် ရူပီးငွေစက္ကူအချို့အား လက်ဝယ် ကိုင်ဆောင်သုံးစွဲခွင့်အား ရပ်ဆိုင်းလိုက်သဖြင့် အိန္ဒိယမြန်မာနယ်စပ်ရှိ တမူး-မိုရေးနယ်စပ်ရှိ အကြီးဆုံးဖြစ်သည့် နန့်ဖာလုံဈေးတွင် အရောင်းအဝယ်များရပ်ဆိုင်းလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ငွေမည်းကိုင်ဆောင်သူများပြားနေခြင်းကြောင့် အိန္ဒိယရူပီး ငွေ ၅၀၀ တန်နှင့် ၁၀၀၀ တန်များအား အသုံးပြုခွင့်မပေးတော့ကြောင်း အိန္ဒိယအစိုးရက ထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ သတင်းကြေညာချက်နှင့် ပတ်သက်၍ ပြည်သူများအား အခက်အခဲ မရှိစေရေးအတွက် ငွေကြေးများအားနီးစပ်ရာ မည်သည့်ဘဏ်များတွင်မဆို ပြန်လည်လဲလှယ်ပေးမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒရာမိုဒီက ပြည်သူလူထုသို့ ငွေကြေးနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိကြရန် သတင်းထုတ်ပြန် ခဲ့ကြောင်း သိရသည်။ အဆိုပါငွေကြေးအစား ရူပီး ၅၀၀ တန်အသစ်နှင့် ၂၀၀၀ တန် အသစ်များ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းအပြင် အသုံးပြုခွင့်ရပ်ဆိုင်းထားသည့် အိန္ဒိယသုံးငွေရူပီး ၅၀၀၊ ၁၀၀၀ တန်တို့အား ရက်ပေါင်း ၅၀ အတွင်း အိန္ဒိယနိုင်ငံ သားမှတ်ပုံတင်ဖြင့် လဲလှယ်နိုင်မည်ဖြစ်ရာ တစ်ရက်လျှင် အကန့်အသတ်ဖြင့် လဲလှယ်ပေးမည်ဖြစ်ပြီး ရူပီး ၄၀၀၀ သာ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယငွေကြေးပြဿနာကြောင့် အိန္ဒိယနယ်စပ်ရှိ တမူး-မိုရေးနယ်စပ်ရှိ နန့်ဖာလုံဈေးတွင်လည်း အိန္ဒိယရူပီးငွေများဖြင့် အရောင်းအဝယ် ပြုလုပ်နေသည့်အတွက် ဈေးသူဈေးသား များအတွင်း ရူပီး ၅၀၀၊ ၁၀၀၀ တန်များ အရောင်းအဝယ် မပြုလုပ်ကြရန် ဈေးကော်မတီက သတိပေးချက်များ ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းကြောင့် တမူး-မိုရေးနယ်စပ်ရှိ နန့်ဖာလုံဈေးတွင် အရောင်းအဝယ်ရပ်တန့်လျက်ရှိပြီး နယ်စပ်ဒေသများမှ အိန္ဒိယငွေကြေးဖြင့် လုပ်ငန်းလုပ်ကိုင်သူများသည် အိန္ဒိယနိုင်ငံသားမဟုတ်၍ ငွေကြေးလဲလှယ်ရန် အခက်အခဲရှိနေသဖြင့် နည်းလမ်းရှာကြံလျက်ရှိကြောင်း သိရသည်။ လက်ရှိ မိုရေးဘဏ်ခွဲတွင် ငွေအထုတ် အသွင်းပြုလုပ်ခြင်းမရှိဘဲ ဘဏ်ခွဲရုံးကို (၂) ရက် ပိတ်ထားကြောင်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း (ကလေး-တမူး-ကလေးဝ) တွဲဘက်အတွင်းရေးမှူးထံမှ သတင်းရရှိသည်။

**ခင်မိုးသူ**

## တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာလအတွင်း အခွန်ကောက်ခံရရှိငွေ ကျပ်သိန်း ၄၀၀ နီးပါးရရှိ

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် အခွန်အကောက်များ မှန်ကန်စွာ ရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလအတွင်း ကျပ် ၃၇၈သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

တာချီလိတ် ကုန်သွယ်ရေးစခန်းသည် အမှတ်(၁) ချစ်ကြည်ရေးတံတားကို အသုံးပြု၍ ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိရာ နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်ရာတွင် အရေးပါသည့်စခန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ယခုအခါ ရှမ်းပြည်နယ် အစိုးရအနေဖြင့် တရားမဝင် ကုန်သွယ်မှု ပပျောက်စေရေးနှင့် အခွန်အကောက်များ မှန်မှန်ကန်ကန် ရရှိစေရေးတို့အတွက် လူသုံး၊ အိမ်သုံး၊ စားသောက်ကုန်များ (ဆေးဝါးများမပါ) ၏ အခွန်ကောက်ခံနှုန်းကို သုံး ရာခိုင်နှုန်း သတ်မှတ်၍ ကောက်ခံခဲ့သည်။

ယင်းကဲ့သို့ ကောက်ခံခဲ့ရာတွင် ယခုနှစ် အောက်တိုဘာလအတွင်း အခွန် ကောက်ခံရရှိငွေ စုစုပေါင်းမှာ ကျပ် ၃၇၈ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။ ယင်းပမာဏသည် ယခင်က လစဉ်ကောက်ခံရရှိသည့် အခွန်ငွေထက် နှစ်ဆခန့် ရရှိခဲ့ခြင်းဖြစ်ကြောင်း တာချီလိတ် ကုန်သွယ်ရေးစခန်းမှ သိရသည်။

ယခုအခါ တာချီလိတ် ကုန်သွယ်ရေးစခန်းသို့ မိုင်းယောင်း၊ မိုင်းယုမြို့နယ် အတွင်းမှ ထွက်ရှိသည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဝဥခြောက်၊ မဂ္ဂနီးစ်ဒိုင် အောက် ဆိုက်၊ ရော်ဘာစေးနှင့် လက်ဖက်ခြောက်တို့ကို ပို့ကုန်လိုင်စင်များ လာရောက် လျှောက်ထားလျက်ရှိကြောင်း သိရသည်။

**တာချီလိတ်**

## အိန္ဒိယ နယ်စပ်မှ ကွမ်းသီး တန် ၃၀၀ကျော် တင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းနဲ့ ရိဒ်ကုန်သွယ်ရေး စခန်းမှ အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၃၀၅သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၃၀၀ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်၈၀၀ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်၄၀၀ကျော် လျော့နည်းတင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေး စခန်းမှ သိရပါတယ်။ တင်ပို့မှုအခြေအနေကိုကြည့်ပါက တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၂၈သန်း တန်ဖိုးရှိ ကွမ်းသီး တန်၃၀ခန့်နဲ့ ရိဒ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၇သန်း တန်ဖိုးရှိကွမ်းသီး တန် ၃၀၀ကျော်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေး စခန်းမှ ကွမ်းသီးခြောက်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၄သန်း တန်ဖိုးရှိကွမ်းသီး(အစို) တန်၃၀ ကိုလည်း တင်ပို့နိုင်တယ်လို့သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်မှ ဆိုင်ကယ်ပိုမိုတင်သွင်းသော်လည်း တရုတ်နဲ့ အိန္ဒိယနယ်စပ်မှ ဆိုင်ကယ်တင်သွင်းမှု ကျဆင်း

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယနိုင်ငံတို့မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈၁ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၆၃၆ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၃၆၅ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ စီးရေ ၇၀၀ ကျော် လျော့နည်း တင်သွင်းခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီ ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်ပိုမို တင်သွင်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေး စခန်းများမှ ဆိုင်ကယ်တင်သွင်းမှု လျော့ကျခဲ့တဲ့အတွက် ဆိုင်ကယ်တင်သွင်းမှု ကျဆင်းရတာဖြစ်ပါတယ်။

တင်သွင်းမှု အခြေအနေကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်၇၆၃၂ စီး၊ မြဝတီ ကုန်သွယ် ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၈၆ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၈ စီး တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ ပိုမို တင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈၈ သန်းတန်ဖိုးရှိရေထွက်ကုန် ၁၈၄၂တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါ တယ်။ ယခင် တစ်ပတ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၇၆၄ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၁၄၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၇၈ တန် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ကဏန်း၊ ငါးဆားနယ် တင်ပို့မှုလျော့နည်းခဲ့ပြီး ငါးပုတင်း အရေခွံခြောက်၊ ငါးမြစ်ချင်းစီဖောင်း၊ ငါးလိပ်ကျောက် အရေခွံခြောက်၊ ငါးရှဉ့်၊ ငါးလေး ခြောက်၊ ပုစွန်ဖွဲနဲ့ ငါးစီဖောင်း ပိုမို တင်ပို့ခဲ့တာကြောင့် ရေထွက်ပစ္စည်း ပိုမို တင်ပို့ခြင်းဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံယွမ်ဈေးအနေဖြင့် ငါးရှဉ့် တစ်တန်လျှင် ယွမ် ၂၉၀၀၀၊ ကဏန်း တစ်တန်လျှင် ၆၀၉၃၇ ယွမ်ဈေး ရှိခဲ့တယ်လို့ မူဆယ် ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်နဲ့ချင်းရွှေဟော်မှ သကြားလျော့နည်း တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေ ရိကန်ဒေါ်လာ ၃ ဒသမ ၄၉၂ သန်းတန်ဖိုးရှိ သကြား ၆၃၀၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ၁၀၃၅၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၀၄၇ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ သုညဒသမ ၅၈၁ သန်းတန်ဖိုးရှိ သကြား ၁၀၅၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင် သီတင်းပတ်က ချင်းရွှေ ဟော်မှ သကြားတင်ပို့မှုမရှိခဲ့သလို ယခုသီတင်း ပတ်မှာလည်း လွယ်ဂျယ်မှ သကြားတင်ပို့မှုမရှိတာ တွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၆၇၈၅၆၂ တန်ဖိုးရှိ သကြား ၁၂၃၃ တန်ကျော် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၆၄ တန်ကျော် တင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာ မြဝတီမှ သကြား ၅၆၉ တန် ပိုမို တင်သွင်းခဲ့ပါတယ်။

မူဆယ်နဲ့ ချင်းရွှေဟော်မှ သကြားတင်ပို့ရာတွင် သကြားဖြူတစ်တန်လျှင် လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၆၀၀ ရှိပြီး Re-Export သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်း သုံးခုစလုံးမှ ရေထွက်ပစ္စည်း တင်ပို့မှုလျော့ကျ

မြန်မာထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၃၈၀၀ ကျော်ခန့်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ရေထွက်ကုန် တန်ချိန် ၄၅၀၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၇၀၀ နီးပါး လျော့နည်းတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။ ယခုသီတင်းပတ်မှာ မြဝတီ ကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ရေထွက်ပစ္စည်းတင်ပို့မှု ကျဆင်းခဲ့ခြင်းကြောင့် လျော့ကျရခြင်း ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှု အခြေအနေကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၄ သန်းတန်ဖိုးရှိ ရေချိုငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို တန်ချိန် ၅၀ ကျော်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇၈ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ ရေငန်ပုစွန်နဲ့ သဲကဏန်းတို့ကို တန်ချိန် ၂၀၀၀ ကျော်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၈၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ အခြားရေထွက်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်၊ ကင်းမွန်၊ ပုစွန်တို့ကို တန်ချိန် ၁၆၀၀ ကျော်တင်ပို့ခဲ့ တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# toufr,Grfausmifoifvefrsm;alumif pD;yGm;a&;zGHUwdk;wufvmcJhonf piumyEdkif



|သိန်းမြင့်ဝေ|

### စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်လာပုံအဆင့်ဆင့်

စင်ကာပူနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၆၅ ခုနှစ် မတိုင်မီကာလတွင် TVET ကို အနည်းငယ်သာစိတ်ဝင်စားခဲ့သည်။ TVET ဆိုသည်မှာ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း (Technical and Vocational Education and Training) ဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် သမားရိုးကျ ရောင်းဝယ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း (Technical Trading Commerce and Service Sectors) တို့သည် တိုးပွားလာသော လူဦးရေအတွက် အလုပ်အကိုင်များကို လုံလုံလောက်လောက် ဖန်တီးမပေးနိုင်ကြောင်း သိရှိလာသည်။ အထူးသဖြင့် တက္ကသိုလ်ဆက်မတက်နိုင်သော လူငယ်များအတွက် အလုပ်အကိုင်များ ဖန်တီးမပေးနိုင်ကြောင်း တွေ့ရှိလာခဲ့သည်။

ထို့ကြောင့် စင်ကာပူအစိုးရသည် စက်မှုထူထောင်ရေး (Industrialization) မှ တစ်ဆင့် အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးတိုးတက်မှုရရှိရန်ဟူသော မဟာဗျူဟာစီမံကိန်း (Strategic Plan) ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ဤစီမံကိန်းကို ဖွံ့ဖြိုးတိုးတက်မှု၏ အစောပိုင်းကာလများဖြစ်သည့် ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် Primary နှင့် Secondary ပညာရေးအပြင် နည်းပညာဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း (Technical Education and Training) တို့ကို ဦးစားပေးတိုးချဲ့ရန် ဖြစ်ပါသည်။ အခြေခံကျသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရရှိရေးအတွက် လိုအပ်သော အခြေခံအုတ်မြစ်ကို ချမှတ်ခြင်းလည်း ဖြစ်ပါသည်။ ထို့နောက်၁၉၈၀ ပြည့် လွန်နှစ်များတွင် ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးသည့်စနစ် (Education and Training System) ကို အဆင့်မြှင့်တင်ရန်နှင့် ကျွမ်းကျင်မှု အဆင့်တိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ Polytechnics နှင့် TVET တို့တွင် အရည်အသွေးနှင့် ကျွမ်းကျင်မှု မြှင့်တင်ရေးကို အလေးထား လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

### အသက်မွေးဝမ်းကျောင်းသိပ္ပံနှင့် နည်းပညာဌာန

အဆိုပါ စင်ကာပူအသက်မွေး ဝမ်းကျောင်းသင်တန်းကျောင်းကို အစိုးရပညာရေး စနစ်၏ လက်အောက်တွင် ထားရှိတည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ စက်မှုထူထောင်ရေး တိုးတက်မှုနှုန်း မြန်ဆန်လာသည်နှင့်အမျှ စက်မှုလုပ်ငန်းသစ်များ၏ နည်းပညာနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် TVET ကို တိုးချဲ့ရန် အကြောင်းဖန်လာပါသည်။ ထိုအခါ ပညာရေး၏ အဓိကလုပ်ငန်းတာဝန်မှာ ဘာသာရပ် ဆိုင်ရာသင်ကြားရေး (Academic) ကိုသာ ဆောင်ရွက်လာခဲ့သည်။ ထို့ကြောင့် ၁၉၆၈ ခုနှစ်တွင် စာသင်ကျောင်းများ၌ ဘာသာရပ် သင်ကြားရေးကို သင်ယူလိုသည့် ကျောင်းသား / ကျောင်းသူ ၈၄ ရာခိုင်နှုန်းသာ ကျောင်းအပ်နှံသည်ကို တွေ့ရှိရသည်။

အကျိုးဆက်အနေဖြင့် ၁၉၆၈ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနလက်အောက်၌ နည်းပညာဆိုင်ရာ ပညာရေးဌာန (Technical Education Department) ကို တည်ထောင်ခဲ့သည်။ အသက်မွေးဝမ်းကျောင်းပညာရေး ကို မြှင့်တင်ရန်၊ စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများပို့ချရန်နှင့် နည်းပညာဆိုင်ရာ ဆရာ၊ ဆရာမများကို လေ့ကျင့်သင်တန်းပေးရန်ဟူသော ရည်ရွယ်ချက် များဖြင့် တည်ထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် နည်းပညာဆိုင်ရာ ပညာရေးဌာန၏ လက်အောက်တွင် အသက်မွေးဝမ်းကျောင်း သင်တန်း ကျောင်း ၉ ခု ရှိလာခဲ့သည်။ ထို့ပြင် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူအရေအတွက်လည်း များပြားလာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင်သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူအရေအတွက်သည် ၃၂၀ သာရှိခဲ့ရာမှ ၁၉၇၂ ခုနှစ်တွင် ၄၀၀၀ ကျော်အထိ ရှိလာခဲ့သည်။

### ဖွဲ့စည်းပုံပြင်ဆင်တိုးချဲ့ခြင်းနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ထိုကဲ့သို့ အခြေခံအဆောက်အအုံနှင့်အတူ သင်တန်းတက်ရောက်မှုနှုန်းမြင့်မားခဲ့ခြင်းကြောင့် လေ့ကျင့်သင်တန်းပေးသည့်ပုံစံ (Model of vocational training) သည် နိုင်ငံ၏ နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိကကျသော အဆင့်တစ်ဆင့် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ၁၉၇၃ ခုနှစ်တွင် စက်မှုလုပ်ငန်းဆိုင်ရာ လေ့ကျင့် သင်တန်းပေးရေးအဖွဲ့ (Industrial Training Board) ကို ပထမဆုံးအကြိမ် စတင် ဖွဲ့စည်းခဲ့သည်။ စက်မှုလုပ်ငန်းဆိုင်ရာ လေ့ကျင့်သင်တန်းပေးခြင်းကို အလေးထား ဆောင်ရွက်ရန်၊ ညှိနှိုင်း ပေါင်းစပ်ပေးရန်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်အတွက် အဆိုပါ အဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ လျင်မြန်စွာ တိုးတက်လျက်ရှိသည့် နိုင်ငံစီးပွားရေးအတွက် စိန်ခေါ်မှုဖြစ်သော နည်းပညာကျွမ်းကျင် လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အဆိုပါဘုတ်အဖွဲ့ကိုလုပ်ပိုင်ခွင့်တာဝန်များ အပ်နှင်းထားပါသည်။

တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံစီးပွားရေး၏ လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးသည့်စနစ်သစ် (New system of skills certification) အဖြစ် အမျိုးသား ကုန်သွယ်ရေးလက်မှတ် (National Trade Certificate-NTC) ကို စတင်ခဲ့သည်။ ထိုကဲ့သို့လုပ်ဆောင်ရခြင်းမှာ စက်မှုလုပ်ငန်းများက လိုအပ်သော ကျွမ်းကျင်မှုအဆင့်နှင့် အရည်အသွေး စံချိန်စံညွှန်းအမျိုးမျိုးကို ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ သင်တန်းအမျိုးအစား များစွာကိုလည်း စတင်မိတ်ဆက်ခဲ့သည်။ လျှပ်စစ်၊ အီလက်ထရောနစ်၊ သတ္တု ဆောက်လုပ်ရေး အင်ဂျင်နီယာသင်တန်းများ၊ စက်ဆီ/ချောဆီ၊ ဒီဇယ်ဆီနှင့် မော်တော်ယာဉ် ကျွမ်းကျင်သင်တန်းများ စသည့်သင်တန်းများ ပြီးဆုံးပါက တစ်ဝက်တစ်ပျက် ကျွမ်းကျင်အဆင့် အောင်လက်မှတ် (Semi-Skilled Level of Certification) ထုတ်ပေးပါသည်။ ဤစနစ်၏ အားသာချက်မှာ အရည်အသွေးစံချိန် စံညွှန်းစိတ်ချရသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ကောင်းစွာ အသုံးချနိုင်ခြင်းဖြစ်သည်။ အထူးသဖြင့် အရွယ်ရောက်ပြီးသော လုပ်သားများ (Adult worker) အတွက် စက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ပိုမို အလုပ်လုပ်ခွင့် ရရှိကြပါသည်။

၁၉၇၀ ပြည့်လွန်နှစ် အစောပိုင်းကာလတွင် နောက်ထပ်အစိုးရအေဂျင်စီတစ်ခုဖြစ်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Economic Development Board-EDB) ကို ဖွဲ့စည်းခဲ့ပါသည်။ ဤအဖွဲ့သည် စက်မှုကုန်သွယ်ရေးစနစ် (Industrial trading system) ကို ပိုမိုအားကောင်းစေပြီး စင်ကာပူနိုင်ငံအတွင်းသို့ ပြည်ပ တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု (Foreign Direct Investment-FDI) ပိုမိုစီးဝင်၍ ဆောင်ရွက်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ Tata ကုမ္ပဏီ၊ ဂျာမနီနိုင်ငံရှိ Rollei ကုမ္ပဏီ၊ နယ်သာလန်နိုင်ငံရှိ Philips ကုမ္ပဏီ အစရှိသော နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ (Multinational Corporations -MNCS) နှင့် ပူးပေါင်းပြီး Joint Goverment Training Centres ကို တည်ထောင်ခဲ့ပါသည်။ ဤကဲ့သို့ ဖွဲ့စည်း ဆောင်ရွက်ခြင်းက ကောင်းမွန်စွာ လေ့ကျင့်သင်တန်းပေးထားသော နည်းပညာကျွမ်းကျင်သည့် လုပ်သားအင်အားကို ပိုမို ရရှိစေပါသည်။ နောက်ပိုင်းတွင် Joint Government-to-Government Technical Instituties ဖြစ်လာပါသည်။ ဂျပန်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံ အစိုးရများ၏ အကူအညီဖြင့် ထိုကဲ့သို့ ပြောင်းလဲဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း၏ အကျိုးဆက်အဖြစ် စင်ကာပူနိုင်ငံသည် အထူးကျွမ်းကျင်လုပ်သားများလိုအပ်နေသော MNC များ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဆင့် (၃) ဆင့်ခွဲခြား ဖော်ပြနိုင်သည်။ ၎င်းတို့မှာ ကုန်ထုတ်စွမ်းအားစုကို အဓိကထားသော စီးပွားရေး (Factor-Driven Economy)၊ ရင်းနှီးမြှုပ်နှံမှုကိုအဓိကထားသော စီးပွားရေး (Investment-Driven Economy) နှင့် ဆန်းသစ် ပြောင်းလဲမှုကို အဓိကထားသော စီးပွားရေး (Innovation - Driven Economy) တို့ဖြစ်သည်။




ပုံတွင် ဖော်ပြထားသည့်အတိုင်း(Factor-Driven Economy)သည် လုပ်သားပိုမို အသုံးပြုသော စီးပွားရေးဖြစ်ပြီး ၁၉၆၀ နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ ကျင့်သုံးခဲ့သည်။ Factor-Driven မှ Investment Driven Economy သို့ တိုးတက်လာခဲ့ရာ (Investment-Driven Economy ကို ၁၉၈၀ ပြည့်လွန်နှစ်မှ၁၉၉၀ ပြည့် လွန်နှစ်များအထိ ကျင့်သုံးခဲ့ပြီး ယင်းစီးပွား ရေးတွင် အရင်းအနှီးကို ပိုမိုအသုံးပြုခဲ့သည်။ တစ်နည်းအားဖြင့် Labor Intensive မှ Capital Intensive စီးပွားရေးသို့ တိုးတက်ပြောင်းလဲလာခဲ့ပါသည်။

ထို့နောက် ၂၀၀၀ ပြည့်လွန်နှစ်များတွင် အသိ ပညာကို ပိုမိုအသုံးပြုရသော လုပ်ငန်းများ (Knowledge Intensive Industries) က ဦးဆောင်သည့် ဆန်းသစ်ပြောင်းလဲမှုကို အဓိကထားသော စီးပွားရေး (Innovation Driven Economy) ကို ကျင့်သုံးလာခဲ့သည်။ အဆိုပါ အဆင့် (၃) ဆင့်ဖြစ်သော၁၉၆၀ ပြည့်လွန်နှစ်များမှ ၂၀၀၀ ပြည့်လွန်နှစ်များအထိ စက်မှုအစပျိုးနိုင်ငံ (Early-Industrializaition) မှ စက်မှုထွန်းသစ်စနိုင်ငံ (Newly-Industrialzed) အဖြစ် တိုးတက်ပြောင်းလဲလာခဲ့သည်။ ယခုအခါ စင်ကာပူနိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံ ထွန်းကားသည့် နိုင်ငံတစ်နိုင်ငံ(Globalized and Diversified Economy) ဖြစ်လာပါသည်။

ထိုကဲ့သို့ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာ ခဲ့ခြင်းသည် ပြောင်းလဲလျက်ရှိသော လုပ် သားအင်အားလိုအပ်ချက်နှင့်အညီ အခြေခံ ပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်း ကျောင်းပညာတို့ကို အဆင့်မြင့်တင် ဖြည့်ဆည်းပေးခဲ့သောကြောင့် ဖြစ်ပါသည်။ TVET အပါအဝင် ပညာရေးအဖွဲ့အစည်းအမျိုးမျိုးမှ သင်တန်း ပြီးဆုံး/ ဘွဲ့ရရှိခဲ့ကြသူများအတွက် ပိုမိုကောင်းမွန်သော ပေါ်လစီများကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုသို့ရေးဆွဲပြဋ္ဌာန်းရာတွင် မြန်ဆန်စွာ ဖွံ့ဖြိုး တိုးတက်လျက်ရှိသော တိုင်းပြည် စီးပွားရေးအတွက် လိုအပ်သော အလုပ်အကိုင်သစ်များ၊ အသိပညာနှင့် ကျွမ်းကျင်မှုများကို ဖန်တီးဖြည့်ဆည်းပေးရန် ရည်ရွယ် ဆောင်ရွက်ခဲ့ပါသည်။

စာမျက်နှာ (၂၄) သို့ ➤

# 24 Hour Group of Companies

**MINING, TRADING, CULTIVATION, CONSTRUCTION & INDUSTRIES**

MINERAL PROSPECTING & GEOLOGICAL EXPLORATION

TOPOGRAPHIC MAPPING & CORE DRILLING

MINE DESIGN & CONTRACT MINING

PROJECT DEVELOPMENT & IMPLEMENTATION

PLANTATION MANAGEMENT & CULTIVATION

LAND DEVELOPMENT,CONSTRUCTION & INDUSTRIES

No.11, Maggin Street, Kyauk kone, Yankin Township, Yangon MYANMAR

Tel: 01-560719, 09-511-9889 Fax:01-571967
E-mail: 24hourcoltd@gmail.com, atroagro@gmail.com
24hrgs@wimaxmail.net.mm, Website: www.24hourgs.com

WE ARE YOUR BUSINESS COORDINATOR






HAC

HARMONIZED AUTHORIZED CLEARANCE AGENCY

## SAN PWINT

## CUSTOMS BROKER SERVICES







Office
No(9/11),Room-203 (D),3th Floor,36th Street(LOWER BLOCK)
,Kyauktada Township,Yangon.
Tel: 09 511 4305,09 49288254
Gmail:aungzawlinn74@gmail.com

## Shwe Khit Yaung Chi Co., Ltd.

ရွှေခေတ်ရောင်ခြည်ကုမ္ပဏီလီမိတက်





No.(56), 1st Floor(Right), Bogalay Zay Street,
Botahtaung Township, Yangon, Myanmar.
E-mail:mayeeswe@gmail.com
Fax:01-392395, 09-73027277



yonca®
နေကြာဆီစစ်စစ် ယွန်ကာ
သံလွင်ဆီစစ်စစ်
WORLD PRIVATE LABEL
HALAL TURKEY
Product of Turkey
yonca Sunflower Oil is derived
from Top Quality Seeds
0 % Cholesterol
Light in Taste
Rich in Vitamin-E
Every Drops is Healthy
Provide Lots of Natural Energy
Reduice Fat & Control Heart Disease
Promotes healthy Nervous System & Cells
Guarantee Best Quality & Prefect Choice
for Healthy Family
ယွန်ကာနေကြာဆီကိုအရည်အသွေး
ကောင်းမွန်သောနေကြာစေ့မှရရှိပါသည်။
ဆီးချိုဝေဒနာရှင်များစားသုံးနိုင်ပြီး
နှလုံးသွေးကြောကျဉ်းရောဂါကိုလည်း
ကာကွယ်ပေးပါသည်။
ဗီတာမင်( E )ကြွယ်ဝစွာပါဝင်ခြင်း။
အဆီတတ်များကိုလျော့ကျစေပြီး
ဆီလုံးဝမခဲခြင်းကိုအာမခံပါသည်။
သင့်နှလုံးကျန်းမာရေးအတွက်
( 0 % Cholesterol )နေကြာဆီစစ်စစ်၊
အနံ့လုံးဝမပါဝင်ပါ။
yonca
Ayçiçek
18 L
5L
5L
2L
1L
Extra Virgin OLIVE OIL
WORLD TRADING CO.,LTD.
EXPORTERS, IMPORTERS & DISTRIBUTORS
No.(190) , 30 Street , Upper Pabedan Tsp ,Yangon. Myanmar ( 11141 )
01-374312 , 09967896663 , 09965399963 , 09-5005142 , 09-420007239 ,
worldtradingcompany1@gmail.com




呵护健康 微处健民！
质量认证书 ：ISO9001/ISO134850 CE 0197 USA FDA.510(k):k05999,k042102
缅甸FDA ：M-Device 03/2013 ， M-Device 02/2013
QUALITY PRODUCT
PAI
HANMA®
MEDICAL DEVICES
Reg No.184/2004
HANAKO
Reg No. 142/2005
medical devices
HANMA
DISPOSABLE SYRINGE
20
HANAKO
生产商:江西三鑫医疗科技股份有限公司
JIANGXI SANXIN MEDTEC CO.,LTD
缅甸总代理:
缅甸白氏兄弟国际贸易有限公司
Pai Brothers' Int'l Trading Co.,Ltd.
电话：曼德勒
02-32878,72888,68999
09-2078888
仰光：
01-552388, 552399,
09-442888888

## ပြောင်း

### မိုးကောင်းနေလို့ ဈေးကွက်သို့ ရှမ်းပြောင်း အဝင်နည်း

ရှမ်းပြည်နယ် တောင်ပိုင်းရဲ့ ပြောင်းဈေးကွက်ကတော့ အနည်းငယ် အေးနေပါသေးတယ်။ မိုးပြောင်းတွေ ရိတ်သိမ်းချိန် ရောက်နေပေမယ့် ရာသီဥတုကြောင့် အကုန် မသိမ်းနိုင်သေးဘူးလို့လည်း သိရပါတယ်။ နိုဝင်ဘာလအထိ ကောင်းနေတဲ့ မိုးကြောင့် သီးနှံတွေ ခြောက်သွေ့ဖို့ အခက်အခဲရှိနေတယ်လို့ သိရပါတယ်။ အခုအချိန်အထိလည်း လှောင်လက်တွေ၊ ပွဲရုံတွေကဝယ်ယူပြီး၊ လှောင်လို့လည်း မရသေးဘူးလို့လည်း သိရပါတယ်။ မိုးအဆက်အပြတ်ရွာနေလို့ အစိုဓာတ်ကလည်း မကုန်သေးပါဘူး။ ပစ္စည်းတွေက ခြံရှင်တွေဆီမှာသာ ရှိနေပြီး၊ ဈေးကွက်ကို များများစားစား မဝင်လာသေးဘူးလို့လည်း သိရပါတယ်၊ ရှမ်းပြောင်းတွေကို နှစ်တိုင်းလိုလို အစာစပ်စက်ရုံတွေက အများဆုံး ဝယ်ယူလေ့ရှိပါတယ်။ ဒီနှစ်တော့ တိရစ္ဆာန်အစာစပ်စက်ရုံတွေဖြစ်တဲ့ CP ၊ ကောင်းဆက်၊ Sunjui တို့က အဝယ်ရှိနေလို့ ဈေးကွက်ထဲကို ဝင်သလောက် အကုန်ပြန်ရောင်းနေရတယ်လို့လည်း သိရပါတယ်။ မိုးမပြတ်သေးတာကြောင့် ဈေးကွက်ကို အဝင်နည်းနေပါသေးတယ်။ မူဆယ်ကို တင်ပို့ဖို့အတွက် မန်းဝယ်လက်တွေက ဝယ်ယူချင်ပေမယ့် ဈေးကွက်မှာ ပစ္စည်းမရှိဘူးလို့ သိရပါတယ်။ ဒီလကုန်မှာ မိုးနည်းသွားရင် အဝင်လှိုင်လာနိုင်တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် ပြောင်းတစ်ပိဿာ ပေါက်ဈေးကတော့ ၂၉၅ ကျပ် ရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

---

### တရုတ်နယ်စပ်မှ ပြောင်းဖူးစေ့ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းလေးခုမှ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၃၃၉၇၆ တန် ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၉၄၆၇ တန်ကျော်၊ လွယ်ဂျယ်မှ ၃၄၇၃ တန်ကျော်၊ ချင်းရွှေဟော်မှ ၉၀၇ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၁၂၇ တန်ခွဲဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ၂၈၅၅၃တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ငါးထောင်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ အောက်တိုဘာ၂၈ ရက်မှာ ကျပ်၂၆၆၀၀၀ရှိရာမှ နိုဝင်ဘာ ၄ ရက်မှာတော့ ကျပ်၂၆၆၉၆၀ သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာနိမ့်မြင့် ၄၉-၅၀ ကျပ် ရှိပြီး ကားစီးရေ ၁၀၇၅ စီးဝင်ရောက် ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

---

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ပိုမိုတင်ပို့

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၇ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်ခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀ တန်ခန့်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆ တန်ခန့် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တင်ပို့နိုင်မှု မရှိဘူးလို့ သိရပါတယ်။

အောက်တိုဘာလအတွင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၈၅ တန်ကျော်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၈ တန် ကျော် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

---

## ချင်း

### အောက်တိုဘာလအတွင်း ချင်း တန် ၄၀ ကျော် တင်ပို့

အောက်တိုဘာ ၁ ရက်မှ ၃၁ရက်သီတင်းပတ်အတွင်း ချင်း ၄၄တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာလအတွင်း အပို့ပျောက်ခဲ့တဲ့ ချင်းက အောက်တိုဘာ တတိယသီတင်းပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာလအတွင်း ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၆၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

---

# CommuniCast Myanmar 2016 ပြပွဲ ပြသမည်




တတိယအကြိမ်မြောက် CommuniCast Myanmar 2016 ပြပွဲကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ Novotel Hotel Max တွင် ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ်မြောက်အဖြစ် ပြသမည့် CommuniCast Myanmar 2016 ပြပွဲတွင် KBZ Gatewayကုမ္ပဏီ၊ Myint&Associate Telecommunication နှင့် ဦးဆောင်အော်ပရေတာ တစ်ဦးဖြစ်သည့် MPT တို့လည်း ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲတွင် အိန္ဒိယ၊ ဗီယက်နမ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှလည်း ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကိုပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်အတွင်းမှာ Teledensity ဟာ ပိုမိုဖွံ့ဖြိုးလာခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကစပြီး Bangkok Exhibition Service နဲ့ ကွန်ပျူတာအသင်းချုပ်နဲ့ ပူးပေါင်းပြီး CommuniCast ဆိုပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။ အရင်တုန်းက Teledensity ၁၀ ရာခိုင်နှုန်းကျော်ကျော်လောက်ကနေ အခုဆိုရင် ၈၀ ကျော် ၉၀ လောက်အထိ တိုးတက်နေသလို မကြာခင်မှာ ရာနှုန်းပြည့်ပိုင်ဆိုင်လာတော့မှာဖြစ်ပါတယ်။ မြန်မာလူမျိုးတွေဟာ မထင်မှတ်ထားလောက်အောင် တိုးတက်ပြောင်းလဲလျက်ရှိနေတာကိုတွေ့ရပါတယ်။ တောရောမြို့ပါမကျန်တယ်လီကွန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးဖို့အတွက် ဂြိုလ်တုဆက်သွယ်ရေးစနစ်တွေ လိုအပ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဂြိုလ်တုဆက်သွယ်ရေးနဲ့သက်ဆိုင်တဲ့ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကို ကျင်းပသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ အတွင်းရေးမှူး ဦးဇော်မင်းဦးက ပြောကြားခဲ့သည်။

ယင်းပြပွဲတွင် Data Center နဲ့ ပတ်သက်သည့် ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Communi Cast Myanmar 2016 ပြပွဲတွင် Myanmar Satellite Forum ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖိုရမ်တွင်တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဝေးလံခေါင်းပါးသည့်ဒေသများမှ ပြည်သူများအား တစ်ချိန်တည်းတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်လျက်ရှိသည့် ဆက်သွယ်ရေးစနစ်များကို ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

---

## ရော်ဘာ

### ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၅ သန်းကျော်ဖိုး ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈၇ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၆၀၇ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS1 တန် ၇၀၊ RSS 3 ၇၁၇ တန်ကျော်၊ RSS 5 ၄၃၁ တန်ကျော်၊ MSR 20 ၂၆၃ တန်ကျော်နဲ့ MSR 50 တန် ၃၀ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ရော်ဘာအဆင့်စုံ တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS 3 ၄၅ တန်နီးပါးနဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၅၀ တင်ပို့ပြီး၊ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများက ရော်ဘာ ၁၂၈၈ တန်ခန့်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၁၉ တန် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

မော်လမြိုင်ဒေသရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်ကို ကျပ် ၁၆ ဒသမ ၉၇ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၁၄ ဒသမ ၇၇ သိန်းရှိပြီး ယခင်တစ်ပတ်က ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ် ၁ ဒသမ ၂၇ သိန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါတယ်။ တရုတ်ဘက်မှ ရော်ဘာဝယ်လိုအား တက်လာပြီး ပြည်တွင်းရော်ဘာဈေးတက်သော်လည်း ရော်ဘာအစေးခြစ်ကျွမ်းကျင်လုပ်သား ရှားပါးလာကြောင်း သိရှိရပါတယ်။ မြို့နယ်ရော်ဘာလုပ်ငန်းရှင်များ အသင်းအနေနဲ့ နည်းစနစ်တကျ ရော်ဘာအစေးခြစ်နိုင်ရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ ရရှိလာစေရေး မွေးထုတ်ပေးခြင်းနဲ့ ဒေသတွင်း လုပ်သားခက်ခဲပါက အခြားနယ်ဒေသများမှ ရော်ဘာအစေးခြစ်လုပ်ငန်း စိတ်ဝင်စားသူများကို ကျွမ်းကျင်အဆင့် လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးသွားမယ်လို့ သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ သန်းဖိုးရှိ ရော်ဘာ ၈၄၃ တန်ကို မလေးရှားနဲ့ ကိုရီးယားနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS 3 တန် ၅၉၀၊ Crepe Rubber ၂၈ တန်၊ MSR 20 ၁၈၅ တန်နဲ့ ကိုရီးယားနိုင်ငံသို့ MSR 20 TSR 20 တန် ၄၀ ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၂၄၇ တန်ကျော် တင်ပို့ နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၀၄ တန် လျော့နည်းခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ မြန်မာ့ ရော်ဘာစိမ်း တင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၈၉၆ သန်းနဲ့ တန်ချိန် ၅၈၁၃၆ ဖြစ်ပါတယ်။ ယမန်နှစ် ကာလတူတင်ပို့မှုထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၄၃ သန်းနဲ့ တန်ချိန် ၉၅၅၆ ကျော် ပိုမိုတင်ပို့ ထားနိုင်ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် ရော်ဘာပေါက်ဈေး အတက်အကျ သိပ်မရှိကြောင်းနဲ့ ပြည်ပပို့မယ့် မြန်မာ့ ရော်ဘာဈေးလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**



# အင်ကြင်းမြန်မာကုမ္ပဏီက IGM Car Care ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်

ဂျပန်နိုင်ငံနှင့် ယူအေအီးနိုင်ငံတို့မှ ကားများကို အဓိကထားတင်သွင်းနေသော အင်ကြင်းမြန်မာကုမ္ပဏီလီမိတက်က ၎င်းတို့၏ IGM Car Care ဝန်ဆောင်မှုအသစ်ကို ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကမာကြည်လမ်းပေါ်ရှိ ကားအရောင်းပြခန်းနှင့် ဆားဗစ်ပြခန်းတို့တွင် နိုဝင်ဘာ ၆ ရက်က မိတ်ဆက်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင်အင်ကြင်း မြန်မာကုမ္ပဏီ၏မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးဟန်ဝင်းအောင်က ယခုကဲ့သို့ IGM Car Care ဝန်ဆောင်မှုများကို မိတ်ဆက်ပေးရခြင်းမှာ ပြည်တွင်း၌ တင်သွင်းစီးနင်းနေကြသော ကားများနှင့်ပတ်သက်သည့် ပြဿနာအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကို ကူညီဖြေရှင်းပေးရန် ရည်ရွယ်ထားပြီး နှစ်ပေါင်း ငါးဆယ်ကျော် အတွေ့အကြုံရှိသော ပညာရှင်ကြီးများနှင့်ပူးပေါင်း၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ အင်ကြင်းမြန်မာ၏ ဆောင်ပုဒ်ဖြစ်သော ယုံကြည်စိတ်ချရမှု၊ အရည်အသွေး၊ စိတ်ကျေနပ်မှုတို့ကို အပြည့်အဝ ပေးအပ်နိုင်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ကြင်းမြန်မာကုမ္ပဏီလီမိတက်ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံနှင့် ယူအေအီးနိုင်ငံတို့မှကားများကို အဓိကထား တင်သွင်းလျက်ရှိသည့်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့အပြင် အပိုပစ္စည်းရှားပါးသော ဥရောပကားများအတွက် လိုအပ်သော အစိတ်အပိုင်းများကိုလည်း မှာယူတင်သွင်းဝန်ဆောင်မှုပေးလျက်ရှိသည်။ အင်ကြင်းမြန်မာအနေဖြင့် အမေရိကန်မိတ် Hummer ကားအစီးရေ ၄၇ စီးအထိ ရောင်းချနိုင်ခဲ့ပြီး မီနီဘတ်စ်အစင်းရေ ၈၀ကျော် တင်သွင်းရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ကမ္ဘာတစ်ဝန်းရှိ Viber အသုံးပြုသူများကို စီးပွားရေးလုပ်ငန်းများ၊ အမှတ်တံဆိပ်များနှင့် ချိတ်ဆက်နိုင်ရန် Public Accounts များအား စတင်မိတ်ဆက်

မြန်မာနိုင်ငံ၏ ဦးဆောင်လူမှုကွန်ရက်ဆက်သွယ်ရေး အပလီကေးရှင်းတစ်ခုဖြစ်သည့် Viber သည် စီးပွားရေးလုပ်ငန်းများ၊ အမှတ်တံဆိပ်များနှင့်ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်များအား Viber ၏ သန်း ၈၀၀ကျော်ရှိသော တရားဝင်စာရင်းသွင်း အသုံးပြုနေသူများနှင့် မြန်မာနိုင်ငံက အသုံးပြုသူ ၂၈ သန်းအပါအဝင် အားလုံးအဆင်ပြေချောမွေ့စွာ ဆက်သွယ်နိုင်ရန် Public Accounts များကို မကြာသေးမီက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း Viber ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Viber ၏ Public Accounts များသည် စီးပွားရေးလုပ်ငန်းများ၊ အမှတ်တံဆိပ်များ၊ ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်များနှင့် Viber အသုံးပြုသူများအကြား တစ်ဦးနှင့်တစ်ဦး စကားပြောခြင်း(သို့မဟုတ်)လူမှုကွန်ရက်တွင် ရုပ်သံထုတ်လွှင့်ခြင်းတို့ကို စနစ်တစ်ခုတည်းတွင်ပြုလုပ်နိုင်သည့် လုပ်ဆောင်ချက်များမှတစ်ဆင့် ချိတ်ဆက်လုပ်ဆောင်မည်ဖြစ်သည်။

"Viber မှာ အားလုံးကလွတ်လွတ်လပ်လပ် စိတ်ချလုံခြုံစွာနဲ့ သူတို့ရဲ့ မိသားစုဝင်တွေ၊ သူငယ်ချင်းတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ဆက်သွယ်နေကြပါတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့ Viber က အများပြည်သူအနေနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ချိတ်ဆက်နိုင်မယ့် လုပ်ဆောင်မှုတစ်ခုကိုလည်း စတင်မိတ်ဆက်ပေးသွားမှာဖြစ်ပါတယ်"ဟု Viber ၏ COO ဖြစ်သူ Michael Shmilov က ပြောကြားသည်။

"ပထမခြေလှမ်းအနေနဲ့ စတင်လုပ်ဆောင်နိုင်မယ့် ဝန်ဆောင်မှုတွေကတော့ စီးပွားရေးလုပ်ငန်းတွေက သူတို့ရဲ့ ဝယ်ယူစားသုံးသူတွေဆီ စာပို့ပြီး ထိတွေ့နိုင်မှာဖြစ်ပါတယ်။ ဒီအခြေအနေက အခြားစီးပွားရေးလုပ်ငန်းတွေရဲ့ လိုအပ်ချက်ပေါင်းများစွာကိုလည်း လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

အပြန်အလှန် ချိတ်ဆက်မှုနှင့် ကိုယ်ရေးကိုယ်တာ ချိတ်ဆက်ပေးသည့် လမ်းကြောင်းအနေဖြင့် Public Accounts များသည် အရောင်းအဝယ်၊ ဈေးကွက်ရှာဖွေခြင်း၊ မိမိလုပ်ငန်းအဖွဲ့အား ကူညီထောက်ပံ့ခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ကြေညာခြင်းတို့အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

Public Account များသည် ယနေ့မှစ၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် စတင်အသုံးပြုနိုင်ပြီဖြစ်ပြီး မိတ်ဖက်များဖြစ်သည့် The Huffington Post ၊ Yandex နှင့် The Weather Channel တို့ကလည်း ၎င်းတို့၏အစီအစဉ်သစ်များကို မကြာမီ မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



# Kawasaki အမှတ်တံဆိပ် မော်တော်ဆိုင်ကယ် အရောင်းပြခန်းကို မန္တလေးမြို့တွင် ဖွင့်လှစ်

Kawasaki အမှတ်တံဆိပ် မော်တော်ဆိုင်ကယ်အရောင်းပြခန်းကို မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၅ လမ်းနှင့် သိပ္ပံ လမ်းထောင့်၊ အမှတ်(မ/၅၅)တွင် အောက်တိုဘာလ ၂၉ ရက်က ဖွင့်လှစ် ခဲ့ကြောင်း သိရသည်။

အဆိုပါ Kawasaki အမှတ်တံဆိပ် အရောင်းပြခန်းတွင် Kawasaki KLX125, Kawasaki KLX 250, Kawasaki Vulcan 900 Custom, Kawasaki Vulcan 900 Classic, Kawasaki Ninja 300, Kawasaki Ninja 650, Kawasaki ZX6R, Kawasaki Z250, Kawasaki Z1000, Kawasaki MULE, Kawasaki TERYX, Kawasaki Jetski စသည့် မော်တော်ဆိုင်ကယ်အမျိုးအစားအမျိုးမျိုးကို ရွေးချယ်ဝယ်ယူနိုင်ကြပြီဖြစ်သည်။

အဆိုပါမော်တော်ဆိုင်ကယ်များကို Win Motors မော်တော်ဆိုင်ကယ် စီးပွားရေးလုပ်ငန်းစုက တင်သွင်းဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။ Win Motors သည် UMG Automotive က အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည့် လုပ်ငန်းစုတစ်ခုဖြစ်ပြီး ကမ္ဘာကျော်ထိပ်တန်း ဂျပန်အမှတ်တံဆိပ်ဖြစ်သည့် KAWASAKI မော်တော်ဆိုင်ကယ်များကို မြန်မာနိုင်ငံ၏ ဈေးကွက်လိုအပ်ချက်အတိုင်း ဖြန့်ဖြူးပေးရောင်းချပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံဒေသအတွင်း ခိုင်မာသော ဈေးကွက်တစ်ခုကိုလည်း တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

UMG Group of Companies သည် ၎င်း၏ဖောက်သည်များအတွက် အရည်အသွေးပြည့်မီသော မော်တော်ဆိုင်ကယ်များနှင့်အတူ ဝန်ဆောင်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ချမှတ်လုပ်ဆောင်လျက်ရှိပြီး ၎င်း၏ ဖောက်သည်များအတွက် အကောင်းဆုံး အပိုပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

စက်ပစ္စည်းများအား ပြန်လည်စစ်ဆေးပေးခြင်း၊ သန့်စင်ပေးခြင်း၊ တိုင်းတာပေးခြင်း၊ အစားထိုးလဲလှယ်ပေးခြင်းများကို တစ်ပေါင်းတစ်စည်းတည်း ဆောင်ရွက်ပေးလျက်ရှိသည်။ Win Motors မှဝယ်ယူသော Kawasaki Motorbikes များကို နှစ်နှစ်အာမခံဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# သီတင်းကျွတ်ကာလနောက်ပိုင်း ရန်ကုန်မြို့တွင်း အိမ်ရာ၊ ရုံးခန်းများ ငှားရမ်းမှုမြင့်တက်

လက်ရှိအိမ်ခြံမြေဈေးကွက်တွင် အဝယ်နှင့်အငှား နှစ်မျိုးစလုံး ပြန်လည်ကောင်းမွန်လျက်ရှိသော်လည်း ငှားရမ်းမှုက အဝယ်ထက် ပိုမိုမြင့်တက်လျက်ရှိကြောင်း House.com.mm ၏ စစ်တမ်းကောက်ယူမှုများအရ သိရသည်။

အထူးသဖြင့် ရန်ကုန်မြို့တွင်းရှိ အိမ်ရာရုံးခန်းများအား ဝယ်ယူမှုထက် ငှားရမ်းခြင်းက ပိုမိုများပြားနေကြောင်း သိရသည်။

"သီတင်းကျွတ်အပြီး အရောင်းအဝယ်ကတော့ မြေကွက်အဝယ်တွေမှာ မေးမြန်းစုံစမ်းတာတွေရှိတယ်။ ကျပ်သိန်းငါးထောင်အောက်ပေ့ါ။ မရမ်းကုန်း၊ အင်းစိန်၊ တောင်ဥက္ကလာ၊ မြောက်ဒဂုံ အဲဒီလိုနေရာမျိုးတွေမေးတာများတယ်။ အရောင်းအဝယ်ဖြစ်တာက တောင်ဥက္ကလာမှာ တစ်ထောင်ဝန်းကျင်နဲ့ မရမ်းကုန်းမှာ လေးထောင်ဝန်းကျင်နဲ့ အလုပ်ဖြစ်တယ်"ဟု Peace Land Real Estate ကုမ္ပဏီမှ ဒါရိုက်တာဦးအောင်ဇော်က ပြောကြားခဲ့သည်။

မြန်မာ့ဓလေ့ထုံးစံအရ သီတင်းကျွတ်ပြီးနောက် အငှားဈေးကွက် ပြန်လည်ကောင်းမွန်လာပြီး ရန်ကုန်မြို့တွင်းနေထိုင်ရန် ကောင်းမွန်သောမြို့နယ်များတွင် တိုက်ခန်းများ ပိုမိုဆောက်လုပ်လာမှုများကြောင့်လည်း တိုက်ခန်းများ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ လုံးချင်းအိမ်များ ငှားရမ်းခြင်း၊ ဝယ်ယူခြင်းတို့ကို ပိုမိုစုံစမ်းလာကြခြင်းဖြစ်ကြောင်း သိရသည်။

"အငှားဈေးကွက်ကတော့ မြန်မာနိုင်ငံရဲ့ ထုံးစံအတိုင်း ဝါကျွတ်ရင် အိမ်ပြောင်းအိမ်ရွှေ့ကြတဲ့အတွက် တိုက်ခန်းအနေနဲ့ ပြောရရင် ကျပ်နှစ်သိန်းဝန်းကျင်နဲ့ စမ်းချောင်း၊ သာကေတ၊ တောင်ဥက္ကလာ၊ သယ်န်းကျွန်းပေ့ါ၊ လုံးချင်းအနေနဲ့ပြောရရင် မရမ်းကုန်းမှာ ရုံးခန်းအတွက် ၁၀ သိန်းပတ်ချာလည် စုံစမ်းတာများတယ်။ ရန်ကင်း၊ တောင်ဥက္ကလာဘက်မှာတော့ လူနေဖို့ ရှစ်သိန်း၊ ကိုးသိန်းဝန်းကျင်စုံစမ်းတာတွေရှိပါတယ်။ ကွန်ဒိုအနေနဲ့ကတော့ ၁၀ သိန်းဝန်းကျင်ကို ကားပါကင်ပါတဲ့ မြို့နယ်စုံ အမေးများပါတယ်။ တိုက်ခန်းအရောင်းအဝယ်ကတော့ တောင်ဥက္ကလာဘက်မှာ ကျပ်သိန်းငါးရာအောက် အဝယ်လိုက်ပါတယ်။ ကျွန်တော်တို့ဆီမှာ တစ်နေ့ကို လေးငါးယောက်ကတော့ နေ့တိုင်းလိုလို ဆက်သွယ်တာရှိပါတယ်။ တခြားမြို့နယ်တွေမှာတော့ အေးအေးဆေးဆေးပါပဲ"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

**မယ်သီတာ**




## Vietjet က မြန်မာခရီးသွားများအတွက် ဟန္တိုင်း-တောင်ကိုရီးယား ခရီးစဉ်သစ်ကို စတင်

Vietjet လေကြောင်းလိုင်းသည် ဟန္တိုင်း-ဘူဆန်ခရီးစဉ်သစ်ကို ၂၀၁၆ ဒီဇင်ဘာ ၁၆ ရက်တွင် ပထမဆုံးစတင်ပြေးဆွဲမည်ဖြစ်ကြောင်း တောင်ကိုရီးယား၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဘူဆန်မြို့တွင် Vietjet က နိုဝင်ဘာ ၉ရက်က ကြေညာလိုက် ပြီဖြစ်သည်။

Vietjet သည် အဆိုပါခရီးစဉ်သစ်မိတ်ဆက်ခြင်းကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမေရိကန်ဒေါ်လာ သုည (စည်းကမ်းသတ်မှတ်ချက်များရှိ) မှ စတင်သည့် ပရိုမိုးရှင်းလက်မှတ်စောင်ရေ နှစ်သိန်းကို ရောင်းချပေးသွားမည်ဖြစ်သည်။ အဆိုပါဈေးလျှော့ရောင်းချမှုသည် www.vietjetair. com မှ "It’s time to Vietjet" အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက် အတွင်း အွန်လိုင်းမှကြိုတင်ဘွတ်ကင်မှာယူခြင်းများ အားလုံးအတွက် အကျုံးဝင်မည်ဖြစ်သည်။

ယခုပြေးဆွဲမည့် ဟန္တိုင်း-ဘူဆန် ခရီးစဉ်သစ်ကို အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့တိုင်း ပြေးဆွဲသွားမည်ဖြစ်ပြီး ကြာမြင့်ချိန်မှာ လေးနာရီခွဲဖြစ်သည်။

ယခုဈေးလျှော့ရောင်းချသည့် ပရိုမိုးရှင်းအစီအစဉ်သည် အသစ်တိုးချဲ့ပြေးဆွဲသော ဗီယက်နမ်-ဘူဆန် ခရီးစဉ်သစ်တစ်ခုတည်းအတွက်သာမက ဆိုးလ်၊ ဟောင်ကောင်၊ ကောင်းရှမ်၊ တိုင်ပေ၊ တိုင်နန်နှင့် တိုင်ရှမ်အပါအဝင် ဗီယက်နမ်မှ နိုင်ငံတကာခရီးစဉ်အားလုံးအတွက်ပါသက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လျှော့ဈေးလက်မှတ်ဖြင့် ခရီးသွားလာနိုင်သည့်ကာလမှာ ၂၀၁၆ ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့အထိ (အများပြည် သူရုံးပိတ်ရက်များမှအပ) ဖြစ်ပြီး ၂၀၁၆ ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ပြေးဆွဲမည့် ဟန္တိုင်း-ဘူဆန်ခရီးစဉ်၊ ၂၀၁၆ ဒီဇင်ဘာ ၉ ရက်တွင် စတင်ပြေးဆွဲမည့် ဟိုချီမင်း-ဟောင်ကောင်ခရီးစဉ်၊ ၂၀၁၆ဒီဇင်ဘာ ၁၂ရက်တွင် စတင်ပြေးဆွဲမည့် ဟိုချီမင်း-ကောင်းရှမ်နှင့် ဟိုင်ဖောင်-ဆိုးလ်ခရီးစဉ်၊ ၂၀၁၆ ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ပြေးဆွဲမည့် ဟိုချီ မင်း-တိုင်ရှမ်ခရီးစဉ် စသည်ခရီးစဉ်များလည်း ပါဝင်ခြင်းမရှိကြောင်းသိရသည်။

“လက်ရှိမှာ ဟန္တိုင်း၊ ဟိုချီမင်း၊ ဟိုင်ဖောင်မြို့တွေကို တောင်ကိုရီးယားရဲ့ ပြောင်းလဲနေတဲ့ မြို့တစ်မြို့ဖြစ်တဲ့ ဘူဆန်နဲ့ရော ဆိုးလ်နဲ့ပါ ချိတ်ဆက်ပြီး Vietjet က ခရီးစဉ်လေးခုပျံသန်းလျက်ရှိပါတယ်။ ခရီးစဉ်အသစ်တွေဟာ ခရီးသည်တွေကို ချိုသာတဲ့ဈေးနှုန်းနဲ့ အဆင်ပြေချောမွေ့စွာသွားလာနိုင်တဲ့ လေကြောင်းခရီးစဉ်တွေ ဖြစ်လာဖို့ မျှော်လင့်ပါတယ်။ Vietjet ရဲ့ ခရီးသည်တွေအနေနဲ့လည်းသူတို့ရဲ့ အလွန်ကောင်းမွန်တဲ့ ခရီးစဉ်တွေကို Vietjet လေကြောင်းကိုအသုံးပြုပြီး အမြဲသွားလာဖို့ မျှော်လင့်ပါတယ်”ဟု Vietjet ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Nguyen Thi Thuy Binh က ပြောကြားသည်။

**မယ်သီတာ**

**စာမျက်နှာ ၃ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အသင်းဝင်ကုမ္ပဏီများနှင့် သတင်းမှ အဆက်**

ထောက်ခံမည်မဟုတ်ဘဲ မူဝါဒရွေးချယ်မှု မလွဲမှားစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်တွန်းတင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် စပါးအဖြစ် ပြည်ပတင်ပို့ခြင်းသည် နိုင်ငံတကာကုန်သွယ်မှုနယ်ပယ်တွင် အပင်ပိုးမွှားရောဂါကိစ္စများ (Sanitary & Phytosanitary Issue) များရှိနေသဖြင့် ကုန်သွယ်ဖက်နိုင်ငံနှင့် တရားဝင်ဖြစ်စေရန် ညှိနှိုင်းပြီးမှသာ တင်ပို့ရန်သင့်၊ မသင့် စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ပြီး ယင်းအစီအစဉ်သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေမည့်အစီအစဉ်များပင်ဖြစ်ပါ ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နိုဝင်ဘာ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် သတင်းထုတ်ပြန်ချက်(၁၄/၂၀၁၆)တွင် ဖော်ပြထားသည်။

**မယ်သီတာ**

## ပုသိမ်မြို့တွင် တန်ဖိုးနည်းနှင့် တန်ဖိုးသင့် အငှားအိမ်ရာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ပုသိမ်မြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပုသိမ် မြို့ အမှတ်(၁၄) ဥမ္မာဒန္တီရပ်ကွက်တွင် တန်ဖိုးနည်းနှင့် တန်ဖိုးသင့် အငှားအိမ်ရာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပုသိမ်မြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီ ဝန်ထမ်းများနှင့် အခြေခံလူတန်းစားများ၏ အိမ်ရာအခက်အခဲ တွေ့ကြုံရမှုကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးရေး၊ ပြင်ပတွင် ငှားရမ်းနေထိုင်ခြင်းထက် အိမ်လခ ဈေးနှုန်းသက်သာမှုရှိပြီး အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ရန် အခန်းပေါင်း ၉၁ ခန်းကို ပထမအကြိမ်အဖြစ် စတင်ငှားရမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရပါတယ်။

အခန်းငှားရမ်းခမှာ လေးခန်းတွဲငါးထပ် (စတုရန်းပေ ၆၅၀)ကို တစ်လလျှင် ၄၃၅၀၀ ကျပ်၊ ရှစ်ခန်းတွဲလေးထပ် (၅၂၂ စတုရန်းပေ) ကို တစ်လ ငှားရမ်းခ ၃၅၀၀၀ ကျပ်နှင့် ရှစ်ခန်းတွဲလေးထပ် (၄၈၄ စတုရန်းပေ) ကို ၃၂၅၀၀ ကျပ်ဖြစ်ပြီး၊ ငှားရမ်းရန်ရှိသည့် အခန်းပေါင်း ၉၁ ခန်းကို လာရောက်လျှောက်ထားသည့် လျှောက်လွှာ ၅၀၁ စောင် အနက် အစိုးရဝန်ထမ်းများ လျှောက်လွှာက ၂၅၇ စောင်ဖြင့် အများဆုံးရှိပြီး၊ အငြိမ်းစားဝန်ထမ်းများက ၇၄ စောင်၊ ကုမ္ပဏီဝန်ထမ်းများက ၂၅ စောင်နှင့် ပြည်သူလူထုက ၁၄၅ စောင်နဲ့ ငှားရမ်းမည့် အခန်းထက် လျှောက်လွှာအရေအတွက် ပိုများလျက်ရှိကြောင်း အငှားအိမ်ရာ လျှောက်လွှာများကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာတွင် စတင်ရောင်းချခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် လျှောက်လွှာ နောက်ဆုံးတင်ရန် သတ်မှတ်ထားပါတယ်။ လက်ရှိအချိန် လျှောက်လွှာများကို သတ်မှတ်ပုံစံပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပြီးစီး၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဝန်ကြီးအဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်ချက်အတိုင်း ငှားရမ်းပေးသွားမှာဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမင်းထက်က ပြောပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

## ရန်ကုန်ကားဈေးကွက် အရောင်းအဝယ်အေးလွန်းသည့် အခြေအနေဖြစ်ပေါ်

နိုဝင်ဘာလ လဆန်းပိုင်းတွင် ရန်ကုန်ကား ဈေးကွက်အခြေအနေမှာ လဆန်းပိုင်းတွင် မုန်တိုင်းမိုးများ ပြန်လည်ရွာသွန်းနေမှုများနှင့်အတူ ကားပွဲစားတန်းများနှင့် အရောင်းစင်တာများတွင်ပါ လူဝင်ကျဲပါးကာ အရောင်းအဝယ်ဈေးကွက်လည်း အေးစက်လာသည့်သဘော တွေ့ရှိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း မူဝါဒသက်ရောက်မှုကလည်း အများကြီးသက်ဆိုင်သဖြင့် လတ်တလော အများမျှော်လင့်နေသည့် မူဝါဒများ ထုတ်ပြန်နိုင်ခြင်းမရှိသလို ၂၀၁၇ ခုနှစ်အတွက် ဈေးနှုန်းသတ်မှတ်ချက်များလည်း ထွက်ပေါ်လာခြင်းမရှိသည့်အတွက် ဖရီးပါမစ်ဖြင့်သွင်းသည့်ကားဈေးကွက်မှာ တစ်မျိုး၊ စလစ်ကပ်ကားအုပ်စုမှာ တစ်မျိုးစသည်ဖြင့် ပုံစံမတူသော်လည်း နောက်ခံအကြောင်းတူသဖြင့် အတက်ဘက်သို့သာပို၍ဦးတည်လာကြောင်း တွေ့ရသည်။

ယခုကာလအတွင်း အသစ်တင်သွင်းသည့် ကားများမှာ ပြည်ပနိုင်ငံခြားငွေ (ဒေါ်လာ /ယန်း) မြင့်တက်သည့်ကာလနှင့် ကြုံကြိုက်နေသဖြင့် အသွင်းနည်းသည်ထက်နည်းလာကာ ယာဉ်ဟောင်းအပ်နှံကားများမှာလည်း တဖြည်းဖြည်း ရှားပါးလာခဲ့သည်။ ထို့ပြင် ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ ကန့်သတ်ချက်များလာသဖြင့် စလစ်ဈေးမှာ ကျပ် ၁၀၅ သိန်း ၁၀၆ သိန်းမှ အောက်သို့ မကျဆင်းတော့ကြောင်း၊ မည်သို့ပင်ဖြစ်စေ စလစ်ကပ်ကားများနှင့်ပတ်သက်၍ မော်ဒယ်ခုနှစ်သတ်မှတ်ချက် ထွက်ပေါ်ပါက ရောက်ရှိ ခုနှစ်ထက်ခြောက်နှစ်ခန့်သာကွာခြားပြီးသွင်းရမည့်သတင်းသာ ပေါ်ထွက်နေသဖြင့် ရှေ့လျှောက်စလစ်ကပ်ကား ဈေးတက်ဖို့သာ ရှိကြောင်း၊ ရှေ့နှစ်တွင် စလစ်အပ်နှံခြင်းအစား ပုံစံတစ်မျိုးဖြင့် အစားထိုးဖြေလျှော့နိုင်ပါက အကောင်းဆုံးဖြစ်နိုင်ကြောင်း၊ လတ်တလောတွင်လည်း ဒေသအာဏာပိုင်များထံမှ “ကားတင်သွင်းမှုလိုအပ်ချက်သာ ပေးသွင်းမည့်စနစ်” ဟူ၍ သတင်းများပေါ်ထွက်နေကြောင်း၊ နောင်မည်သို့ ဖြစ်မည်ကို မပြောနိုင်သေးသော်လည်း ယခုလောလောဆယ်တွင် အရောင်းအဝယ်များ အေးစက်နေပြီး ကားဈေးတန်းမှာ လည်း အတက်ဘက်သို့ ဦးတည်နေကြောင်း ဝါရင့်အကျိုးဆောင်ကိုမြင့်ကျော်က ပြောသည်။

အကျိုးဆောင်များပြောသကဲ့သို့ ကားဈေးကွက်မှာ ထင်သလောက် အရောင်းအဝယ်မဖြစ်ဘဲ ကားလေးများသာမက၊ စလစ်ကပ်ကားများပါဈေးမြင့်တက်လာပြီး ယခုဈေးကွက်ထဲတွင် အကွာရာနိမ့် (၂၀၁၃-၂၀၁၄) ရန်ကုန်လိုင်စင်ဝှရ်ှကား တစ်စီး ၁၈၅ သိန်းမှ သိန်း ၁၉၀၊ နယ်လိုင်စင်ပရိုဘောက်၊ ဆပ်ဆက်(ယာယီ) (၁၇၅)သိန်းခန့်၊ (၂၀၁၂/၁၃) ဟွန်ဒါဖစ်(ယာယီ) သိန်း ၁၈၀၀ ဝန်းကျင်၊ ၂၀၀၃ ခုနှစ်ထုတ် နွဲ့ချ်ဝက်ဂွန်(ယာယီ) သိန်း ၂၂၀ မှ သိန်း ၂၃၀ ခန့်၊ ကလူဂျာ (၂၀၀၄) (၂. ၄) ယာယီ တစ်စီး သိန်း ၃၆၀ ခန့်ဈေးတန်းခေါ်ကာ ရောင်းချနေကြောင်းနှင့် အဝယ်ကျဲပါးနေကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ/ နယ်လိုင်စင် |
| ၂။ | အာလ်ဖတ် (၂၀၀၃) | 5I | ၂၅၀ သိန်း | 3.0 ဓာတ်ဆီ |
| ၃။ | မစ်ဆူဘီရှီ RVR (၂၀၀၀) | 1K | ၂၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | ကိုရိုလာဆလွန်း (၂၀၀၂) | 3J | ၁၃၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1.5 ဓာတ်ဆီ/နယ်လိုင်စင် |
| ၆။ | ဆူဇူကီး(ဆွစ်) (၂၀၁၃) | ယာယီ | ၁၂၈ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၇။ | တိုယိုတာကရောင်း (၂၀၀၃) | ယာယီ | ၂၅၅ သိန်း | 2.5 ဓာတ်ဆီ |
| ၈။ | တိုယိုတာနွံ့ချ်(၂၀၀၃) | ယာယီ | ၂၃၅ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၉၈ သိန်း | ကားကောင်း |

# ကယားပြည်နယ်တွင် ပြောင်းဖူးစေ့ဈေး ဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်မည်

ကယားပြည်နယ်ရဲ့ ၂၀၁၆-၂၀၁၇ ပြောင်းစိုက်ရာသီမှာ ပြောင်းစိုက်တောင်သူများဟာ ကမ္ဘာ့ပြောင်းဈေးနှုန်း ကျဆင်းခြင်း၊ ကယားပြည်နယ်ရဲ့ အဓိကပြောင်းတင်ပို့တဲ့ တရုတ်နိုင်ငံမှာ ပြောင်း ပိုမိုတိုးချဲ့စိုက်ပျိုးသဖြင့် အထွက်နှုန်း ကောင်းမွန်ခြင်း၊ မြန်မာ့စိုက်ပျိုးရေးပို့ကုန်များအား တရုတ်နိုင်ငံမှ ဖမ်းဆီးနေခြင်း၊ ဘိန်းအစားထိုးသီးနှံအတွက် ပြောင်းဖူးစေ့ဝယ်ယူမှု ခွဲတမ်းလျော့နည်းခြင်းနှင့် ပြောင်းစိုက်တောင်သူများရဲ့ ပြောင်းအရည်အသွေးကျဆင်းခြင်းတို့ကြောင့် အခက်အခဲတွေ့နေရပါတယ်။

အောက်တိုဘာ ၅ ရက်နေ့က ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူရဲ့ ခရီးစဉ်မှာ စားသုံးသူရေးရာ ဦးစီးဌာနပြည်နယ်ဦးစီးမှူးက အဆိုပါအခြေအနေများကို ကိန်းဂဏန်း အချက်အလက်များနဲ့တကွ ရှင်းလင်း တင်ပြခဲ့ပါတယ်။ အဲဒီနောက် အောက်တိုဘာ ၁၂ ရက်မှာ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်း အဝေးခန်းမ၌ ဘဏ္ဍာရေးနှင့်စီမံကိန်း ဝန်ကြီး ဦးမော်မော်ဦးဆောင်၍ ဌာန ဆိုင်ရာ တာဝန်ရှိသူများက ပြောင်းတင်ပို့မှုကိစ္စနှင့်ပတ်သက်၍ထပ်မံ ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

ဒါ့အပြင် နိုဝင်ဘာ ၃ ရက်မှာ ကယားပြည်နယ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်သမ္မတ ကိုယ်တိုင်လာရောက်စစ်ဆေးရာ ပြောင်းစိုက်တောင်သူများက ခိုင်မာသောပြောင်းဈေးကွက်ရရှိရေးတင်ပြခဲ့ကြပါတယ်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြောင်းစိုက်ဧက၊ ပြောင်းအထွက်နှုန်းနှင့် ဈေးနှုန်းများ ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ ပြောင်းစိုက်တောင်သူနှင့် ပြောင်းကုန်သည် လုပ်ငန်းရှင်များက ပြောင်းဈေးကွက်နှင့် ဈေးနှုန်းအခြေအနေများကို ဂယနဏသိရှိစေရန် ပြောင်းစိုက်ဧကနှင့် တိုးလာတဲ့ စိုက်ဧကများကို စာရင်းပြုစုလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်အရ ၂၀၁၅-၂၀၁၆ အတွင်းက ပြောင်းစိုက်ဧကမှာ ၃၆၇၂၅ ဧကရှိပြီး ၂၀၁၆-၂၀၁၇ မှာတော့ ပြောင်းစိုက်ဧက ၅၂၇၆၆ ဧကရှိရာ ယခုနှစ်မှာ ပြောင်းစိုက်ဧက ၁၆၀၄၁ ဧကတိုးလာကြောင်း တွေ့ရပါတယ်။

ယခုနှစ် တိုးလာတဲ့စိုက်ဧကများဟာ ယခင်နှစ်က မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲမျိုးစုံ၊ ဖူးစားပြောင်း၊ နှံစား ပြောင်းငရုတ်နှင့် အာလူးတို့ စိုက်ပျိုးထားတဲ့ စိုက်ဧကတွေဖြစ်သလို အချို့မှာ ပလပ်ယာမြေများ ဖြစ်ပါတယ်။ ၂၀၁၅- ၂၀၁၆ စိုက်ပျိုးရာသီမှာ မြေပဲကို ၁၂၅၅၂ ဧကစိုက်ပျိုးပြီး ယခုနှစ်မှာ ၁၁၈၁၉ ဧကစိုက်ပျိုးရာ လျော့နည်း ၇၃၃ ဧက၊ နေကြာကို ၂၅၆၂ ဧက စိုက်ပျိုးပြီး ယခုနှစ်မှာ ၁၈၂၆ ဧကစိုက်ပျိုးရာ လျော့နည်း ၇၃၆ဧက၊ ပဲမျိုးစုံကို ယခင်နှစ်က ၃၈၄၄၄ ဧကစိုက်ပျိုးပြီး ယခုနှစ်တွင် ၂၉၈၂၄ စိုက်ပျိုးရာ လျော့နည်းဧက ၈၆၂၀ ဧက၊ တောင်ယာစပါးနှင့် ယာစပါးကို ယခင်နှစ်က ၄၃၅၂၀ ဧကစိုက်ပျိုးပြီး ယခုနှစ်မှာ ၃၉၅၈၆ စိုက်ပျိုးရာ လျော့နည်းဧက ၃၉၃၄ ဧက၊ ဖူးစားပြောင်း၊ နှံစားပြောင်း၊ အခြားသီးနှံမှာ ယခင်နှစ်က ၁၇၆၆၆ ဧကစိုက်ပျိုးပြီး ယခုနှစ်မှာ ၁၆၉၂၈ ဧကစိုက်ပျိုးရာ လျော့နည်း၇၃၈ ဧက၊ ငရုတ်ကို ယခင်နှစ်က၃၉၆၇ ဧကစိုက်ပျိုးပြီး ယခုနှစ်မှာ ၃၄၄၄ဧက စိုက်ပျိုးရာ လျော့နည်းဧက ၅၂၃၊ အာလူးကိုယခင်နှစ်က ၃၇၁ဧက စိုက်ပျိုးပြီး ယခုနှစ်မှာ၂၇၇ ဧက စိုက်ပျိုးရာ လျော့နည်း ၉၄ ဧကဖြစ်ပြီး စုစုပေါင်း ၁၅၃၇၈ ဧကနှင့် ပလပ်မြေ ၆၆၃ဧကကို ယခုနှစ်မှာ ပြောင်း စိုက်ပျိုးရာ စုစုပေါင်း ပြောင်းစိုက်ဧက ၁၆၀၄၁ တိုးလာကြောင်းတွေ့ရပါတယ်။

ပြောင်းစိုက် တောင်သူများအနက် အချို့တောင်သူများဟာ ဈေးကောင်းရရှိရေး မျှော်လင့်ချက်ဖြင့် အခြောက်ခံစက်နဲ့ အခြောက်ခံ၍ သိုလှောင်ထားရှိကြတယ်လို့ သိရပါတယ်။ ကယားပြည်နယ် စားသုံးသူရေးရာ ပြည်နယ်ဦးစီးမှူးရုံးမှလည်း နေ့စဉ်မူဆယ်-မန္တလေး ဈေးနှုန်းနဲ့ဈေးကွက်အခြေအနေများကို မျက်ခြည်မပြတ်လေ့လာပြီး ပြောင်းစိုက်တောင်သူများကိုအသိပေး ဆောင်ရွက်လျက်ရှိပါတယ်။

ကယားပြည်နယ် အစိုးရအဖွဲ့အနေနဲ့လည်း နိုဝင်ဘာလ ၁၂ ရက်မှာ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမမှာ ပြောင်းစိုက်တောင်သူများ၊ ပြောင်းကုန်သည်များနဲ့ တွေ့ဆုံပြီး ပြောင်းဈေးနှုန်းတည်ငြိမ်ရေး၊ ဈေးကွက်ရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း သိရပါတယ်။

**မြို့ရှီ**
**(စားသုံးသူ၊ ကယား)**

## ရွှေဘိုမြို့ရှိ စားသုံးဆီရောင်းချသည့်ဆိုင်များအား စစ်ဆေး ပညာပေးခြင်းများ ဆောင်ရွက်မည်

ရွှေဘိုမြို့တွင် စားသုံးဆီရောင်းချနေသည့် ဆိုင်များအား စစ်ဆေး၍ ပညာပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ဒုတိယအကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာလ ၈ ရက် က ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးမှ ရွှေဘိုမြို့ပေါ်တွင် ရောင်းချနေသည့် စားသုံးဆီဆိုင်များအား စစ်ဆေးပညာပေး ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ထို့ကြောင့် ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေ ဖြင့် နိုဝင်ဘာလ ၁၁ ရက်တွင် ရွှေဘိုခရိုင် အတွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအနက် တစ်မြို့နယ်လျှင် ငါးဦးကျစီခေါ်ယူ၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့များဖွဲ့စည်းရန်နှင့် စားသုံးဆီရောင်းချသည့်ဆိုင်များတွင် ပြည့်ဝဆီများနှင့်ရောနှော၍ ရောင်းချနေသည်ကိုကြားသိနေရသဖြင့် စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နှင်းနှင်းခိုင်- ရွှေဘို**

## ပုသိမ်မြို့ ကင်မလင်ကျွန်း စက်မှုဇုန်တွင် Huabo Times Textile and Clothing Co.ltd အထည်ချုပ်စက်ရုံသစ် ထပ်မံဖွင့်လှစ်

ပုသိမ်မြို့၊ ကင်မလင်းကျွန်း စက်မှုဇုန်တွင် တရုတ်နိုင်ငံ Huabo Times Textile and Clothing Co.ltd အထည်ချုပ် စက်ရုံသစ် ဖွင့်လှစ်ပွဲကို နိုဝင်ဘာ ၆ ရက်တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မိတ်ဖက်ကုမ္ပဏီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါတယ်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်ဦးမန်းဂျော်နီက ယခုကဲ့သို့ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် ပြည်ပဝင်ငွေ ပိုမိုရရှိလာမှာဖြစ်ပြီး၊ ပြည်ပသို့ထွက်ကာ အလုပ်လုပ်စရာမလိုဘဲ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၁၁) ချက်နှင့်အညီ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို မိမိတို့တိုင်းဒေသကြီးမှ ဖိတ်ခေါ်ကြိုဆိုလျက်ရှိကြောင်း၊ အစိုးရသစ်အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ အဂတိလိုက်စားမှု ပပျောက်ရေးတို့ကို ဆောင်ရွက်နေသလို အလုပ်ရှင် အလုပ်သမား နှစ်ဖက်စလုံးတွင် တရားဥပဒေနှင့်အညီဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ လုပ်ငန်းခွင်အတွင်း စည်းကမ်းချက်များနှင့် အခွင့်အရေးများကို စက်ရုံဝန်ထမ်းများကလည်း သိရှိရန်လိုအပ်၍ စက်ရုံသစ်ရဲ့ တာဝန်ရှိသူများမှလည်း စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေး ဆောင်ရွက်ထားရှိမှု လစာနှုန်းထားများ သတ်မှတ်ထားရှိမှုတို့ကို မေးမြန်းပြီး၊ အလုပ်ရှင်များကလည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ကြရန် ပြောကြားပါတယ်။

Huabo Times Textile and Clothing Co.ltd အထည်ချုပ်စက်ရုံမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့တွင် အခြေစိုက်ထားသည့် Beijing Fashion Holding Co.Ltd ဖြစ်၍ ပထမဦးဆုံးနိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ စက်ရုံသစ်အနေဖြင့် မြန်မာနိုင်ငံ၏ ဥပဒေ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ ဥပဒေများအား ဆောင်ရွက်သွားမည်ဖြစ်ပြီး ၊ တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာများ ပိုမိုမြှင့်တင်နိုင်ရန် မျှော်လင့်ထားကြောင်း၊ Beijing Fashion Holding Co.ltd ၏ တာဝန်ရှိသူ မစ္စတာဝူလီက ပြောကြားပါတယ်။

**ကျော်ဌေး (စားသုံးသူရေးရာဦးစီးဌာန)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

၁၄-၁၁-၂၀၁၆ မှ ၂၀-၁၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးကိစ္စနှင့်ပတ်သက်ပြီး လှုပ်ရှားသွားလာလုပ်ကိုင်ရမှုများပြားလာတတ်ပါသည်။ ဆန္ဒနှင့် တစ်ထပ်တည်းကျသလို ရည်မှန်းချက်ပြည့်ဝခြင်းများ ရှိတတ်ပါသည်။ စီးပွားရေးလုပ်ငန်းဟောင်းမှ ငွေရခြင်း၊ တန်ဖိုးကြီးတဲ့ပစ္စည်း ရောင်း ထွက်ခြင်းကြောင့် ငွေရခြင်းတို့ဖြစ်နိုင်ပါသည်။ ပညာရပ်များကို စိတ်ဆန္ဒအတိုင်း လေ့လာ သင်ယူတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့် ကောင်းမွန်နေ မည်။ ကျန်းမာရေးတွင် သွား၊ ခံတွင်းနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ ဆရာသမားအကြီးအကဲတို့ကို ဂါရဝပြုပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် မိမိရည်ရွယ်ချက် အတိုင်း စာရင်းဇယားချ၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက် တတ်သောကြောင့် ထိပ်ဆုံးအဆင့်သို့ရောက်တတ်ပါသည်။ ပညာရေးထွန်းပေါက်ရန်ကြိုးစားနေရဦးမည်။ အချစ်ရေးတွင် ကံမရှိသော်လည်း အိမ် ထောင်ရေးတွင်သစ္စာတော့ရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လေ၊ သွေးနှင့်သက်ဆိုင်သော ဝေဒနာမျိုးခံစားရတတ်သည်။

**ယတြာ။ ။ဘုရားတွင်နေကြာပန်းကပ်လှူ၍သစ်သီးရှစ်စိတ်ကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေး လောကတွင်လူအများ နှင့်သတိထား၍ပြောဆိုဆက်ဆံရတတ်သည်။ နည်း ပညာသစ် များကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေများစွာ ရရှိမည်ဖြစ်သည်။ ပညာရေးတွင်အောင်မြင်ရန်ကံတရားရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် ထွေထွေထူးထူးရောဂါများမရှိတတ်ပါ။ အချစ်ရေး တွင်ပူပန်နေရတတ်ပြီး အိမ်ထောင်ရှိသူဖြစ်လျှင် ဘဝတိုက်ပွဲ ဝင်နေရတတ်ပါ သည်။

**ယတြာ။ ။ သံဃာတော်နှင့်သီလရှင်အားဖိနပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးကံကောင်းနေတတ် ပါသည်။ စားသောက်ဆိုင်လုပ်ငန်း၊ ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်း၊ အနုပညာဆိုင်ရာ အိမ်အလှဆင်ဆေးသုတ် လုပ်ငန်း တို့မှ စီးပွားဖြစ်ထွန်းပြီး ဝင်ငွေအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် မထင်မှတ်သောပြဿနာတို့ ဝင်ရောက်လာတတ်သည်။ ကျန်းမာ ရေးအနေဖြင့် ဦးနှောက်အမြှေးရောင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ရောဂါတို့ ဖြစ်တတ်သည်။

**ယတြာ။ ။လိမ္မော်ရည်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့ သည် ထင်ထားသည်ထက်ပို၍ အဆင်ပြေချောမွေ့စွာအောင် မြင်မှုများရရှိနေမည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်နေ မည်။ ကျန်းမာရေးအနေဖြင့် ပင်ပန်းနွမ်းနယ်မှု များခြင်းတို့ ကြောင့် ကိုယ်လက် မအီမသာဖြစ်ခြင်း၊ ဒူးဆစ်ရောင်ခြင်းတို့ သတိပြုသင့်ပါသည်။ အချစ်ရေးတွင် အလိုလိုက်အကြိုက်ဆောင်သူနှင့် ပျော်ရွှင်စွာတွေ့ရတတ်ပါသည်။

**ယတြာ။ ။မြဘုရားတစ်ဆူဆူတွင် သစ်သီးဆွမ်းကပ်၍လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးပိုမိုတိုးတက် အောင်မြင်ပြီး ဆန်စပါး၊ လယ်ယာကိုင်းကျွန်းတို့မှ ထွက်ကုန် ပစ္စည်းများ အကျိုးပေးကောင်းလာတတ်ပါသည်။ ပညာရေး တွင် ကွန်ပျူတာ၊ စီမံခန့်ခွဲမှု ပညာများထက်မြက်မှုအားကောင်းနေမည်။ ကျန်းမာ ရေးတွင်အူကျရောဂါ၊ လိပ်ခေါင်းရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်ခင်ကြင်နာစိတ်ဝင်နေတတ်သည်။ ဘဝသာယာရေးကို ဦးစားပေးနေမည်။ **ယတြာ။ ။ အပေါင်းအသင်းမိတ်ဆွေများကိုမိမိနှစ်သက် သောလက်ဆောင်ပစ္စည်းပေးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလောကတွင် သတ္တု-ကြေး-သံတို၊ သံစတို့နှင့်ပတ်သက်ပြီး အကျိုးကျေးဇူးခံစားရ မည့် ကာလဖြစ်နေတတ်ပါသည်။ ပညာရေးတွင် ထူးချွန် ပြောင်မြောက်စွာတိုးတက်မှုရလိမ့်မည်။ ကျန်းမာရေးတွင် ရင်ကြပ်၊ ချောင်းဆိုး၊ အသံဝင်၊လည်ချောင်းနာခြင်းဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေးတွင် အဆက်အသွယ်ရရှိလာတတ်သည်။ အိမ်ထောင်ရေးတွင် မိသားစုဘဝနောင်ရေး အတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်နေရတတ်ပါသည်။

**ယတြာ။ ။ ရဟန္တာအား ရည်စူး၍ ဆွမ်းကပ်လှူပါ။**

# ကသာခရိုင်ထွက် မျှာမြက်ဖျာများ ရောင်းအားသွက်



ကသာခရိုင်ဟာ မိုးများတဲ့ ဒေသ ဖြစ်လို့ သဘာဝစိမ့်စမ်း၊ အင်းအိုင်၊ လျှိုမြောင်များ ပေါပါတယ်။ သဘာဝ စိမ့်စမ်းအိုင်များမှာ မြက်ကြီးမျိုးနွယ် ဖြစ်တဲ့ မျှာမြက်ပင်ကြီးများ ပေါက် ရောက်ပါတယ်။ မျှာမြက်ပင်ဟာ မိုး အကုန် ဆောင်းအကူးမှာ ပေါက်ပြီး အပင်အမြင့်ဟာ ငါးပေခန့် ရှည်လျားပါ တယ်။ အသားထူအိပြီး နူးညံ့တဲ့အတွက် ကြောင့် ဖျာအဖြစ်ရက်လုပ်ပြီး အသုံး ပြုကြတာကို တွေ့ရပါတယ်။ ကသာ ခရိုင်ဟာ ဆောင်းရာသီတွင် အအေး လွန်ကဲသော ဒေသဖြစ်တဲ့ အတွက် ဒေသနေ ပြည်သူများ မြက်ဖျာခင်းပြီး အိပ်စက်ကြပါတယ်။ ဒေသတွင်းနဲ့ နယ်မြို့များက ဝယ်ယူမှုများတဲ့အတွက် မျှာမြက်ဖျာများ ရောင်းအားကောင်း နေကြောင်း ဈေးကွက်ကသိရပါတယ်။

မျှာမြက်ဖျာ ရက်လုပ်မည်ဆိုပါက မျှာမြက်များကို အခြောက်လှန်းရပါ တယ်။ ခြောက်သွေ့တဲ့အခါမှ လျှော်ကြိုး ကျစ်ပြီး ရက်ရပါတယ်။ မျှာမြက်ကို သဘာဝအလျှောက် ခုတ်ယူရရှိပါ တယ်။ ရက်လုပ်သူများကို ငှားရမ်းရပါ တယ်။ ဖျာတစ်ချပ်ပြီးရင် လုပ်အားခ ၁၀၀၀ ကျပ် ပေးချေရပါတယ်။ ဈေး ကွက်ထဲရောက်ပါက ဖျာတစ်ချပ်ကို ၄၀၀၀ ကျပ်နဲ့ ရောင်းချပါတယ်။ တစ် ရက်ကို လုပ်သားငါးဦးရက်လုပ်ပါက ဖျာအချပ်ရေ ၁၅ ချပ် ပြီးစီးပါတယ်။ အိမ်တွင်း မိသားစုလုပ်ငန်းဖြစ်သော ကြောင့် မိသားစု ၃၀ ကျော် ရက်လုပ် ကြပါတယ်။ ရွှေဘို၊ မန္တလေး၊ ရန်ကုန်မြို့ များအထိ ဖြန့်ဖြူးရောင်းချရကြောင်းကို မျှာမြက်ဖျာ လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ အင်းတော်မြို့မှ ဒေါ်တင်အိက ပြောပါ တယ်။

**ကြည်နိုင်ဦး- အင်းတော်**

■

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၂)မြို့နယ်တွင် မိုးကောက်စော စပါးများ ဈေးကွက်ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်(၁၂)မြို့နယ် တွင် မိုးကောက် စောစပါးများ ဈေးကွက်ဝင်ရောက် လျက်ရှိပြီး ၄၆ပေါင် တင်း၁၀၀လျှင် မြောင်းမြမြို့နယ်၌ ပေါက်ဈေး ကျပ် ၄၀၅၀၀၀၊ (ယခင်နှစ်ကာလတူ ကျပ် ၅၆၁၀၀၀)၊ အိမ်မဲ မြို့နယ်တွင် ကျပ် ၃၈၈၀၀၀ ဈေး၊ (ယခင်နှစ်ဈေး ကျပ် ၅၄၁၀၀၀)၊ ဝါးခယ်မမြို့နယ်၌ ကျပ် ၄၀၅၀၀၀၊ (ယခင်နှစ် ကျပ် ၅၂၄၀၀၀)၊ မအူပင်မြို့ နယ်တွင် ကျပ်၃၇၇၀၀၀၊ (ယခင် နှစ်ဈေးကျပ် ၄၇၈၀၀၀)၊ ပန်းတနော်မြို့နယ်တွင်ကျပ် ၃၇၇၀၀၀ ဈေး၊ (ယခင်နှစ်ဈေးကျပ် ၄၇၈၀၀၀) နှင့် ညောင်တုန်းမြို့နယ်တွင် လက်ရှိ စပါး ပေါက်ဈေး ကျပ် ၃၇၇၀၀၀ (ယခင်နှစ်ဈေးမှာ ကျပ် ၄၈၀၀၀၀)ဈေးရှိ ကြောင်း သိရပါ တယ်။ အဆိုပါ ဈေးနှုန်းများအား ယခင်နှစ် ကာလတူဈေးနှင့် နှိုင်းယှဉ် ပါက စပါးတင်း ၁၀၀ကို ကျပ်သိန်း ဂဏန်းဝန်းကျင် ဈေးနှုန်း လျော့နည်းလျက်ရှိကြောင်း၊ ယခု ရက်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် အချို့နေရာများ တွင်စပါး များမရိတ်သိမ်း နိုင်သော်လည်း စပါးသစ်ဝယ်လိုအားရှိသော မြောင်းမြ၊ အိမ်မဲ၊ ဟသ်ာတ၊ ဇလွန်၊ ပန်းတနော်၊ ညောင်တုန်းမြို့ များတွင် စပါးဈေးနှုန်းများမှာ လက်ရှိဈေး ထက် သောင်း ဂဏန်း ဝန်းကျင် မြင့် တက်နေပြီး၊ စပါးဝယ်ယူရာတွင် အစို ဓာတ်အနည်းအများပေါ် မူတည်၍ ဈေးနှုန်းကွာခြားမှု ရှိနိုင်ကြောင်းနှင့် ရာသီဥတု ပွင့်လင်းလာလျှင် အရောင်း အဝယ်သွက်လာနိုင်ကြောင်း ဈေးကွက် မှ သိရပါတယ်။

**မင်းမင်းဦး**

စာမျက်နှာ (၁၇)မှအဆက် ➢➢➢ အသက်မွေးဝမ်းကျောင်း ... မှ အဆက်

### လုပ်သားပိုမိုအသုံးပြုရသော စီးပွားရေး

စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်လာပုံ အဆင့်(၃) ဆင့်အနက် လုပ်သား ပိုမိုအသုံးပြုရသော စီးပွားရေး (Labour-Intensive Economy) သည် ပထမအဆင့်ဖြစ်ပြီး ၁၉၆၀ ပြည့်လွန်နှစ် များမှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ ကျင့်သုံးခဲ့ ပါသည်။ နိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် စက်မှု ထုထောင်ရေးကို စတင်ခဲ့ပါသည်။ ထိုကဲ့သို့ စတင်ရာ တွင် အဓိက ရင်ဆိုင်ရသော စိန်ခေါ်မှုမှာ အလုပ်လက်မဲ့ပြဿနာဖြစ်သောကြောင့် အလုပ်အကိုင်ဖန်တီးရေးကို ဦးစားပေးလုပ် ဆောင်ခဲ့ ပါသည်။ Labour Intensive Economy ကို Factor-Driven Economy ဟူ၍လည်း ခေါ် ဆို သည်။

စင်ကာပူနိုင်ငံသည် ၁၉၆၈ ခုနှစ် တွင် စီးပွားရေးမဟာဗျူဟာ (Economy Strategy) ကို ပြောင်းလဲခဲ့ပါသည်။ အဓိကအားဖြင့် သွင်းကုန် အစားထိုး ပေါ်လစီ(Import Substitution Policy) မှ ပို့ကုန်တိုးမြှင့်ရေး ပေါ် လစီ (Export Promotion Policy)သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ စက်မှုထုထောင်ရေးအတွက် ပို့ကုန်မြှင့်တင်ရေး ပေါ်လစီကိုကျင့်သုံးရာတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု (Foreign Investment)ကို ဆွဲဆောင်သည့် ပို့ကုန်ဦးစားပေးပြီး လုပ်သား ပိုမိုအသုံးပြုရသော လုပ်ငန်း (Export-oriented and Labour-Intensive Manufacturing) ကို အကောင် အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

**Source: National Policies TVET with Economic Expansion**



## မြို့ကြီးများ၏ ၁၄-၁၁- ၂၀၁၆ မှ ၁၈-၁၁- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၄-၁၁-၂၀၁၆) | အင်္ဂါ(၁၅-၁၁-၂၀၁၆) | ဗုဒ္ဓဟူး(၁၆-၁၁-၂၀၁၆) | ကြာသပတေး(၁၇-၁၁-၂၀၁၆) | သောကြာ(၁၈-၁၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| မန္တလေးမြို့ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F |
| လားရှိုး | တိမ်အသင့်အတင့် ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | ၆၀% ၂၆°C/၇၉°F | ၄၀% ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | ၃၀% ၂၉°C/၈၄°F | ၄၀% ၂၈°C/၈၃°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၅°C/၇၇°F | ၅၀% ၂၄°C/၇၆°F | ၄၀% ၂၄°C/၇၆°F | ၄၀% ၂၄°C/၇၆°F | ၄၀% ၂၄°C/၇၆°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| ဘားအံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| တောင်ငူ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| မုံရွာ | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F |
| ပုသိမ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မြိတ် | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F |
| စစ်တွေ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F |
| မကွေး | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၂°C/၇၂°F | ၄၀% ၂၂°C/၇၁°F | နေသာ ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၂°C/၇၁°F |

## ဗီယက်နမ်နိုင်ငံ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းကမ်းခြေဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွား၊ သေဆုံးသူ ၁၅ ဦးအထိ ရှိလာ

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းကမ်းခြေ ဒေသများတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံးလူ ၁၅ ဦးသေဆုံးခဲ့ရပြီး ပျောက်ဆုံးသူ ခြောက်ဦးရှိကြောင်း ဗီယက်နမ်သတင်းဌာနက ရေးသား ဖော်ပြခဲ့သည်။

ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ၄၄ သန်းကျော် ဆုံးရှုံးခဲ့ရပြီးလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီများပေးကြရန် အစိုးရက နှိုးဆော်ထားကြောင်း ဗီယက်နမ်သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းကမ်းခြေဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ နေအိမ်ပေါင်း ၂၂၅လုံးမှာ လုံးဝပျက်စီးခဲ့ရပြီး အိမ်ခြေပေါင်း ၄၂၀၀၀ မှာ ရေနစ်မြုပ်မှုဒဏ်ကို ခံစားခဲ့ရသည်ဟု ဆိုသည်။

ရေလွှမ်းမိုးသည့် အဓိကပြည်နယ် များမှာ ၁၃ ခုအထိ ရှိလာသည့်အတွက် ဆုံးရှုံးသည့် ပမာဏမှာ ပိုမိုများပြားလာနိုင်သည်ဟု ဆိုသည်။

ယင်းကဲ့သို့ရေလွှမ်းမိုးမှုများကြောင့်ဗီယက်နမ်နိုင်ငံ၏အဓိကပို့ကုန် ပစ္စည်းအမယ်တစ်မျိုးဖြစ်သည့် ကော်ဖီစေ့တင်ပို့မှုအား ထိခိုက်လာနိုင်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ရွာသွန်းခဲ့သည့် မိုးသည် မိုးရေချိန် ၁၅၀ မီလီလီတာအထိ ရှိခဲ့ရာကော်ဖီစိုက်ခင်းများပါ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ကော်ဖီ အများအပြားစိုက်ပျိုးသည့်ဒေသဖြစ် သည့် Daklak နှင့် Lam Dong ပြည်နယ်တို့တွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်းရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏အလယ်ပိုင်းကုန်းမြင့်ဒေသသည် ကော်ဖီအများဆုံးထွက် ရှိရာဒေသဖြစ်ပြီး တစ်နိုင်ငံလုံးရှိကော် ဖီတင်ပို့မှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့ပြင် ယခုကာလသည် ဗီယက်နမ်နိုင်ငံ၌ ကော်ဖီသီးဆွတ်ခူးချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ရာ မိုးရွာသွန်းခဲ့သဖြင့် ရိတ်သိမ်းချိန်နောက်ကျခဲ့သည့်အပြင် အစိုဓာတ်များများပြားလာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြ ထားသည်။

ပြီးခဲ့သည့်လအတွင်းကလည်း ဗီယက်နမ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများကြောင့် နေအိမ်ပေါင်းတစ်သိန်းကျော် ရေလွှမ်းမိုးခံခဲ့ရပြီး အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။

**မယ်သီတာ**



## ဂျိုဟန်နက်စဘတ်မြို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်၊ လူခြောက်ဦး သေဆုံးခဲ့ပြီး ကားစီးရေ ၁၀၀ ကျော်ခန့် ပျက်စီး

တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန် နက်စဘတ်မြို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ပြီး ကားစီးရေ ၁၀၀ ကျော်ခန့် ပျက်စီးခဲ့ကြောင်း Weather.com တွင် ဖော်ပြထားသည်။

ဂျိုဟန်နက်စဘတ်မြို့တော်ဝန် ဟာမန်မာရှာဘာက ပျောက်ဆုံးသူများ ရှိနေသဖြင့် သေဆုံးသူအရေအတွက်လည်း မြင့်တက်လာနိုင်ကြောင်း News 24 သို့ ပြောကြားခဲ့သည်။

ဂျိုဟန်နက်စဘတ်မြို့တော်ရှိ အဝေးပြေးလမ်းမပေါ်တွင် သွားလာနေသည့် ကားများသည် ရုတ်တရက် ရေလွှမ်းမိုးမှုကို ရင်ဆိုင်ခဲ့ရသဖြင့် ကား စီးရေ ၈၀ မှ ၁၀၀ အထိ ရေနစ်မြုပ်ခဲ့ကြောင်း၊ ယင်းပမာဏသည် ဂျိုဟန်နက်စဘတ်မြို့ကဲ့သို့သော မြို့ကြီးတစ်မြို့အတွက် အလွန်များပြားလှသည့် ပမာဏပင်ဖြစ်ကြောင်း ဂျိုဟန်နက်စဘတ်မြို့ခံတစ်ဦးက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ရေလွှမ်းမိုးမှုများကြောင့် ဂျိုဟန်နက်စဘတ်မြို့ပေါ်ရှိ တိရစ္ဆာန်ရုံအနီးရှိ တံတားတစ်စင်းမှာ မြစ်ရေတိုက်စားမှုကြောင့် ကျိုးသွားခဲ့သဖြင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ ကြောင်း၊ ထို့ပြင် တိရစ္ဆာန်ရုံအတွင်းသို့လည်း ရေများဝင်ရောက်လျက်ရှိသဖြင့် တိရစ္ဆာန်များအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရေးအတွက် အခက်အခဲများဖြစ်နေကြောင်းအဆိုပါသတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဂျိုဟန်နက်စဘတ်မြို့ရှိ OR Tambo အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မိုးရေချိန် ၉၀ မီလီမီတာအထိ ရွာသွန်းခဲ့ရာ စံချိန်တင်မိုးရွာသွန်းမှုပင်ဖြစ်ကြောင်း၊ ထို့ပြင် မိုးရွာသွန်းမှုနှင့်အတူ မိုးသက်မုန်တိုင်းများကျရောက်ခဲ့ကြောင်း Weather.com တွင် ဖော်ပြထားသည်။

မိုးသက်မုန်တိုင်း မကျရောက်မီက ဂျိုဟန်နက်စဘတ်မြို့တွင် ခြောက်သွေ့မှုများနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ **မယ်သီတာ**

# Fair Trade ကို ဆောင်ရွက်ပြီး အမေရိကန် GSP အခွင့်အရေးကို ရယူကြစို့

|Admin-Mg|

**ယခင်တစ်ပတ်မှအဆက် . . .**

မြန်မာနိုင်ငံအနေနဲ့ အမေရိကန်နိုင်ငံမှ ပေးအပ်သောတစ်ဖက်သတ်အကောက်ခွန် သက်သာခွင့်ကို အသုံးချပြီး တိုင်းပြည်စီးပွားရေးကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အမေရိကန်နိုင်ငံ ဈေးကွက်ကို ပို့ကုန်ပစ္စည်းများ အဓိက တင်ပို့ လျက်ရှိတဲ့ နည်းပညာမြင့် တတိယနိုင်ငံများ ၊ နိုင်ငံတကာ ကုမ္ပဏီကြီးများ လာရောက် ရင်းနှီးမြှုပ်နှံပြီး မြန်မာနိုင်ငံနဲ့ ဖက်စပ်အကျိုးတူ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လာနိုင်စေရန်နဲ့ အမေရိကန်နိုင်ငံကိုယ်တိုင် ၎င်းနိုင်ငံအတွက် လိုအပ်သော ပစ္စည်းများအား မြန်မာနိုင်ငံအတွင်း လာရောက် ရင်းနှီးမြှုပ်နှံပြီး ထုတ်လုပ်ဆောင်ရွက်လာဖို့အတွက် ဆွဲဆောင်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မှာပဲဖြစ်ပါတယ်။

အဲဒီလို လုပ်ကိုင်လာအောင် မြန်မာနိုင်ငံအနေနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်တဲ့ အခွင့်အလမ်းများနဲ့ ဖြေလျော့ဆောင်ရွက်ပေးမှုများ ဆောင်ရွက်ပေးရန် လိုအပ်တဲ့အပြင် ဉာဏပစ္စည်း မူပိုင်ခွင့် ( Intellectual Property Rights – IPR) ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးသွားရမှာ ဖြစ်ပါတယ်။

**Fair Trade ကိုဆောင်ရွက်ပြီး**
**အမေရိကန် GSP အခွင့်အရေးကို ရယူကြစို့**

GSP အခွင့်အရေးများ ရယူခံစားနိုင်ဖို့အတွက် အဓိက ဆောင်ရွက်ပေးရမှာကတော့ အမေရိကန်နိုင်ငံ အနေနဲ့ မျှတသော ကုန်သွယ်မှု (Fair Trade)ကိုသာ ဆောင်ရွက်တဲ့ အဆင့်မြင့် ဈေးကွက်နိုင်ငံ ဖြစ်တဲ့အတွက် GSP အခွင့်အရေးရရှိတဲ့ ကုန်ထုတ်လုပ်တဲ့ နိုင်ငံအနေနဲ့ အဂတိတရား၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အလုပ်သမားဥပဒေအတိုင်း လိုက်နာစေရေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ မျှတစွာ အကျိုးခံစားခွင့် ရရှိတဲ့ ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ် ဖြစ်ရန် အတွက် ဆောင်ရွက်ပေးရန် လိုအပ်တဲ့ အလုပ်ရှင်၊ အလုပ်သမား၊ စိုက်ပျိုးထုတ်လုပ်သူအထိ Supply Chain တစ်လျှောက်လုံး မျှတတဲ့ အကျိုးခံစားခွင့် ရရှိရန် လိုအပ်ပါတယ်။

ဥပမာအနေဖြင့် လက်ရှိနိုင်ငံတစ်နိုင်ငံမှ ထွက်ရှိတဲ့ ရေထွက်ကုန်ပစ္စည်းများအား လူကုန်ကူးပြီး လုပ်အားခ မပေးချေဘဲ အခမဲ့လုပ်အားပေး ခိုင်းစေခြင်းများကြောင့် အမေရိကန်နိုင်ငံ အနေနဲ့ တင်သွင်းခွင့် မပြုတော့တာဟာ မျှတတဲ့ကုန်သွယ်မှု မဟုတ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ မျှတတဲ့ကုန်သွယ်မှု (Fair Trade) ဖြစ်ရန်အတွက် ထုတ်လုပ်မှုလမ်းကြောင်း (Supply Chains) တစ်လျှောက်လုံးရှိ အဆင့်အားလုံး မျှတနေရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် လယ်ယာထွက်ကုန်ဖြစ်သည့် စပါးစိုက်ပျိုး ထုတ်လုပ်မှုလမ်းကြောင်းတွင် စပါးစိုက်ပျိုး ထုတ်လုပ်သူ တောင်သူ လယ်သမား၊ သွင်းအားစု လိုအပ်ချက်များဖြစ်တဲ့ (မျိုး၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ထွန်ယက် ကိရိယာများနှင့် လုပ်အား) ထုတ်ကုန် ဖြစ်ပေါ်လာသည့် အပိုင်းနဲ့ တန်ဖိုးမြှင့်လမ်းကြောင်း (Value Chains) ထွက်လာတဲ့ ထုတ်ကုန်ကို နောက်ဆုံးစားသုံးသူ (End User) ထံ ရောက်တဲ့အထိ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ တပ်ဆင် ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း၊ ရောင်းဝယ်ခြင်း (ဥပမာ ဆန်စပါးကို ကြိတ်ခွဲခြင်း၊ အရောင်တင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့အပြင် ဆန်ကို အခြေခံသော မုန့်ပဲသရေစာမှအစ တန်ဖိုးမြှင့်ကုန်စည်များ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းနဲ့ တင်ပို့ခြင်းများ) Supply Chains လုပ်ငန်းစဉ်တစ်လျှောက်လုံး တရားမျှတမှုရှိအောင် စီမံဆောင်ရွက်သွားရန် လိုအပ်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပို့ကုန်တန်ဖိုးမြှင့်တက်အောင် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ပို့ကုန်တန်ဖိုးမြှင့်တက်လာစေဖို့အတွက် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်ရန် လိုအပ်ပါတယ်။ ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်ဖို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ တိုးတက်လာစေဖို့ အားလုံး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ထုတ်လုပ်မှုအပိုင်း တိုးတက်စေရန် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အဦများဖြစ်သည့် သယ်ယူပို့ဆောင်ရေး၊ လမ်းတံတားများ၊ ဆိပ်ကမ်းများ အထောက်အပံ့ပြုရမည်ဖြစ်သည့်အပြင် သတင်းအချက်အလက် ဖြန့်ဝေမှုတို့လည်း အဓိကကျပါတယ်။ တန်ဖိုးမြှင့်ထုတ်ကုန် ပိုမိုထွန်းကားလာရန် ဈေးကွက်ရရှိမှု၊ စီးပွားရေးလုပ်ငန်းများရဲ့ စွမ်းဆောင်ရည်၊ အသစ်တီထွင်ဖန်တီးမှု ၊ နည်းပညာ၊ တရားဥပဒေစိုးမိုးမှု ( Rules of Law)၊ ဘဏ္ဍာရေး ပံ့ပိုးမှုတို့ရှိရန် လိုအပ်မှာဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

---

**စာမျက်နှာ ၁၂ - ခိုင်မာသည့်ပြောင်းဈေးကွက် ရရှိရေးသို့ မှအဆက်**

တရုတ်ပြောင်းဖူး သတင်းကွန်ရက်တွင် ဖော်ပြထားသည့် ဈေးနှုန်းတွက်ချက် စစ်ဆေးမှုအရ၊ တရုတ်နိုင်ငံတွင် ယခုလက်ရှိပြောင်းဖူးဈေးမှာ တစ်ကီလိုလျှင် ၁ဒသမ ၄၄ ယွမ်မှ ၁ဒသမ ၅ ယွမ်ရှိပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက သုညဒသမ ၄၆ ယွမ်ခန့်ကျဆင်းခဲ့ပြီး ကျဆင်းမှုနှုန်း ၂၄ဒသမ ၂၁ရာခိုင်နှုန်း ဖြစ်ကြောင်း သိရှိရသည်။ တရုတ်ကုန်စည် ဈေးနှုန်းဦးစီးဌာနမှ ယခုလက်ရှိရောင်းချဈေးနှုန်းသည် တစ်မိုလျှင် ကီလို ၄၀၀ မှ ကီလို ၄၅၀ ကြားတွင်ရှိပြီး ယခင်နှစ် အထွက်နှုန်းထက် တစ်မိုလျှင် ကီလို ၄၀၀ ခန့်လျော့နည်းခဲ့ပြီး ကျဆင်းမှုနှုန်း ၂၀ ရာခိုင်နှုန်း ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာနိုင်ငံတွင်လည်း ပြောင်းဈေးနှုန်းသည် ထွက်ရှိရာ ဒေသနှင့် တင်ပို့ရောင်းချရသည့် ဒေသ၏ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်ပေါ်တွင် မူတည်နေကြောင်း၊ လွိုင်ကော်မှ မူဆယ်သို့ ပြောင်း တစ်တန် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်မှာ ၅၄၄၆၈ ကျပ်၊ မန္တလေး မှ မူဆယ်သို့ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်မှာ ၄၂၂၂၈ ကျပ် ဖြစ်ပြီး ရှမ်းမြောက်ဒေသဖြစ်သည့် လားရှိုးမှမူဆယ် သယ်ယူပို့ဆောင်စရိတ်မှာ ၁၆၅၂၄ ကျပ်၊ ကျောက်မဲမှ မူဆယ်အထိ သယ်ယူပို့ဆောင်စရိတ်မှာ ၂၂၀၃၂ ကျပ်၊ သီပေါမှ မူဆယ်အထိ သယ်ယူပို့ဆောင်စရိတ်မှာ ၂၅၀၉၂ ကျပ် ဖြစ်သဖြင့် လွိုင်ကော်မှထွက်ရှိသည့် ပြောင်းသည် ရှမ်းမြောက် လားရှိုးမှထွက်ရှိသည့် ပြောင်းကို သယ်ယူပို့ဆောင်စရိတ်ကြောင့် ယှဉ်၍မပို့နိုင်ကြောင်း အောက်ပါအတိုင်း စုံစမ်းတွေ့ရှိရပါတယ်-

**ပြောင်း တစ်တန်သယ်ယူခနှုန်းထားများ**

(က) လွိုင်ကော် - မန္တလေး-၂၄၄၈၀ ကျပ်
မန္တလေး - မူဆယ်-၂၉၉၈၈ ကျပ်
လွိုင်ကော် - မန္တလေး - မူဆယ် -၅၄၄၆၈ ကျပ်
(ခ) တောင်ကြီး - မန္တလေး - ၁၂၂၄၀ ကျပ်
မန္တလေး - မူဆယ် - ၂၉၉၈၈ ကျပ်
တောင်ကြီး - မန္တလေး - မူဆယ်-၄၂၂၂၈ ကျပ်
(ဂ) လားရှိုး - မူဆယ် -၁၆၅၂၄ ကျပ်
(ဃ) ကျောက်မဲ - မူဆယ် -၂၂၀၃၂ ကျပ်
(င) သီပေါ - မူဆယ်-၂၅၀၉၂ ကျပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ(ချင်းရွှေဟော်) နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများတွင် မိမိတို့၏ အဓိကလယ်ယာထွက်ကုန်များအနက်မှ ပြောင်းနှင့်ဆန်တို့အား တင်ပို့ရာတွင် ခွဲတမ်းသတ်မှတ်ချက်များ ထားရှိခြင်းကြောင့် ယခုတင်ပို့နေမှုများအတွက် ခွဲတမ်းလက်ကျန်၊ ကျန်ရှိမှု မရှိတော့ကြောင်း သိရှိရ၍ လာမည့်နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွက် စားနပ်ရိက္ခာ တင်သွင်းခွင့် ခွဲတမ်းထပ်မံရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်မြင့်မားစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှု ယခုထက် ပိုမိုတိုးတက်ပြီး လွတ်လပ်စွာ ကုန်သွယ်ဆောင်ရွက်နိုင်ရေးတို့အတွက် ၂၀၁၇ ခုနှစ်တွင် တင်ပို့မည့်ပို့ကုန်ပစ္စည်းများဖြစ်သည့် ပြောင်းနှင့် ဆန်တို့အား ယခင် ၂၀၁၆ ခုနှစ်တွင် သတ်မှတ်ပေးခဲ့သည့် ခွဲတမ်း သတ်မှတ်ချက်ထက် ပိုမိုခွင့်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

ထို့ပြင် နှစ်နိုင်ငံ မျှတသော ကုန်သွယ်မှု ဖြစ်ထွန်းစေရန်အတွက် မိမိတို့နိုင်ငံမှ ပို့ကုန်များ တင်ပို့နေသကဲ့သို့ တရုတ်နိုင်ငံမှလည်း မိမိတို့နိုင်ငံအတွင်းသို့ ဈေးကွက်ဝယ်လိုအားရှိသော သွင်းကုန်ပစ္စည်းများ ပြန်လည်တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံရှိ ပို့ကုန်တင်ပို့သည့် လုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက် ပေးစေလိုကြောင်း၊ မြန်မာ - တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်နိုင်ငံ နယ်စပ်ဒေသနေပြည်သူများ၏ ဒေသထွက်ကုန်များအား ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် လွတ်လပ်စွာ ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံဘက်မှ တင်ပို့သည့် ဒေသထွက်ကုန်များအပေါ် တရုတ်နိုင်ငံဘက်မှ တားဆီးခြင်း၊ ဖမ်းဆီးခြင်းများရှိ၍ နှစ်နိုင်ငံနယ်စပ်ဒေသများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် တားဆီးခြင်း၊ ဖမ်းဆီးခြင်းများအား ဖြေလျှော့ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တရုတ်နိုင်ငံဘက်မှ ယာဉ်များ၏ ကုန်တန်ချိန်များ ပြောင်းလဲသတ်မှတ်မှုကြောင့် ကုန်တင်ဆောင်ခများ တိုးမြှင့်လာ၍ ကုန်ပစ္စည်းဈေးနှုန်းများ ကြီးမြင့်လာပြီး ကုန်သွယ်မှုများ လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုများ တိုးတက်စေရေးအတွက် အခြား နည်းလမ်းများရှိပါက ပြောကြားပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုဝင်ဘာလ တတိယပတ်တွင် ကျင်းပမည့် စတုတ္ထအကြိမ် မြန်မာ - တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်တွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံမှ အဓိကတင်ပို့လျက်ရှိသော လယ်ယာထွက်ကုန် ပစ္စည်းဖြစ်သည့် ဆန်နှင့်ရော်ဘာတို့အပေါ်၌ လည်းကောင်း၊ နယ်နိမိတ်ချင်းထိစပ်နေသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဘိန်း အစားထိုးသီးနှံအဖြစ် စိုက်ပျိုးထွက်ရှိသော ပြောင်းဖူးစေ့နှင့် ကြံ၊ သကြားအပေါ်၌လည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ သတ်မှတ် အခွန်နှုန်းထားများ မြင့်မားခြင်း၊ တင်သွင်းခွင့် အရေအတွက် ခွဲတမ်း နည်းပါးစွာ ကန့်သတ်ထားခြင်းတို့ကြောင့် ဒေသခံပြည်သူများ၊ နှစ်နိုင်ငံလုပ်ငန်းရှင်များ၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေလွယ်ကူ ချောမွေ့စေရေး ဆောင်ရွက်ပေးရန်နှင့် နှစ်နိုင်ငံ အောက်ခြေအဆင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ပေးရန်၊ မြန်မာဘက်မှ တရုတ်နိုင်ငံ၏ ထုတ်ကုန် ပစ္စည်းများအား ကန့်သတ်ထားမှုမရှိသလို မြန်မာဘက်မှ စိုက်ပျိုးရေး ထွက်ကုန်များကိုလည်း လွယ်ကူစွာတိုးမြှင့် လက်ခံနိုင်ရေး ဆောင်ရွက်ပေးရန် တင်သွင်းခွင့် ခွဲတမ်းအရေအတွက် တိုးမြှင့်သတ်မှတ်ပေးရန်၊ ဆန်တင်ပို့မှုများ၊ သီးနှံတင်ပို့မှုများတွင် ငွေပေးချေရာ၌ ကြန့်ကြာမှုနှင့် ဈေးနှိမ်မှု မရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ မြန်မာနိုင်ငံမှ လူစီးမော်တော်ယာဉ်များအား ရွှေလီမြို့အထိ Deposit တင်ထားရန်မလိုဘဲ နယ်စပ်ဂိတ်၌ပင် သင့်တင့်သည့်နှုန်းထားသာ ကောက်ခံ၍ ရွှေလီမြို့အထိ လွတ်လပ်စွာသွားလာခွင့်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းပေးရန်တို့ကို ဆောင်ရွက်ထားကြောင်း သိရှိရပါတယ်။

ခိုင်မာသည့် ပြောင်းဈေးကွက် ရရှိရေးအတွက် ရေရှည်တွင် သက်ဆိုင်ရာဌာနများအနေ ဖြင့်လည်း အထွက်နှုန်း ပိုမိုမြင့်မားစွာ ထွက်ရှိနိုင်သော မျိုးသစ်များ စိုက်ပျိုးနိုင်ရန် မျိုးရိုးဗီဇ ပြုပြင် ပြောင်းလဲသည့် နည်းလမ်းများကို အသုံးပြုရန်၊ မိမိနိုင်ငံ၏ ရာသီဥတု နှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းသည့် ပြောင်းမျိုးစေ့များ ရွေးချယ်စိုက်ပျိုးရန်၊ ပြောင်းစိုက်တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ စိုက်ထုတ်နိုင်ရန် ငွေအရင်းအနှီးများ ထောက်ပံ့ရန် သယ်ယူပို့ဆောင် စရိတ်များ လျော့နည်းကျဆင်းစေရေး စသည်တို့အတွက် အကူအညီ အထောက်အပံ့များ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း အကြံပြု သုံးသပ်တင်ပြလိုက်ရပါတယ်။

# နယ်စပ်ဂိတ်များမှတစ်ဆင့်ဝင်ရောက်လာသည့် ခရီးသွားများတည်းခိုရေး အဆင်ပြေစေရန် Jovago က နယ်စပ်ဒေသများရှိ ဟိုတယ်များနှင့် ချိတ်ဆက်လုပ်ဆောင်နေ

ပြီးခဲ့သည့် စက်တင်ဘာမှစတင်ကာ နယ်စပ်ပေါက်များမှ ဝင်ရောက်လာမည့်ခရီးသွားများအတွက် အွန်လိုင်းမှလျှောက်ထားနိုင်သည့် e-visa ကို ခွင့်ပြုခဲ့ပြီးနောက် ခရီးသွားဝင်ရောက်မှုနှုန်းမှာ သိသိသာသာ မြင့်တက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်း-မြန်မာ နယ်စပ်၊ တရုတ်-မြန်မာ နယ်စပ်နှင့် အိန္ဒိယ-မြန်မာနယ်စပ်စသည့် နယ်စပ်များရှိရာ အဆိုပါနယ်စပ်များမှတစ်ဆင့် ခရီးသွားဝင်ရောက်မှုမှာ ယခင်ကတည်းကရှိခဲ့သော်လည်း အစိုးရအနေဖြင့် စက်တင်ဘာ ၁ ရက်မှစတင်ကာ ထိုင်း-မြန်မာနယ်စပ်ဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းစသည့် နယ်စပ်ဂိတ်သုံးခုမှဝင်ရောက်လာမည့် ခရီးသွားများအတွက် အွန်လိုင်းe-visa ကိုခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့်ခရီးသွားများမှာ လေကြောင်း၊ ရေကြောင်းလမ်းများမှတစ်ဆင့် ဝင်ရောက်သော်လည်း နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်တွင်းသို့ဝင်ရောက်လာမှုမှာ ပိုမိုများပြီး ၂၀၁၆ ဇန်နဝါရီမှဇွန်လအတွင်း ပြည်တွင်းသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားများ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ နယ်စပ်ဒေသများမှတစ်ဆင့် ဝင်ရောက်ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ခရီးသွားများ ဝင်ရောက်ရာတွင် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လာရောက်လည်ပတ်လေ့ရှိပြီး ဆိုင်ကယ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များ၊ စက်ဘီးများဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိသည်။

"Jovago အနေနဲ့ ပြည်တွင်းခရီးသွားတွေအတွက် ဦးတည်ထားတယ်ဆိုပေမယ့် မြန်မာနိုင်ငံမှာက အွန်လိုင်းစနစ်ကလည်း အခုနောက်ပိုင်းမှာ ပိုမိုထွန်းကားလာတာကိုတွေ့ရပါတယ်။ နယ်စပ်တွေကနေ အွန်လိုင်း e-visa နဲ့ ဝင်လာတဲ့ ခရီးသွားတွေ ပါရှိလာတဲ့အတွက် သူတို့အနေနဲ့ခရီးသွားလာရင်း ရောက်ရှိနေရာကနေပြီး ဟိုတယ်ဘွတ်ကင်တွေကို အွန်လိုင်းကနေတစ်ဆင့် အဆင်ပြေစွာနဲ့ ရွေးချယ်တည်းခိုနိုင်ဖို့အတွက် နယ်စပ်ဒေသဘက်မှာရှိတဲ့ ဟိုတယ်တွေနဲ့ပါချိတ်ဆက်ထားတာပါ။ နောက်ထပ်လည်း ချိတ်ဆက်သွားဖို့လည်း ရှိနေပါတယ်"ဟု Jovago မှ Global Head of Public Relations ဖြစ်သူ Abdesslam Benzitouni ကပြောကြားခဲ့သည်။

Jovago အနေဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ ဟိုတယ်များနှင့် ချိတ်ဆက်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် ဝင်ရောက်လာသည့် ခရီးသွားများအဆင်ပြေစေရန်အတွက် ယင်းဒေသများရှိ ဟိုတယ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် ထိုင်း-မြန်မာ နယ်စပ်များဖြစ်သည့် တာချီလိတ်၊ ကော့သောင်း၊ ကျိုင်းတုံနှင့် ၎င်းတို့နှင့် အနီးတစ်ဝိုက်ဒေသများရှိ ဟိုတယ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ထိုင်း-မြန်မာနယ်စပ်ဖြစ်သည့် တာချီလိတ်၊ ကျိုင်းတုံဒေသများတွင် ဟိုတယ်ပေါင်း ၂၀ ခန့်၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်မြို့များတွင် ဟိုတယ် ၄၀ ခန့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် မြဝတီမှပြည်တွင်းသို့ ဝင်ရောက်လာရာလမ်းကြောင်းဖြစ်သည့် ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့တွင် ဟိုတယ်ပေါင်း ၄၀ ခန့်နှင့် ချိတ်ဆက်ထားရှိပြီး နောက်ပိုင်းတွင် မြဝတီမြို့ရှိ ဟိုတယ်များနှင့်ပါ ချိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




# ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့တွင်ပြုလုပ်မည့် လူသုံးကုန်ပစ္စည်းဆိုင်ရာ ကုန်စည်ပြပွဲတွင် မြန်မာလက်မှုလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်

ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့တွင် ကျင်းပပြုလုပ်မည့် လူသုံးကုန်ပစ္စည်းဆိုင်ရာ ကုန်စည်ပြပွဲတွင် မြန်မာလက်မှုလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း နိုဝင်ဘာ ၈ ရက်က နိုဗိုတယ်ဟိုတယ်၌ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါကုန်စည်ပြပွဲကို Messe Frankfurt က Organizer အဖြစ် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပြပွဲကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့တွင်ကျင်းပမည်ဖြစ်ပြီး Ambienter 2017 ဟု အမည်ပေးထားကြောင်း သိရသည်။

အဆိုပါပြပွဲကို ၂၀၁၆ ခုနှစ်အတွင်းကလည်း ပြသခဲ့ရာ နိုင်ငံပေါင်း ၉၆ နိုင်ငံမှ ပြပွဲပြသသူပေါင်း ၄၃၆၇ ဦး လာရောက်ပြသခဲ့ကြပြီး မြန်မာနိုင်ငံမှ Bella Interior ကုမ္ပဏီ ပါဝင်ပြသခဲ့ကြောင်း သိရသည်။ Ambienter 2017 ကုန်စည်ပြပွဲသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်မှုအနုပညာလက်ရာပစ္စည်းများ၊ နောက်ဆုံးပေါ်ထုတ်ကုန်ပစ္စည်းများကို လာရောက်ပြသသည့်နေရာတစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးသော ကုန်စည်ပြပွဲတစ်ခုလည်းဖြစ်သည်။

၂၀၁၆ ခုနှစ်က ပါဝင်ပြသခဲ့သည့် Bella Interiors Co., Ltd. သည် မြန်မာ့ကြိမ်များကို လက်မှုအနုပညာပစ္စည်းများအဖြစ် ဖန်တီးပြီး ဝင်ရောက်ပြသခဲ့ရာ လူကြိုက်များသည့်လက်ရာမြောက်သည့် မြန်မာ့အနုပညာပစ္စည်းအဖြစ်သတ်မှတ်ခြင်းခံခဲ့ရကြောင်း၊ ထို့ပြင် အဆိုပါကုန်စည်ပြပွဲမှ မြန်မာ့ကြိမ် လက်မှုအနုပညာပစ္စည်းများကို ဝယ်ယူရန် အမှာစာများကိုလည်း လက်ခံရရှိခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင်ပြုလုပ်မည့် အဆိုပါပြပွဲသို့လည်း ဝင်ရောက်ပြသဦးမည်ဖြစ်ပါကြောင်း Bella Interiors Co., Ltd. မှ မရွှေစင်က ပြောကြားခဲ့သည်။

Messe Frankfurt ၏ပြပွဲကျင်းပသည့်နေရာသည် ပြပွဲခန်းမပေါင်း ၁၀ ခုရှိပြီး ဧရိယာစတုရန်းမီတာပေါင်း ၅၉၂,၁၂၇ ကျယ်ဝန်းကြောင်းသိရသည်။ ထို့ပြင် ပြပွဲဧရိယာအတွင်းရှိ သမိုင်းဝင်နေရာတစ်နေရာဖြစ်သည့် Festhalle ခန်းမကြီးသည် ဂျာမနီနိုင်ငံ၏ ထင်ရှားကျော်ကြားသည့်နေရာတစ်နေရာဖြစ်ပြီး အခမ်းအနားမျိုးစုံကျင်းပရာနေရာတစ်နေရာလည်းဖြစ်သည်။

Messe Frankfurt အဖွဲ့အစည်းသည် ပြည်သူလူထုက ပိုင်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဖရန့်ဖတ်မြို့မှ ပြည်သူများက ၆၀ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး ဟက်ဆီပြည်နယ်မှ ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Messe Frankfurt ၏ မြန်မာနိုင်ငံဆိုင်ရာ တရားဝင်ကိုယ်စားလှယ်ရုံးဖြစ်သည့် အခန်း(၅)၊ တိုက်(M)၊ ရွှေပိတောက် လမ်း၊ ရွှေပိတောက်အိမ်ယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၅၃၅၅၇၆၊ ၀၉၅၁၀၂၉၇၃နှင့် ၀၉၉၇၂၇၄၈၂၃၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# အိုင်စီတီနယ်ပယ်မှ မိတ်ဖက်လုပ်ငန်းများနှင့်ပူးပေါင်းကာ ကမ္ဘာတစ်ဝန်းတွင် သုတေသနဌာနများ တည်ဆောက်သွားရန် Huawei စီစဉ်

Huawei သည် နည်းပညာသစ်ရှာဖွေမှု၏ အကျိုးကျေးဇူးဟု အမည်ပေးထားသည့် Huawei ၏ တီထွင်ဆန်းသစ်မှုနေ့ အာရှ-ပစိဖိတ် အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂ ရက်က ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကျင်းပခဲ့ကြောင်း Huawei ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Huawei သည် အိုင်စီတီအသိုင်းအဝိုင်းရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အိုင်စီတီလောက သာယာဝပြောစေရေးနှင့် နည်းပညာဆန်းသစ်တီထွင်မှုတို့မှတစ်ဆင့် အိုင်စီတီကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းမှုသည် သတင်းအချက်အလက်နှင့် နည်းပညာ(အိုင်စီတီ)ခေတ်သစ်တွင် လုပ်ငန်းများအားလုံး ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်စေရန်နှင့် တိုးတက်လာသော ကမ္ဘာကြီး၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စေရန် အထောက်အကူကောင်းများ ဖြစ်လာနိုင်ပေသည်။

Huawei နည်းပညာကုမ္ပဏီ(ရန်ကုန်)၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Zhang Liman က "ရှေးယခင်ကတည်းက ကျွန်တော်တို့ Huawei ဟာ လုပ်ငန်းလည်ပတ်ရာနိုင်ငံတိုင်းမှာ စီးပွားရေးနဲ့လူမှုရေးကဏ္ဍများဖွံ့ဖြိုးလာဖို့ အဲဒီနိုင်ငံရဲ့သက်ဆိုင်ရာနဲ့ အထူးသဖြင့်အိုင်စီတီနယ်ပယ်မှာ တစ်စိုက်မတ်မတ် လက်တွဲအကောင်အထည်ဖော်တတ်သူ ဖြစ်ပါတယ်။ အိုင်စီတီနည်းပညာသစ်တွေကို ဦးဆောင်သူတစ်ဦးအနေနဲ့လည်း ကမ္ဘာတစ်ဝန်းမှာ အောင်မြင်ခဲ့တဲ့ရလဒ်တွေကို အတုယူပြီးတော့ မြန်မာနိုင်ငံလို အိမ်နီးချင်းနိုင်ငံရဲ့ ဒေတာမှတ်ပုံတင်ကတ်စနစ်၊ ဒစ်ဂျစ်တယ်အစိုးရနည်းဗျူဟာတွေ၊ e-Government စနစ်တွေ အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့ အကူအညီအထောက်အပံ့များကို ပေးအပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ စောစောကပြောခဲ့တဲ့ သုတေသနဌာနတွေကို အာရှ-ပစိဖိတ်ဒေသအတွင်းက စင်ကာပူနဲ့ ဘန်ကောက်-တို့မှာ မကြာမီကာလအတွင်းမှာ ဖွင့်လှစ်တော့မှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့လည်း နောက်ဆုံးပေါ်နည်းပညာအသစ်တွေနဲ့ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကို ပေးသွားနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# ရန်ကုန်မြို့တွင် တရုတ်(တိုင်ပေ)မှ E.SUN ဘဏ်ခွဲ စတင်ဖွင့်လှစ်

တရုတ်(တိုင်ပေ)မှ အကောင်းဆုံး ပုဂ္ဂလိကပိုင်ဘဏ်တစ်ခုဖြစ်သည့် E.SUN ဘဏ်သည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဘဏ်ခွဲတစ်ခုအဖြစ် လာရောက်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ E.SUN ဘဏ်သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်လေးခုနှင့် တွဲဖက်၍ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်များအား ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ E.SUN ဘဏ်ဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံးဖွင့်လှစ်တဲ့ တရုတ်(တိုင်ပေ)ရဲ့ပထမဦးဆုံးဘဏ်ခွဲ တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဘဏ်ဟာ တရုတ်(တိုင်ပေ)ရဲ့အကောင်းဆုံး ပုဂ္ဂလိဘဏ်များအနက်ဝန်ဆောင်မှု အကောင်းဆုံးသောဘဏ်တစ်ဘဏ်ဖြစ် ပါတယ်။ ဒါ့အပြင် တရုတ်(တိုင်ပေ)နိုင်ငံမှာရှိတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်တွေကို ကူညီပံ့ပိုးမှုတွေပေးနေတဲ့ ဝန်ဆောင်မှုတွေပေးနေတဲ့ ဘဏ်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံ မှာရှိတဲ့ဘဏ်တွေနဲ့ပူးပေါင်းပြီး အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်တွေကို ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု E.SUN ဘဏ်ဥက္ကဋ္ဌဖြစ်သူ မစ္စတာဂျိုး ဇက်ဟွမ်က ပြောကြားခဲ့သည်။ E.SUN ဘဏ်သည် ၂၀၁၃ခုနှစ်၊ ဇူလိုင်လအတွင်းက ရန်ကုန်မြို့၌ ကိုယ်စားလှယ်ရုံး စတင်ဖွင့်လှစ်စဉ်ကတည်းကပင် တရုတ်(တိုင်ပေ)နိုင်ငံပိုင်နှင့် နိုင်ငံခြားသားပိုင်လုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် လိုအပ်သည့်အကြံဉာဏ်များကို ကူညီပံ့ပိုးပေးခဲ့သည့်ဘဏ်ဖြစ်သည်။

E.SUN ဘဏ်သည် ရင်းနှီးမြှုပ်နှံမှုငွေပမာဏ အမေရိကန်ဒေါ်လာ ၇၅ သန်းဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း သိရသည်။ အဆိုပါ E.SUN ဘဏ်ကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြန်မာစင်တာတာဝါ(၁)တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

Vol: 16, No.43 Monday November 14 2016

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီ နှစ်ရပ်ရဲ့(၃/၂၀၁၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ၃ရက်က ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ရဲ့(၃/၂၀၁၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။ အစည်းအဝေးသို့ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်နဲ့ ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ကရင်ပြည်နယ် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ကရင်ပြည်နယ်ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၃/၂၀၁၆) အစည်းအဝေးကို တိုင်ကြားမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အလုပ်သဘောအရဖြစ်စေ ပုံမှန်အစည်းအဝေးများပြုလုပ်ခြင်းသည် ကောင်းမွန်ပါကြောင်း၊ ယခုအခါ စားသုံးသူအကာအကွယ်ပေးရေးဥပဒေမူကြမ်းအားပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ယင်းနှင့်ဆက်စပ်ပြီး အကြံပြုချက်များလည်း ပါဝင်ဆွေးနွေးပေးစေလိုကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်၍ ပြည်သူများနှင့်ထိတွေ့မှုများ ဆောင်ရွက်ပြီး စွမ်းဆောင်ရည်မြင့်မြင့်မားမား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရပါတယ်။ ဆက်လက်ပြီး ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းက ပထမခြောက်လလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အောက်တိုဘာလျာထားချက်နဲ့ အမှန်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအရ လျာထားချက်ထက် ကျော်လွန်ပါကြောင်း အသေးစိတ်ရှင်းလင်းပြီး (၂/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အပေါ်ဆောင်ရွက်နိုင်မှုများနဲ့ ဆောင် ရွက်နေဆဲ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးပါတယ်။ ထို့နောက် ကော်မတီဝင် အသီးသီးက အသိပညာပေးခြင်း၊ စစ်ဆေးခြင်းများတွင် ဆောင်ရွက်ချက်များ စားသုံးသူအကာအကွယ်ပေးရေးဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး ပြင်ဆင်မှုများ၊ အကြံပြုချက်များကိုလည်း ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည် -ကရင်ပြည်နယ်**



## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်နှင့်ဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြော ဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ စာသင်ကျောင်းများ၊ အများပြည်သူဈေးများနှင့် ရပ်ကွက်/ကျေးရွာ များ၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဟောပြောဆွေးနွေးပွဲများအား မန္တလေးခရိုင်တွင် ဟောပြောခြင်း (၁၇)ကြိမ်၊ ကွင်းဆင်းခြင်း(၁၄) ကြိမ်၊ မြင်းခြံခရိုင်တွင် ဟောပြောခြင်း (၁၉)ကြိမ်၊ ကွင်းဆင်းခြင်း (၁၂)ကြိမ်၊ ကျောက်ဆည်ခရိုင်တွင် ဟောပြောခြင်း (၁၅)ကြိမ်၊ ကွင်းဆင်းခြင်း ခြောက်ကြိမ်၊ မိတ္ထီ လာခရိုင်တွင်ဟောပြောခြင်း (၁၉)ကြိမ်၊ ကွင်းဆင်းခြင်း ရှစ်ကြိမ်၊ စုစုပေါင်း ဟောပြောခြင်းအကြိမ် (၇၀)ကြိမ်၊ ကွင်းဆင်းခြင်း အကြိမ် ၄၀ ကျင်းပပြုလုပ်ရန် လျာထားခဲ့ပြီး ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မန္တလေးခရိုင်တွင် နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ အောင်မြေသာစံမြို့နယ်၊ အ. မ. က (၁၀)၊ အ. လ. က(၄)၊ အ. မ. က (၉)၊ ပြည်ကြီးတံခွန် မြို့နယ်၊ အ. မ. က (၁)၊ အမရပူရမြို့နယ် အ. ထ. က၊ ချမ်းအေးသာစံမြို့နယ်၊ အ. မ. က (၃၃)၊ အ. ထ. က (၆)၊ မုန့်ညှင်းချဉ် လုပ်ငန်းရှင် (မွေးရန့်) တို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းများ ကျင်းပနိုင်ခဲ့ပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲများတွင် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန စသည့် မိတ်ဖက်ဌာနများမှ တာဝန်ရှိသူအသီးသီးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ ဆိုးဆေးအန္တရာယ်အကြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် ဓာတ်ကြွင်းဓာတ်ကျန်များ ကျန်ရှိနေခြင်းခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဟောပြော ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးဟောပြောပွဲများ၏ ရလဒ်အနေဖြင့် အစားအသောက် ထုတ်လုပ်ရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များက စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုရှိသော အစားအသောက်များထုတ်လုပ်ရောင်းချလို၍ မိမိတို့သိရှိလိုသော အချက်အလက်များကို စားသုံးသူရေးရာဦးစီးဌာနသို့ လာရောက်မေးမြန်းရာတွင် တာဝန်ရှိသူများမှ ပြည့်ပြည့်စုံစုံရှင်းလင်း ပြောကြားခဲ့၍ လုပ်ငန်းရှင်တို့က ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။ စားသုံးသူပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှလည်း စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်းများကို စိတ်ဝင်တစားရှိ၍ လိုက်ပါဆောင်ရွက်လာကြကြောင်း သိရှိရပါတယ်။

**တင်တင်ခိုင်-မန္တလေး**

## သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ အထက(ခွဲ)နှင့် ကြက်သွန်ကွင်းကျေးရွာ အလက(ခွဲ)တွင် စားသုံးသူရေးရာ သိကောင်းစရာဟောပြောပွဲများကျင်းပ



သာပေါင်းမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် မြို့နယ်တိုင်းရင်းဆေးအဖွဲ့တို့ ပူးပေါင်းပါဝင်လျက် လေ့ကြီးတက်ကျေးရွာ အထက(ခွဲ)ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်သီသီစိန်၊ ဆရာ၊ ဆရာမနှင့် ကျောင်းသားကျောင်းသူ၊ စုစုပေါင်း ၄၂၉ ဦးအား နိုဝင်ဘာ ၄ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်က စားသုံးသူရေးရာ သိကောင်းစရာများကို ဟောပြောဆွေးနွေး၍ စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးဝင်းမြင့်ဟန်က ကျောင်းသားလူငယ်များအား ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းကြောင့် ဖြစ်ပွားတတ်သော နောက်ဆက်တွဲဆိုးကျိုးများကို ရုပ်ပုံကားချပ်များနှင့် အကျယ်တဝင့်ရှင်းလင်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းဆိုင်များတွင် ကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့ ဆရာဦးသန်းငွေနှင့် တာဝန်ရှိသူများက FDA မှ တားမြစ်ထားသော မုန့်များနှင့် သက်တမ်းလွန်မုန့်များ ရောင်းချမှုမရှိစေရေး သန့်ရှင်းလတ်ဆတ်သော မုန့်များသာရောင်းချရန် ကွင်းဆင်းစိစစ်အသိပညာပေး ဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ နိုဝင်ဘာ ၇ ရက် တွင် ကြက်သွန်ကွင်းကျေးရွာ အလက (ခွဲ)ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော် လွင်မိုး၊ ဆရာ၊ ဆရာမနှင့်ကျောင်းသားကျောင်းသူ ၄၃၉ ဦးအား စားသုံးသူရေးရာဥပဒေ ပေါ်ပေါက်လာပုံနှင့် စားသုံးသူရေးရာ သိကောင်းစရာများကို ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး၊ စိုးဦး- ပုသိမ်**

## ရေဦးမြို့နယ် နောကုန်းအထက်တန်းကျောင်း(ခွဲ)နှင့် ချမ်းသာအထက်တန်းကျောင်း(ခွဲ)တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းဆောင်ရွက်



ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနနှင့်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းလျက် နိုဝင်ဘာ ၃ ရက်က နောကုန်းကျေးရွာအထက်တန်းကျောင်း(ခွဲ)နှင့် ချမ်းသာကျေးရွာအထက်တန်းကျောင်း(ခွဲ) တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးခြင်း၊ မီးဘေးအန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ပညာပေးဟောပြောပွဲသို့ နောကုန်းအထက်တန်းကျောင်း (ခွဲ)မှ ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်လေ့လာသူ များ စုစုပေါင်း ၅၂၂ ဦး၊ ချမ်းသာအထက်တန်းကျောင်း(ခွဲ)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လေ့လာ သူများ စုစုပေါင်း ၆၂၈ ဦးတက်ရောက်ပြီး ဌာနအသီးသီးမှ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခဲ့ပါသည်။

၎င်းနောက် ပူးပေါင်းအဖွဲ့သည် ချမ်းသာအထက်တန်းကျောင်း(ခွဲ) မုန့်ဈေးတန်းမှ ဈေးဆိုင်လေးဆိုင်သို့ ကွင်းဆင်းလေ့လာရာ စီးကရက်ပုံမုန့်များ ရောင်းချမှုမရှိကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်မပြုဓာတုဆိုးဆေးများပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်ကြောင်း သတင်းစာတွင် ကြော်ငြာထားသည့် မုန့်များရောင်းချခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဆိုးဆေးပါအခြားမုန့်မျိုးစုံများ ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက ဓာတုဆိုးဆေးပါမုန့်များအစား မြန်မာ့ရိုးရာမုန့်များကိုသာ သန့်ရှင်းစွာရောင်းချကြရန် ဈေးသည်များအား ပညာပေးဆွေးနွေးခဲ့ပါသည်။

**အောင်ညွန့်**

# ပြည်ခရိုင်၊ စားသုံးသူအခြေင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၆) ကို အောက်တိုဘာ ၂ရက်က ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ် ခဲ့ပါတယ်။

ယင်းအစည်းအဝေးကို ခရိုင်ပညာရေး၊ ခရိုင်ဥပဒေ၊ ခရိုင်စိုက်ပျိုး ရေး၊ ခရိုင်တိုင်းရင်းဆေး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန၊ ခရိုင်ကျန်းမာရေး၊ စည်ပင်သာယာရေး စသည့်ဌာနများမှ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များနှင့် စားသုံးသူ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် အဖွဲ့၏ လုပ်ငန်းတာဝန်များနဲ့ အငြင်းပွားမှု ကိစ္စရပ်များကို တိုင်ကြားမှုများ ရှိလာပါက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းရန်နဲ့ လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ပါတယ်။

ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများအကြောင်း၊ ခရိုင်အတွင်း အငြင်းပွားမှုများအား ဖြေရှင်းပေးရာမှာ ဥပဒေနဲ့အညီ ဆောင်ရွက်ရမယ့် နည်းလမ်းများနဲ့ ဥပဒေပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ စားသုံးသူ ကိုယ်စားလှယ်များက အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ထုတ်ကုန်များ စိတ်ချမှုရှိစေရေး၊ ဈေးများ၊ ကျောင်းများ၊ စားသောက်ဆိုင်များအား စနစ်တကျ စစ်ဆေးပြီး ရက်လွန်အစားအစာများ၊ ဆေးများ ရောင်းချနေမှုများကို သိမ်းဆည်း အရေးယူမှုများအား သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးနိုင်ရေး စသည်ဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပါတယ်။

စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၆)ချက် ကို ချမှတ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ဆွေဝင်း**



# ပုသိမ်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့ပေါ်ရှိကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ပုသိမ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးဦး၊ ဦးစီးမှူး ဦးထွေးသိမ်းတို့သည် မြို့ပေါ်ရှိ ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၉ ရက်က အမက (၉)တွင် ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မော်၊ ဆရာ၊ ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၁ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲမှာ ခရိုင်ဦးစီးမှူး ဦးစိုးဦးက စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော မုန့်များ၊ ကုန်စည်များ၊ ရက်လွန်ကုန်စည်များ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်သော ကုန်စည်များအကြောင်းနှင့် အစားအစာများ စားသုံးရာတွင် FDA ထောက်ခံချက် ပါ/ မပါ၊ ကုန်ဆုံးရက် ပါ/မပါနှင့် သတင်းအချက်အလက်များကိုသေချာစွာကြည့်ရှုရမှာဖြစ်ကြောင်း၊ အန္တရာယ်ရှိသော စားသောက်ကုန်များ စားသုံးခြင်းဖြင့် နောက်ဆက်တွဲ အန္တရာယ်ဆိုးကျိုးများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းဈေးတန်းများတွင် စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါတယ်။

ထို့ပြင် နိုဝင်ဘာ ၁၀ရက်တွင် အထက (၅) ပုသိမ်မြို့၌ စားသုံးသူရေးရာနှင့် ပတ်သက်ပြီး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ခရိုင်ပညာရေးမှူး ဦးဉာဏ်သိန်းနဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၀၀ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိုးဦး**

# စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၈ ရက်တွင် ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ပုဇွန်တောင်မြို့နယ်၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံဆရာမကြီး ဒေါ်ချိုချိုဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က တိုင်းနှင့် ပြည်နယ်အားလုံးတွင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေပြဋ္ဌာန်းထားပြီး တိုင်း၊ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းပြီးစီးမှု၊ စားသုံးသူများ ဆုံးရှုံးနစ်နာမှုများရှိလာပါက တိုင်ကြားနိုင်ရန် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အစားအသောက်များကို ရွေးချယ်စားသုံးရန်၊ ကျောင်းမုန့်ဈေးတန်းတွင် စားသုံးရန်မသင့်သော အစားအစာများ ရောင်းချခြင်းထက် မြန်မာ့ရိုးရာမုန့်များကိုသာ ဦးစားပေး ရောင်းချနိုင်ရန် စီစဉ်သင့်ကြောင်း၊ အစားအသောက်၊ ကုန်စည်၊ စားသောက်ကုန်တို့ကို သုံးစွဲမည်ဆိုပါက ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ပါဝင်ပစ္စည်းများ၏ အညွှန်းများကို သေချာစွာဖတ်ရှုပြီးမှသာ အသုံးပြုသင့်ပါကြောင်း၊ စားသုံးသူများ အနေနှင့်လည်း လိုက်နာရမည့် စည်းကမ်းများ ရှိသလို စီးပွားရေးလုပ်ငန်းရှင်များတွင်လည်း လိုက်နာကျင့်သုံးရမည့် တာဝန်နှင့် တားမြစ်ချက်များရှိကြောင်း၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များသာ ဝယ်ယူစားသုံးရေး ကြပ်မတ်ပေးစေလိုကြောင်း၊ အစားအသောက်များသာမက ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ဥပဒေအရ အကာအကွယ်ပေးမှုများ ရှိနေပြီဖြစ်၍ မိမိတို့၏အခွင့်အရေး သိရှိနားလည်၍ လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း၊ စားသုံးသူ၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့၊ လုပ်ငန်းရှင်အားလုံး ပူးပေါင်းဆောင်ရွက်မှသာ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာဟန်မွန်မျိုးဟိန်းက ဌာန၏ နောက်ခံသမိုင်း၊ ပြည်တွင်း၊ ပြည်ပမှ အစားအသောက်နှင့် ဆေးဝါးများ ထုတ်လုပ်တင်သွင်းရာတွင် ခွင့်ပြုချက်၊ ထောက်ခံချက်ထုတ်ပေးခြင်း နည်းစဉ်အဆင့်ဆင့်၊ အမှတ်တံဆိပ် သတ်မှတ်ချက်များ၊ စားသောက်ကုန်များတွင် အသုံးပြုနေသည့် ဆိုးဆေးများအကြောင်း၊ ဆေးဝါးနှင့်ပတ်သက်၍ စပ်ဆေးများကို ဝယ်ယူသုံးစွဲခြင်းမပြုရန်၊ ဆေးဝါးဝယ်ယူရာတွင် သတိပြုရမည့်အချက်များ၊ အလှကုန်နှင့်ပတ်သက်၍ ဝယ်ယူသုံးစွဲရမည့် နည်းစနစ်များကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ဆွေးနွေးပြောကြားသွားသော ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် လိုက်နာရမည့် ကိစ္စရပ်များအား သေချာစွာ မှတ်ယူလိုက်နာကျင့်သုံးရန်၊ အစာအာဟာရဆိုသည့် စကားအတိုင်း မိမိတို့ဝယ်ယူစားသောက်သည့် အစားအစာများသည် အာဟာရဖြစ်ရန်နှင့် အစာအဆိပ်ဆိုသည့် အတိုင်း မိမိတို့ဝယ်ယူစားသောက်သည့် အစားအစာများသည် အဆိပ်မဖြစ်စေရန် လိုအပ်သည့်အတွက် ယခင်က မိမိတို့ဝယ်ယူသုံးစွဲခဲ့သည့် အလေ့အထများကို ပြင်ဆင်၍ ရွေးချယ်ဝယ်ယူအသုံးပြုသွားရန်၊ ကုန်စည်များကို ဝယ်ယူသုံးစွဲရာတွင် ဝယ်ယူသည့် ပြေစာနှင့် အာမခံကတ်ပြားများကို သေချာစွာ သိမ်းဆည်းထားရန် လိုအပ်ကြောင်းကို မိဘများအား ပြန်လည်ပြောပြရန်ဖြစ်ကြောင်း၊ ဒါမှသာ မိမိတို့ဝယ်ယူခဲ့သည့် ကုန်စည်၏ အာမခံသက်တမ်းအတွက် ပျက်စီးဆုံးရှုံးမှု၊ နစ်နာမှုများဖြစ်ပေါ်ခဲ့ပါက အထောက်အထားဖြင့် တိုင်ကြားနိုင်မည်ဖြစ်ပြီး ဥပဒေအရလည်း အကာအကွယ်ပေးမှုများကို ရရှိနိုင်မှာဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ အောင်မြင်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေး ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ တာဝန်ရှိသူများ၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထက(၃) ပုဇွန်တောင်မြို့နယ်မှ တာဝန်ခံ ဆရာမကြီးနဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ နိုဝင်ဘာလ ပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင် ငါးနေရာ၊ တောင်ပိုင်းခရိုင်တွင် ကိုးနေရာ၊ မြောက်ပိုင်း ခရိုင်တွင် ၁၂နေရာတို့၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင် (စားသုံးသူ)ရန်ကုန်**

## ယခင်တစ်ပတ်မှအဆက်

# ap;u GpDeMG k&m pyDa&; oabmw&m;rsm;

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|



ပြည်သူ့ရေးရာ မူဝါဒများသည် ပုဂ္ဂလိက ဆောင်ရွက်မှု၏ ကုန်ကျစရိတ် (သို့မဟုတ်) အကျိုးအမြတ်ကို မကြာခဏ ပြုပြင် ပြောင်းလဲနိုင်သည်။ မူဝါဒချမှတ်သူများက ထိုအကျိုးဆက်အရ အပြုအမူ ပြောင်းလဲနိုင်ကောင်းသည်ကို ချင့်တွက်ခြင်း မရှိလျှင် ယင်းတို့၏ မူဝါဒများသည် ယင်းတို့မရည်ရွယ်သော အကျိုးသက်ရောက်မှု ရှိစေသည်။

မရည်ရွယ်သော ဤသက်ရောက်ခြင်းများ၏ သာဓကအဖြစ် ထိုင်ခုံခါးပတ်နှင့် မော်တော်ယာဉ် ဘေးကင်းရေးဆိုင်ရာ ပြည်သူ့မူဝါဒကို သုံးသပ်ကြည့်ပါ။ ၁၉၅၀ ပြည့်နှစ်များတွင် ထိုင်ခုံခါးပတ်ပါသည့် မော်တော်ယာဉ် အနည်းအပါးမျှသာ ရှိခဲ့သည်။ မျက်မှောက်ခေတ်ကာလတွင် မော်တော်ကား အားလုံး၌ ထိုင်ခုံခါးပတ် ပါရှိသည်။ ထိုသို့ ပြောင်းလဲခြင်းမှာ ပြည်သူ့မူဝါဒပင် ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် များ၏ နှောင်းပိုင်းတွင် ရောလ်ဖ်နာဒါ (Ralph Nader)၏ စာအုပ်ဖြစ်သော " Unsafe at Any Speed " သည် မော်တော်ယာဉ် ဘေးကင်းလုံခြုံရေး နှင့် ပတ်သက်၍ ပြည်သူ့သဘောထားကို လှုံ့ဆော်လိုက်သည်။ ကွန်ဂရက်လွှတ်တော်က မော်တော်ကား ကုမ္ပဏီများ အနေဖြင့် ထိုင်ခုံခါးပတ်များအား ကားအသစ်တိုင်းတွင် ပုံမှန်စံနှုန်း ကိရိယာအဖြစ် တပ်ဆင်ရေး အပါအဝင် အမျိုးမျိုးသော ဘေးကင်းလုံခြုံရေး ပစ္စည်းများ တပ်ဆင်ရန် မော်တော်ကား ကုမ္ပဏီတိုင်းကို ဥပဒေ ပြဋ္ဌာန်းခဲ့သည်။

ထိုင်ခုံခါးပတ် ဥပဒေသည် မော်တော်ယာဉ် အားလုံး လုံခြုံမှုကို မည်မျှ ရှိစေသနည်း။ တိုက်ရိုက် အကျိုးသက်ရောက်ပုံက ရှင်းလင်း ထင်ရှားပါသည်။ ကားတိုင်းတွင် ထိုင်ခုံခါးပတ်များ ရှိသောကြောင့် ပို၍များပြားသော လူဦးရေအရေအတွက်က ထိုင်ခုံခါးပတ်များ ပတ်ကြသည်။ ဤသို့ဖြင့် ယာဉ်တိုက်မှုကြီးတစ်ခုမှ ရှင်သန်လွတ်မြောက်ရန် အလားအလာ ပိုကောင်းလာသည်။ ဤအနေအထားဖြင့် ထိုင်ခုံခါးပတ်များက လူ့အသက်များကို ကယ်ဆယ်သည်။ ထိုင်ခုံခါးပတ်များက ဘေးကင်းလုံခြုံရေး ဖြစ်စေပြီး တိုက်ရိုက်သက်ရောက်မှုက ကွန်ဂရက်အား ထိုင်ခုံခါးပတ်ဥပဒေ ပြဋ္ဌာန်းစေခဲ့သည်။

သို့တိုင်အောင် ဤဥပဒေ၏ သက်ရောက်မှုကို နားလည်ရန် လူတို့သည် ရင်ဆိုင်ကြုံတွေ့ရသော ဆွဲဆောင်မှု မက်လုံး၊ စေ့ဆော်မှု ပေါ် မူတည်၍ အပြုအမူ ပြောင်းလဲတတ်ကြောင်း နားလည်ရမည်။ ဤကိစ္စတွင် ဆက်စပ်နေသော အပြုအမူကား မော်တော်ယာဉ်မောင်းများသည် သူတို့ မောင်းနှင်သည့် အမြန်နှုန်းကို ဂရုစိုက်မှုပင် ဖြစ်သည်။ နှေးကွေးစွာ သတိထား မောင်းနှင်ခြင်းသည် ယာဉ်မောင်းမှုအချိန်နှင့် စွမ်းအားကို အသုံးပြုလိုက်ခြင်းကြောင့် စရိတ်စက ကြီးသည်။ မည်မျှ ဘေးကင်းအောင် မောင်းနှင်ရမည်ဟု ဆုံးဖြတ်သောအခါတွင် ဆင်ခြင်တုံတရားရှိသော သူတို့သည် အစွန်းထွက် ကုန်ကျစရိတ်ရရှိရန် အကျိုးအမြတ်ကို နှိုင်းယှဉ်ကြသည်။ ဘေးကင်းသည့် အကျိုးကျေးဇူးတို့ များလာသောအခါတွင် လူတို့သည် ပိုမိုနှေးကွေးစွာနှင့် သတိထား မောင်းနှင်ကြသည်။ လမ်းပေါ်တွင် ကားရှင်းနေသည့် အချိန်မှာထက် လမ်းများပေါ် ရေခဲနေသည့်အချိန်တွင် ပို၍ နှေးကွေးစွာနှင့် အဘယ်ကြောင့် သတိကြီးစွာ မောင်းနှင်ကြကြောင်း ဆိုသည့်အချက်ကို ရှင်းလင်းဖော်ပြသည်။

ဆင်ခြင်တုံတရားရှိသော ဒရိုင်ဘာ၏ ကုန်ကျစရိတ် အကျိုးအမြတ်တွက်ချက်မှုကို ထိုင်ခုံခါးပတ် ဥပဒေက မည်သို့ ပြောင်းလဲသည်ကို စဉ်းစားကြည့်ကြပါစို့။ ထိုင်ခုံခါးပတ်များသည် ဒရိုင်ဘာကို ကုန်ကျစရိတ် နည်းစေပြီး မတော်တဆ ထိခိုက်မှုများကို နည်းပါးစေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ထိခိုက်မှု (သို့မဟုတ်) သေဆုံးမှုဖြစ်နိုင်စွမ်းကို လျှော့ချပေးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုင်ခုံခါးပတ် ဥပဒေသည် နှေးနှေးနှင့် သတိကြီးစွာ မောင်းနှင်ရန် အကျိုးဖြစ်ထွန်းမှုများကို လျှော့ချသည်။ ထိုင်ခုံခါးပတ်များကြောင့် လမ်းအခြေအနေ ကောင်းပါက မြန်မြန်နှင့် သတိလက်လွတ် မောင်းနှင်မှုများကို ဖြစ်စေသည်။ ထိုင်ခုံခါးပတ် ဥပဒေ၏ နိဂုံးရလဒ်မှာ မတော်တဆ ထိခိုက်မှု အရေအတွက်များများ ဖြစ်စေသည်။

ဤဥပဒေသည်ကားမောင်းနေရာမှသေဆုံးမှု အရေအတွက် မည်မျှကို အကျိုးသက်ရောက်မှု ရှိစေခဲ့ပါသနည်း။ ထိုင်ခုံခါးပတ်များ တပ်ဆင်သည့် ကားမောင်းသူများသည် မတော်တဆ ထိခိုက်မှု တစ်စုံတစ်ရာမှ ပိုမိုလွတ်မြောက်လိုဟန် ရှိသည်။ သို့သော် မတော်တဆ ထိခိုက်မှုတစ်ခုကို သူတို့ကိုယ်တိုင် တွေ့ရဖို့ ပိုမိုများသည်။ အသားတင် အကျိုးသက်ရောက်မှုအနေနှင့် မရေမရာ၊ မပြတ်မသား ဖြစ်စေသည်။ ထို့ပြင် ကားမောင်းရာတွင် ဘေးကင်းမှု လျှော့ချခြင်းသည် လမ်းသွားလမ်းလာ ခြေလျင်လျှောက်သူများနှင့် ခါးပတ်မပတ်သော ယာဉ်မောင်းသူများအပေါ်တွင် ဆိုးကျိုးပေးသော အရာထင်မှုကို ဖြစ်စေပြန်သည်။ ဥပဒေပြောင်းသူတို့အဖို့ ဆုံးရှုံးဖွယ်ရာ အန္တရာယ်ရှိသည်။ အကြောင်းမှုကား သူတို့သည် မတော်တဆ ထိခိုက်မှုကို သူတို့ကိုယ်တိုင် တွေ့ကြုံနေရသော်လည်း ယင်းကိစ္စကို ထိုင်ခုံခါးပတ်က မကာကွယ် နိုင်ချေ။ ထို့ကြောင့် ထိုင်ခုံခါးပတ်ဥပဒေသည် လမ်းသွားလမ်းလာ သေဆုံးမှုအရေအတွက်ကို မြင့်တက်စေခဲ့ပါသည်။

စီးပွားရေးပညာရှင် ဆမ်ပတ်(ဇ်)မန်းဆိုသူက ၁၉၇၅ ခုနှစ်တွင် ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်တွင် မော်တော်ယာဉ် ဘေးကင်းရေး ဥပဒေတွင် အကျိုးသက်ရောက်မှု များစွာရှိကြောင်း ဖော်ပြခဲ့သည်။ ပတ်(ဇ်)မန်း၏ သက်သေ အထောက်အထားအရ ယင်းဥပဒေများသည် မတော်တဆ ထိခိုက်မှုတစ်ခုမှ သေဆုံးသူ အရေအတွက်ကို နည်းပါးစေရုံမက မတော်တဆ ထိခိုက်မှုများစွာကို ဖြစ်ပျက်စေခဲ့သည် ဟု ဆိုသည်။ အသားတင်ရလဒ်အနေဖြင့် ယာဉ်မောင်းသူ သေဆုံးမှု အရေအတွက်နှင့် လမ်းသွားလမ်းလာ သေဆုံးမှုအရေအတွက် မြင့်တက်လာမှုတွင် အနည်းငယ် ပြောင်းလဲမှု မရှိသည့် ပတ်(ဇ်)မန်း၏ မော်တော်ယာဉ် ဘေးကင်းမှုဆိုင်ရာ လေ့လာသုံးသပ်မှုသည် လူအများက ဆွဲဆောင်မှု မက်လုံးများအပေါ် တုံ့ပြန်သော ယေဘုယျ သဘောတရား၏ ဥပမာ တစ်ခုမျှသာ ဖြစ်သည်။ စီးပွားရေး ပညာရှင်များ လေ့လာသော ဆွဲဆောင်မှု မက်လုံးများစွာသည် မော်တော်ယာဉ် ဥပဒေ ဘေးကင်းမှုများထက်စာလျှင် ပိုမို၍ လွယ်ကူရှင်းလင်းသည်။ ဥပမာပြရသော် ပန်းသီးများအပေါ်တွင် အခွန်ကောက်ခြင်းသည် လူအများအား ပန်းသီးနည်းနည်းသာ ဝယ်ယူမှု ဖြစ်စေတော့သည်။ ယင်းသည် အံ့သြစရာ မဟုတ်ချေ။ သို့တိုင်အောင် ထိုင်ခုံခါးပတ် ဥပမာက ဖော်ပြခဲ့သည်မှာ မူဝါဒ (ပေါ်လစီ)များသည် တစ်ခါတစ်ရံ တွင် ကြိုတင်ထူးခြားမှု မရှိသော အကျိုးသက်ရောက်မှုများကိုသာ စဉ်းစားရုံမကဘဲ ဆွဲဆောင်မှု မက်လုံးများမှတစ်ဆင့် အလုပ်လုပ်ရသော သွယ်ဝိုက် အကျိုးသက်ရောက်မှုများကိုလည်း စဉ်းစားရမည် ဖြစ်ပါသည်။ အကယ်၍ ပေါ်လစီသည် ဆွဲဆောင်မှု မက်လုံးများကို ပြောင်းလဲလျှင် လူအများ၏ အပြုအမူ ဆောင်ရွက်မှုများကို ပြောင်းလဲစေရန် ဖြစ်ပေါ်စေလိမ့်မည်။

❑

## စာမျက်နှာ ၁၂ - အရည်အသွေးကောင်းမှ ဈေးကောင်းရမည် မှအဆက်

ယခုရက်ပိုင်းမှာ တရုတ်နိုင်ငံက အများဆုံးဝယ်ယူတဲ့ဖရဲအမျိုးအစားက ထိုင်ဝမ်မျိုးဖြစ်ပြီး တစ်ကီလိုကို ၁ ဒသမ ၆ ယွမ်မှ ၂ ဒသမ ၆ ယွမ်အထိ ဈေးပေးဝယ်ယူနေကြပါတယ်။ ၁၆တန်ဆံ့ ကားတစ်စီးလျှင် ယွမ် ၂၅၆၀၀ မှ ယွမ် ၄၁၆၀၀ အထိရရှိကြပြီး မြန်မာကျပ်ငွေဖြင့်ဆိုပါက ကျပ် ၄၇သိန်းမှ ကျပ်သိန်း ၇၀ ကျော်အထိ ရရှိကြပါတယ်။ (၈၅၅)မျိုးဖရဲအဖြူသီးဖြစ်ပါက တစ်ကီလိုလျှင် ၁ ဒသမ ၂ ယွမ်မှ ၁ ဒသမ ၈ ယွမ်အထိရရှိပြီး ကားစီးလုံး ပြတ်ဆိုပါက ယွမ် ၃၀၀၀ မှ ယွမ် ၅၀၀၀ အထိ ရရှိကြောင်း သိရှိရပါတယ်။

မူဆယ်(၁၀၅)မိုင်မှာ လာရောက် ဝယ်ယူနေကြတဲ့ တရုတ်နိုင်ငံမှ ဖရဲသီးကုန်သည်များဟာ တရုတ်နိုင်ငံအနှံ့အပြားမှ ကုန်သည်များဖြစ်ကြကြောင်း သိရပါတယ်။

တရုတ်နိုင်ငံဟာ နယ်မြေဒေသ အကျယ်ပြန့်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။မြန်မာနိုင်ငံရဲ့နယ်စပ်ဒေသ ဖြစ်တဲ့ မူဆယ် (၁၀၅) မိုင်မှ မြန်မာနိုင်ငံနဲ့ အနီးဆုံးတရုတ်နိုင်ငံရဲ့ဒေသတစ်ခုဖြစ်တဲ့ ကူမင်းဒေသရဲ့အကွာအဝေးဟာ ကီလိုမီတာပေါင်း ၇၀၀ ကျော်ကွာဝေးပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံရဲ့မြောက်ပိုင်းဒေသတစ်ခုဖြစ်တဲ့ ဟေလုံကျန်းပြည်နယ်ဟာ ကီလိုမီတာ ၄၀၀၀ ကျော် ကွာဝေးတဲ့အတွက် အရည်အသွေးမကောင်း၊ အထားမခံတဲ့ ဖရဲသီးတွေကို တရုတ်နိုင်ငံရဲ့ ဖရဲကုန်သည်တွေက ဝယ်ယူဖို့ လက်တွန့်လေ့ရှိပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံက ဖရဲသီးကုန်သည်တွေဟာ အထားခံ ရောင်းချ နိုင်တဲ့၊ အရည်အသွေးရှိတဲ့၊ ခရီးဝေးအထိ သယ်ဆောင်နိုင်တဲ့ ရောင်းတန်းဝင် ဖရဲသီးတွေကိုသာ ရွေးချယ်ဝယ်ယူနေကြတာ ဖြစ်ပါတယ်။အောက်တိုဘာလအတွင်းနဲ့ နိုဝင်ဘာလဆန်းပိုင်းတို့မှာ ဖြစ်ပေါ်ခဲ့တဲ့ မိုးရွာသွန်းမှုဟာ ဖရဲသီးဈေးကွက်ကို ပျက်သလိုဖြစ်စေခဲ့ပါတယ်။ ဒါဟာ ရာသီဥတုကြောင့် ဖရဲသီးတစ်လုံးမှာရှိသင့်တဲ့ အရည်အသွေးတွေ မရှိတော့အတွက် ဝယ်လက်မကြိုက်တဲ့အနေအထားတစ်ခုကို ရောက်ရှိခဲ့တာကြောင့် ဖရဲသီးဈေးကွက်ပျက်မလိုဖြစ်ခဲ့ရတာပါ။

ပြီးခဲ့တဲ့၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ဖရဲသီးတစ်ကီလိုကို သုည ဒသမ ၅ ယွမ်မှ နှစ်ယွမ်အထိ ရရှိခဲ့ပြီး နိုဝင်ဘာလ ဒုတိယပတ်တွင် မြင်းခြံ၊ တပ်ကုန်း၊ ကျောက်ဆည်၊ ကျောင်းကုန်း၊ စဉ့်ကိုင်ဒေသတို့မှထွက်ရှိတဲ့ ဖရဲအကြားသီး တစ်ကီလိုကို ၂ ဒသမ ၆ ယွမ်၊ ၁၆ တန်ဆံ့ ကားတစ်စီးလျှင် ၄၁၆၀၀ ယွမ်၊ မြန်မာငွေဖြင့်ဆိုပါက ကျပ် ၈၃ သိန်းကျော်၊ ကျောက်ဆည်နဲ့ မန္တလေးမှထွက်ရှိတဲ့ဖရဲအဖြူသီး တစ်ကီလိုကို ၂ ဒသမ ၁ ယွမ်၊ ၁၆ တန်ဆံ့ ကားတစ်စီးလျှင် ၃၃၆၀၀ ယွမ်၊ မြန်မာ ငွေဖြင့်ဆိုလျှင် ကျပ် ၆၇ သိန်းကျော်ရရှိခဲ့တယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်။

ဒါ့အပြင် ယခု နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ ဖရဲသီးဈေးကွက်ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းက အရည်အသွေး မကောင်းဘူးလို့ ဆိုထားတဲ့ဖရဲသီးတစ်တန်ကို ယွမ်နှစ်ထောင်နဲ့ ဝယ်ယူသွားခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာလ ၁၂ ရက်မှာတော့ တစ်ကီလိုကို အဖြူသီးက ၁ ဒသမ ၈ ယွမ်မှ ၂ ဒသမ ၂ ယွမ်၊ (၈၅၅)မျိုး ဖရဲသီးက နှစ်ယွမ်မှ ၂ ဒသမ ၂ယွမ် အထိဈေးရရှိခဲ့ပြီး ထိုင်ဝမ်သီးကတော့ သုံးယွမ်မှ ၃ ဒသမ ၆ယွမ်အထိရရှိခဲ့ကာ ၁၆ တန်ဆံ့ကားတစ်စီးလျှင် မြန်မာငွေကျပ် ၅၃ သိန်းကျော်မှ ကျပ် သိန်း ၁၀၀ကျော်အထိရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရပါတယ်။

ဒါကြောင့် ဖရဲသီးဈေးကွက်ဟာ အရည်အသွေးကောင်းမှ ဈေးကောင်းရနိုင်တဲ့အနေအထားမျိုးဖြစ်တာကြောင့် ဈေးကောင်းရဖို့အတွက်အရည်အသွေးကောင်းကို ရွေးချယ်တင်ပို့နိုင်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

# အိန္ဒိယပဲ ရက်သတ္တပတ်

နိုဝင်ဘာ ၇ရက်တွင် ထုတ်ပြန်သော အဂရီဝပ်ချ်၏ ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာအရ အောက်တိုဘာ ၂၄ရက်မှ ၃၀ ရက်အတွင်း အိန္ဒိယနိုင်ငံ အတွင်းသို့ တင်သွင်းခဲ့သော ပဲမျိုးစုံ ပမာဏမှာ ၁၄၇၃၉၅ တန် ရှိခဲ့သည်။ သို့သော် ချန်နိုင်းနှင့် ဂျဝါဟာလာနေရူး သင်္ဘောဆိပ်ကမ်းများသို့ ပဲမျိုးစုံ ကုန်သေတ္တာများ ထပ်မံဝင် ရောက်မှုမရှိသည်ကို တွေ့ရသည်။ မိုးရာသီပဲမျိုးစုံ ရိတ်သိမ်းမှု တိုးတက်လာသည့် အခြေအနေနှင့် ဈေးနှုန်းကျဆင်းသည့် အခြေအနေများကြောင့် ဆောင်းရာသီ ပဲမျိုးစုံစိုက်ပျိုးမှုမှာ အနည်းငယ် ကျဆင်းလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်။



### ပဲမျိုးစုံတင်သွင်းမှု

အောက်တိုဘာ ၂၃ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်တွင် အိန္ဒိယနိုင်ငံသို့ တင်သွင်းသော ပဲမျိုးစုံပမာဏမှာ ၁၃၁၃၇၇ တန်ရှိခဲ့ပြီး အောက်တိုဘာ ၃၀ ရက် ကုန်ဆုံးသော ရက်သတ္တပတ်တွင် တင်သွင်းခဲ့သော ပမာဏမှာ ၁၄၇၃၉၆တန် ရှိသည့်အတွက် အောက်တိုဘာ ၃၀ ရက်သတ္တပတ်တွင် ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရသည်။ အဆိုပါ ရက်သတ္တပတ်အတွင်း တင်သွင်းခဲ့သော ပဲများအနက် ပဲဝါလေးမှာ တန်ချိန်အများဆုံးဖြစ်ပြီး ၇၄၉၀၂တန် ရှိခဲ့သည်။ အခြားတင်သွင်းမှုများသော ပဲများတွင် ပဲစင်းငုံ ၄၀၁၉၂ တန်၊ မတ်ပဲ ၁၀၄၇၂ တန်နှင့် ကုလားပဲ ၈၀၅၀ တန် အသီးသီး ပါဝင်ကြသည်။ ဘိုစားပဲ အပါအဝင် အခြားပဲများကိုမူ အနည်းငယ်သာ တင်သွင်းခဲ့သည်။

### ထုတ်လုပ်မှုအခြေအနေ

ယခုလက်ရှိအချိန်ထိ မုတ်သုံမိုးရွာသွန်းမှု အခြေအနေမှာ ပဲ စိုက်ပျိုးမှုအတွက် အခွင့်အလမ်းကောင်းများ ရှိနေမှုကြောင့် ယခုနှစ်အတွက် ပဲထုတ်လုပ်မှုမှာ တန်ချိန် ၂၀၇ ဒသမ ၅သိန်း ရှိမည်ဟု အစိုးရက ခန့်မှန်းထားသည်။ ယခုနှစ် မိုးရာသီအတွင်း ရာသီဥတုအခြေအနေ ကောင်းမွန်မှုနှင့် စိုက်ဧရိယာ မြင့်မားမှုတို့ကြောင့် ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံထွက်ရှိမှု ပိုမိုမြင့်မားလာသည်ကို တွေ့ရ သည်။

### ဆောင်းသီးနှံစိုက်ပျိုးမှုအလားအလာ

ယေဘုယျအားဖြင့် အိန္ဒိယနိုင်ငံတွင် ဆောင်းစိုက်ပဲမျိုးစုံကို အောက်တိုဘာတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီတွင် ရိတ်သိမ်းလေ့ရှိသည်။ ဆောင်းရာသီ စိုက်ပျိုးမှု အခြေအနေမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်မည်ဆိုပါက ကျဆင်းမည့် လက္ခဏာကို တွေ့ရသည်။ ပဲမျိုးစုံ စိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ်ကဟက်တာ ၃၀ ဒသမ ၀၇ သိန်းရှိခဲ့သော်လည်း ယခုနှစ်တွင် ဟက်တာ ၂၄ဒသမ ၁၆ သိန်းအထိ ကျဆင်းနိုင်သည်။ သို့သော် ကုလားပဲမှာ ဈေးနှုန်းပိုမိုမြင့်တက်ပြီး အနိမ့်ဆုံး ထောက်ပံ့ကြေး ဈေးနှုန်း (MSP) မှာ တစ်ကွင်တယ်ကို ရူပီး ၄၀၀၀ အထိ ရောက်ရှိနိုင်သည့်အတွက် လာမည့် ရက်သတ္တပတ်တွင် စိုက်ပျိုးမြေဧရိယာ မြင့်တက်လာမည်ဟု ခန့် မှန်းထားသည်။

ကုလားပဲနှင့် ပဲနီလေးမှာ ရောင်းလိုအား ကျဆင်းမှုနှင့် ပြည်တွင်းရှိ ပဲအဝင်နည်းပါးမှုကြောင့် အရောင်းအဝယ် ပုံမှန်အနေအထားရှိမည်ဟု ခန့်မှန်းရသည်။ ကုလားပဲနှင့် ပဲနီလေး စိုက်ပျိုးမှုမှာ ယခုမှစတင်မည်ဖြစ်သည်။ ဩစတြေးလျတွင် ပဲနီလေးစိုက်ပျိုးသော ပြည်နယ်များအနက် ပြည်နယ်နှစ်ခုတွင် သီးနှံပျက်စီးမှု ၅၀ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်။ အိန္ဒိယနိုင်ငံတွင်လည်း ဒီဇင်ဘာ ကုန်ဆုံးပြီးမှသာ ပဲအသစ်များ ရရှိနိုင်မည်ဖြစ်သကဲ့သို့ ဩစတြေးလျမှ တင်သွင်းမည့် ပဲများမှာလည်း နိုဝင်ဘာလကုန်မှသာ ရရှိနိုင်မည်။

### ဈေးနှုန်းအခြေအနေ

လက်လီသမားများထံမှ ပဲမျိုးစုံဝယ်လိုအားမှာ ယခုရက်သတ္တပတ် အကုန်တွင် နည်းသွားမည်ဖြစ်သည့်အတွက် ဈေးနှုန်းကျဆင်းမည့် အလားအလာရှိနေသည်။ အစိုးရကလည်း ဈေးကွက်ကို ထိန်းသိမ်းထားနိုင်ရေးအတွက် ဈေးကွက်ကို စောင့်ကြည့်နေပြီး အမျိုးမျိုး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ တင်သွင်းလာသော ပဲစင်းငုံဈေးမှာ မွမ်ဘိုင်းတွင် တစ်ကွင်တယ်ကို နိမ့်/မြင့် ရူပီး ၅၈၀၀ မှ ၅၈၅၀ နှုန်းရှိသည်။ မတ်ပဲနှင့် ကုလားပဲမှာမူ တစ်ကွင်တယ်ကို ရူပီး ၇၅၀၀ နှင့် ၉၉၀၀ အသီးသီးရှိသည်။ မြန်မာနိုင်ငံတွင် ပဲစင်းငုံပေါက်ဈေးမှာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၇၉၀ (CNF မွမ်ဘိုင်း) နှုန်း၊ FAQ ၁၁၂၅ ဒေါ်လာနှင့် SQ ၁၁၈၅ ဒေါ်လာ အသီးသီး ဈေးပေါက်ခဲ့သည်။ ပဲစင်းငုံနှင့် မတ်ပဲမှာ ပြည်တွင်းမှ ဈေးကွက်သို့ ဝင်ရောက်လာဦးမည်ဖြစ်သည့်အတွက် ဈေးနှုန်းကျဆင်းဦးမည့် အလားအလာကို တွေ့ရသည်။

### အပြည်ပြည်ဆိုင်ရာဈေးကွက်

ဩစတြေးလျနိုင်ငံတွင် သီးနှံပျက်စီးမှုနှင့် ကနေဒါနိုင်ငံတွင် ပြည်ပပို့ကုန် ဝယ်လိုအား မြင့်တက်နေသည့် သတင်းများကြောင့် ပဲနီလေးဈေး မြင့်တက်ရန်အတွက် အထောက်အကူ ဖြစ်စေခဲ့သည်။ ကနေဒါတွင် ပဲနီလေးဈေးမှာ ယခင်ရက်သတ္တပတ်က တစ်ပေါင်ကို နိမ့်/မြင့် ၆၂/၆၃ ဆင့်နှုန်း ရှိခဲ့သည့်အတွက် သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ သို့သော် ကုလားပဲမှာမူ တစ်ပေါင်ကို ၅၃ ဆင့်နှင့် ပဲဝါလေးက ရှစ်ဆင့်ရှိခဲ့သည်။ ကနေဒါရှိ ဈေးကွက်အခြေအနေက လာမည့် ရက်သတ္တပတ်များတွင် အိန္ဒိယနိုင်ငံရှိ ဈေးကွက်များကို ဂယက်ရိုက်ခတ်လာဖွယ် ရှိသည်။

ကနေဒါ သီးနှံကော်မရှင်က နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာအရ ပဲနီလေးတွင် ပရိုတိန်းပါဝင်မှုနှုန်းမှာ ယခင်နှစ်က ၂၅ဒသမ ၇ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် သုညဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ပြီး ၂၆ဒသမ ၆ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။ ဆက်စကာချီဝန်နှင့် အယ်လ်ဘတ်တာ ပြည်နယ်တို့မှ ထွက်သော ပဲနီလေးတို့မှာ အထူးသဖြင့်ပရိုတိန်းကြွယ်ဝပြီး ရာသီဥတု ကောင်းမွန်မှုကြောင့် ယခုကဲ့သို့ ပရိုတိန်းပါဝင်မှု မြင့်မားရခြင်းဖြစ်သည်။ ပရိုတိန်းပိုမို ကြွယ်ဝစွာ ပါဝင်သော်လည်း ရောင်းလိုအား မြင့်တက်မှုကြောင့် ဈေးနှုန်းမှာ ပုံမှန်ရှိနေသည်။

**စံမီအောင်**

# ထိုင်းပန်းသီးတင်သွင်းရေးကုမ္ပဏီက ပန်းသီးအရောင်းမြှင့်တင်ရေး ဆောင်ရွက်

မကြာသေးမီလများအတွင်း ထိုင်းနိုင်ငံတွင် Jazz နှင့် Envy ပန်းသီးများအတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းများကို ထိုင်းသစ်သီးတင်သွင်းရေးကုမ္ပဏီ Vachamon Food က တိုးမြှင့် ဆောင်ရွက်ခဲ့သည်။





ကုမ္ပဏီ အရောင်းမြှင့်တင်ရေးလုပ်ငန်းများကို ထိုင်းနိုင်ငံအတွင်းရှိ လက်လီရောင်းချရေး ကွန်ရက်များဖြစ်သည့် Tesco Lotus၊ ဘစ်စီ နှင့် မာကရိုတို့က အားပေးထောက်ခံခဲ့ကြကြောင်း ဖရူနက်ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

အရောင်းမြှင့်တင်ရေး လုပ်ငန်းကို Tesco ကုမ္ပဏီက ဦးဆောင်အားပေးခဲ့ပြီး Jazz ပန်းသီးတစ်သန်းကို ဝယ်ယူကာ ဈေးဝယ်လာသူတို့အား လက်ဆောင်ပေးခဲ့သည်။ အရောင်းမြှင့်တင်ရေး အစီအစဉ်ကို အောက်တိုဘာ ၇ရက်နှင့် ၈ရက်တို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဟိုက်ပါမားကတ်များမှ သစ်သီးများ ဝယ်ယူသူများအား Jazz ပန်းသီးများကို Tesco က လက်ဆောင်ပေးခဲ့သည်။

Tesco ကုမ္ပဏီက Jazz ပန်းသီးများကို လက်ဆောင်ပေးခြင်းမှာ ဟိုက်ပါမားကတ် စတိုးဆိုင်များတွင် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို အရောင်းမြှင့်တင်ရန် ဖြစ်သော်လည်း ယခုအရောင်းမြှင့်တင်ရေးလုပ်ငန်းမှာ ပန်းသီးအကောင်းစားများကို လူအများသိရှိအောင် ဆောင်ရွက်ရာတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း Vacha-mon Food ၏ အုပ်ချုပ်မှုဒါရိုက်တာ ဝီပါဗီးဝမ်ချာရာကွန်က ပြောသည်။

BigC ကလည်း Envy နှင့် Jazz ပန်းသီးများ အကြောင်းကို ကုမ္ပဏီ၏မဂ္ဂဇင်းတွင် တစ်နှစ်ပတ်လည်လုံး ရေးသားဖော်ပြခဲ့သည်။ ဖောက်သည်များကို ဆွဲဆောင်နိုင်ရန် ဈေးနှုန်းများကိုလည်း လျှော့ချပေးခဲ့သည်။

**ဉာဏ်တင်**

# အထွက်နှုန်း မြင့်တက်မှုကြောင့် အိန္ဒိယမြေပဲဈေး ရုတ်တရက်ထိုးကျ

အိန္ဒိယနိုင်ငံတွင် မိုးစိုက်မြေပဲ အထွက်နှုန်း ကောင်းမွန်မှုကြောင့် မြေပဲဈေးနှုန်းများမှာ အစိုးရ၏ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (Minimum Support Price) အောက် ကျဆင်းလျက်ရှိသဖြင့် မိုးမြေပဲ ပေါ်ဦးပေါ်ဖျားတွင် ပဲစိုက် တောင်သူတို့ ဒုက္ခတွေ့နေရကြောင်း ဘိဇနက်စတန်းဒက်သတင်းတွင် ဖော်ပြသည်။

ပဲပုပ်ဈေးမှာလည်း MSP အောက်ရောက်သည်အထိ ကျဆင်းမှု မရှိသော်လည်း ပဲပုပ်တောင်သူတို့မှာလည်း အလားတူ ကံကြမ္မာနှင့် ရင်ဆိုင်နေရသည်။ ယခုအချိန်မှာ ဆောင်းစိုက်သီးနှံအဖြစ် စိုက်ပျိုးတော့မည့်အချိန်ဖြစ်သဖြင့် ကာလရှည်ကြာစွာ ဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများက ပိုမို အကျိုးရှိမည့်သီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ဖွယ်ရှိသည်။ အိန္ဒိယနိုင်ငံသည် ဆီထွက်သီးနှံ လိုအပ်ချက်၏ ၅၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းမှုဖြင့် ဖြည့်ဆည်းနေရသည်။

ရာဂျာကော့ လက်ငင်းဈေးကွက်တွင် မြေပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၃၇၅၀ ရှိခဲ့ရာ ယခင်တစ်လကဈေးနှင့် နှိုင်းယှဉ်ပါက ၁၇ရာခိုင်နှုန်းနှင့် MSP ဈေးနှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း ကျဆင်းသည်။ ဈေးနှုန်း ကျဆင်းရသည့် အကြောင်းအရင်းမှာ မုတ်သုံမိုး ကောင်းမွန်မှုကြောင့် အထွက်နှုန်းအများကြီးမြင့်တက်မည်ဟု ခန့်မှန်းကြသည့်အတွက်ကြောင့်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ မြေပဲဆန်စုစုပေါင်းထုတ်လုပ်မှုအနက် မိုးရာသီ ထုတ်လုပ်မှုက ၇၅ရာခိုင်နှုန်းရှိပြီး ဆောင်းစိုက်သီးနှံ က ၂၅ရာခိုင်နှုန်းရှိသည်။

**ဉာဏ်တင်**

# ကျန်းမာရေးစောင့်ရှောက်မှုအတွက် သုံးစွဲရာတွင် အာဆီယံနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံက နောက်ကျကျန်ရစ်

ဆေးဝါးဝန်ဆောင်မှုလုပ်ငန်းကို ရရှိနိုင်သည့် အခြေအနေ နည်းပါးခြင်းနှင့် ရရှိပါကလည်း တတ်နိုင်သည့် အခြေအနေ နည်းပါးခြင်းတို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဖိလစ်ပိုင်နိုင်ငံသားများ၏ တစ်ဦးချင်းသုံးစွဲမှုသည် အာဆီယံအိမ်နီးချင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက နောက်ကျကျန်လျက်ရှိနေကြောင်း ဖိလစ်ပင်းဒေးလီး အင်ကွာရာသတင်းတွင် ဖော်ပြသည်။

၂၀၁၄ ခုနှစ် နှစ်အကုန်အတွက် ပြုစုထားသော စာရင်းများအရ ဖိလစ်ပိုင်နိုင်ငံ၏ တစ်ဦးချင်း ပျမ်းမျှ ကျန်းမာရေး အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၃၂၉ ဒေါ်လာရှိခဲ့ရာ အလားတူကာလအတွင်း စင်ကာပူနိုင်ငံ၏ တစ်ဦးချင်း ပျမ်းမျှကျန်းမာရေး စောင့်ရှောက်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၀၀၀ ရှိသည့်အတွက် ကွာဟချက်မှာ ကြီးမားလွန်းကြောင်း GE Healthcare ၏ ဖိလစ်ပိုင်နိုင်ငံ ဒေသဆိုင်ရာ ကိုယ်စားလှယ် အိုင်ဗန် အလက်ဇီ အာအေရိုတာက ပြောသည်။

၂၀၁၄ ခုနှစ်အထိ စာရင်းများအရ ဘရူနိုင်း၊ မလေးရှား၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်တို့၏ တစ်ဦးချင်း ကျန်းမာရေး အသုံးစရိတ်နှင့် နှိုင်းယှဉ်ပါက ဖိလစ်ပိုင်နိုင်ငံ၏ တစ်ဦးကျသုံးစွဲမှုမှာ နိမ့်ကျလျက်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

"ကျန်းမာရေး အသုံးစရိတ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့လုပ်စရာတွေ အများကြီးရှိနေပါတယ်။ ရငွေနဲ့သုံးငွေ ကွာခြားချက်က ကြီးလွန်းပါတယ်။ ဒီလိုဖြစ်ရတာကလည်း အများအားဖြင့် ငွေကြေးရှားပါးမှုကြောင့်ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ကျန်းမာရေး စောင့်ရှောက်မှုက ငွေကုန်ကြေးကျ များလွန်းပါတယ်"ဟု အေရိုတာက ပြောသည်။

Philhealth အစီအစဉ်က ဖိလစ်ပိုင်လူမျိုး ၈၀ ရာခိုင်နှုန်းကို အကျုံးဝင်သည်ဟု ဆိုသော်လည်း ပြင်ပလူနာအဖြစ် ကုသမှုအသုံးစရိတ်တွေ မပါဝင်ကြောင်းနှင့် ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှု ထိန်းသိမ်းရေး အဖွဲ့အစည်း (Healthcare Maintainance Organizations) ကလည်း စုစုပေါင်း လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်ကိုသာ ဆောင်ရွက်ပေးနိုင်ကြောင်း အေရိုတာက ပြောသည်။

သို့ဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုပြည်သူအများစု ခံစားခွင့်ရရှိစေရန်အတွက် အစိုးရက ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်ရန်လိုကြောင်း အေရိုတာက အလေးအနက်ထား ပြောကြားသည်။

# အဖွဲ့ဝင်မဟုတ်သောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးက အရေးပါကြောင်း အိုပက်အဖွဲ့အကြီးအကဲကပြော



ဈေးကွက်ကို ဟန်ချက်ညီညီ ထိန်းနိုင်ရန်အတွက် ရေနံတင်ပို့သော နိုင်ငံများ အဖွဲ့(အိုပက်)နှင့် အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ ပေါင်းစပ်ညှိနှိုင်းမှုက အရေးပါသည်ဟု နိုဝင်ဘာ ၇ ရက်က အိုပက်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် မိုဟာမက်ဘာကင်ဒိုကပြောကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

"အားလုံးအတွက် ကောင်းမယ့် အကျိုးစီးပွားကိုရည်ရွယ်ပြီး ရေနံဈေးကွက်ကို ဟန်ချက်ညီအောင် ထိန်းညှိဖို့အတွက် အိုပက်အဖွဲ့ဝင် နိုင်ငံတွေနဲ့ အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေပါပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်"ဟု အဘူဒါဘီတွင် ကျင်းပသော ဖိုရမ်တစ်ခုတွင် အထွေထွေအတွင်းရေးမှူးချုပ်က ပြောသည်။

ကမ္ဘာ့ရေနံဈေးနှုန်းများ အချိန်ကြာမြင့်စွာ ကျဆင်းမှုကြောင့် ရှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ထုတ်လုပ်မှုကို လျှော့ချရန် စက်တင်ဘာ ၂၉ ရက်တွင် အယ်လ်ဂျီးရီးယား၌ ကျင်းပသော အစည်းအဝေးတွင် အိုပက်အဖွဲ့က ကတိပြုခဲ့သည်။

"ဒီသဘောတူညီချက်က ရေနံဈေးကွက်တည်ငြိမ်ဖို့အတွက် အိုပက်အဖွဲ့က ဆောင်ရွက်ပါမယ်ဆိုတဲ့ ကတိကဝတ်ကို မီးမောင်းထိုးပြလိုက်တာဖြစ်ပါတယ်"ဟု ဘာကင်ဒိုက ပြောသည်။ ထုတ်လုပ်မှု ကန့်သတ်ရန်အတွက် အိုပက်အဖွဲ့ဝင် မဟုတ်သော နိုင်ငံများအနက် အဓိကကျသော ရုရှားနိုင်ငံက သဘောတူစာချုပ်ချုပ်ဆိုရန် အသင့်ရှိနေသည်ဟု ဖိုရမ်ဆွေးနွေးပွဲကာလအတွင်း အလွတ်သဘော တွေ့ဆုံပွဲတွင် ဘာကင်ဒိုက ပြောကြောင်း ဘလွမ်းဘတ်သတင်းတွင် ဖော်ပြသည်။

"ကျွန်တော်တို့ အိုပက်အဖွဲ့က အယ်လ်ဂျီးရီးယား သဘောတူစာချုပ်ကို စောင့်ထိန်းဖို့ ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။ ရုရှားနိုင်ငံကလည်း သဘောတူစာချုပ်ချုပ်ဆိုဖို့ အသင့်ရှိနေတယ်ဆိုတာကို မော်စကိုရှိ အဆင့်မြင့်အရာရှိတွေရဲ့ အသိုင်းအဝိုင်းကတစ်ဆင့် ကြားရပါတယ်"ဟု ဘာကင် ဒိုက ပြောသည်။

စီမံကိန်း အကောင်အထည် ဖော်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန် ဗီယင်နာမြို့တွင် ရုရှားနှင့် အိုပက်အဖွဲ့ဝင်မဟုတ်သော အခြားနိုင်ငံများနှင့် တွေ့ဆုံပြီး အိုပက်အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးခဲ့ကြသည်။

"ရုရှားဘက်ကတော့ အပြောင်းအလဲမရှိဘဲ သဘောထား တစ်သမတ်တည်းရှိခဲ့ပါတယ်"ဟု ဘာကင်ဒိုက အဘူဒါဘီတွင် သတင်းထောက်များကို ပြောသည်။

အိုပက်အဖွဲ့ဝင် နိုင်ငံများဖြစ်သော အီရတ်၊ အီရန်၊ နိုင်ဂျီးရီးယားနှင့် လစ်ဗျားနိုင်ငံတို့က ရေနံထုတ်လုပ်မှု လျှော့ချရန် ဆုံးဖြတ်ထားသည့် အိုပက်အစီအစဉ်မှ ကင်းလွတ်ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော်လည်း အီရန်နိုင်ငံက အယ်လ်ဂျီးရီးယား သဘောတူညီချက်ကို လေးစားလိုက်နာမည့်သဘောရှိကြောင်း အကြီးအကဲက ပြောသည်။

**ညဏ်တင်-စုစည်းတင်ပြသည်**

# ယူကေက အိန္ဒိယစီးပွားရေးသမားများအတွက် ဗီဇာစည်းမျဉ်းများကို လျှော့ချပေး

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန် နိုင်ငံ နုတ်ထွက်ပြီးနောက် ယူနိုက်တက်ကင်းဒမ်း (ယူကေ)က အိန္ဒိယနိုင်ငံကို အဓိကနိုင်ငံအဖြစ် ထားရှိဆောင်ရွက်ရန် ရည်မှန်းထားရာ အိန္ဒိယစီးပွားရေးသမားများ ဗြိတိန်လေဆိပ်များမှတစ်ဆင့် အီးယူသို့ သွားရောက်ရာတွင် ပိုမိုလျင်မြန်စေရန်အတွက် ဗီဇာထုတ်ယူရေး အစီအစဉ်ကို ယူကေက နိုဝင်ဘာ ၇ ရက်တွင် ကြေညာခဲ့ကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းတွင် ကြေညာသည်။

အိန္ဒိယနိုင်ငံသားများ ဗီဇာလွယ်ကူစွာ ရရှိရေးအတွက် အိန္ဒိယနိုင်ငံက ယခင်ကလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ အိန္ဒိယကျောင်းသားများနှင့် သုတေသီများအတွက် ဗီဇာအစီအစဉ်ကို လျှော့ချပေးရန် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီက ယူကေဝန်ကြီးချုပ် ထရီဇာမေအား ပန်ကြားခဲ့သည်။

ဗြိတိန်နိုင်ငံသို့ လာရောက်ရန် ဗီဇာလိုအပ်သောမည်သည့်နိုင်ငံကိုမဆို "Registered Traveller Scheme" ဟုခေါ်သော အစီအစဉ်အရ ဗီဇာထုတ်ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယ-ယူကေ နည်းပညာ ထိပ်သီးဆွေးနွေးပွဲတွင် မေက ပြောသည်။

"ဗြိတိန်နိုင်ငံကို ကြိမ်ဖန်များစွာ လာရောက်ပြီး နှစ်နိုင်ငံစလုံးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေတဲ့ အိန္ဒိယနိုင်ငံသားများအတွက် ပြည်ဝင်ခွင့်လုပ်ငန်းတွေက ထူးထူးခြားခြား လွယ်ကူသွားမယ့်သဘောရှိပါတယ်"ဟု အိန္ဒိယဝန်ကြီးချုပ်ပါ တက်ရောက်ခဲ့သည့် CII က ကျင်းပသော အခမ်းအနားတစ်ခုတွင် မေက ပြောသည်။

စီးပွားရေး လုပ်ငန်းရှင်များသည် ပုံစံအနည်းငယ်ကို ဖြည့်သွင်းရပြီး အီးယူ- ဥရောပ စီးပွားရေးနယ်မြေ EU - EEA (European Economic Area) ပတ်စ်ပို့ ထိန်းချုပ်မှုကို ဖြတ်ကျော်ကာ ဗြိတိန်နိုင်ငံလေဆိပ်တွေကို အသုံးပြုပြီး ခရီးသွားနိုင်မည်ဖြစ်ကြောင်း သူမကပြောသည်။

"အတိုချုပ်ပြောရရင် ဗြိတိန်နဲ့ အိန္ဒိယအတွက် အခွင့်အလမ်းတွေ ပိုမို ဖြစ်ပေါ်လာပြီး၊ ဗြိတိန်နိုင်ငံက စီးပွားရေးလုပ်ငန်းများအတွက် အမြဲတမ်းတံခါးဖွင့်ထားတယ်ဆိုတဲ့သဘောပါပဲ"ဟု သူမက ပြောသည်။

ယခုကဲ့သို့ စည်းမျဉ်းများ လျှော့ပေးခြင်းမှာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုထိရောက်မှုရှိရန်အတွက်သာမက အများပြည်သူအတွက်လည်း အရေးပါသော မူဘောင်တစ်ခုဖြစ်ကြောင်း သူမက ပြောသည်။

အိန္ဒိယနိုင်ငံတွင် ယူကေစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးလုပ်ဆောင်ရ ပိုမိုလွယ်ကူစေရန်အတွက်လည်း နှစ်နိုင်ငံလက်တွဲ ဆောင်ရွက်လျက်ရှိကြောင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အတားအဆီးများ ဖယ်ရှားရေးနှင့်ပတ်သက်ပြီး ယူကေ ဝန်ကြီးချုပ်က ပြောသည်။

# လုပ်ခတိုးမြှင့်ပေးသော ဂျပန်အသေးစား စီးပွားရေးလုပ်ငန်းများအား အခွန်နှုန်း လျှော့ချ

လုပ်ခလစာ တိုးမြှင့်ပေးသော ဂျပန်အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအား ကောက်ခံသည့် အခွန်ကို လျှော့ချပေးရန် ဂျပန်အစိုးရက တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုအစီအစဉ်မှာ ၂၀၁၇ ခု ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် အခွန်စနစ် ပြုပြင်ပြောင်းလဲမည့် အစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ချီကာဂိုထရီဗျူးသတင်းတွင် ဖော်ပြသည်။

လစာနှုန်း တိုးပေးရာတွင် ကုမ္ပဏီကြီးများနှင့် နှိုင်းယှဉ်လျှင် အသေးစားစီးပွားရေးလုပ်ငန်းများမှာ အားနည်းနေသည့်အတွက် အသေးစား စီးပွားရေးလုပ်ငန်းများက လစာနှုန်း တိုးမြှင့်ပေးနိုင်ရေးအတွက် အခွင့်အရေးပေးသည့်အနေဖြင့် ယင်းတို့အတွက် အခွန်နှုန်းထား ပြဋ္ဌာန်းချက်များ ချမှတ်ပေးခဲ့သည်။

စီးပွားရေးဖွံ့ဖြိုးမှု တိုးမြှင့်ရေး အစီအမံများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော လစာတိုးမြှင့်ရေး ရည်ရွယ်ချက်ဖြစ်သည့် အခွန်နှုန်းအစီအစဉ် ကိုတိုးချဲ့ဆောင်ရွက်ရန် အစိုးရနှင့် အာဏာရပါတီတို့က စဉ်းစားလျက်ရှိသည်။ ယခုအစီအစဉ်မှာ စီးပွားရေးလုပ်ငန်းကြီးများအပါအဝင် ကုမ္ပဏီအားလုံးအကျုံးဝင်သော အစီအစဉ်ဖြစ်သည်။ လက်ရှိ အစီအစဉ်အရ ကုမ္ပဏီတစ်ခုက ဝန်ထမ်းများကို လစာတိုးမြှင့်ပေးပါက စုစုပေါင်း တိုးမြှင့်ပေးသော ပမာဏ၏ ၁၀ရာခိုင်နှုန်းကို ကုမ္ပဏီက ပေးဆောင်ရမည့် အခွန်ငွေမှ ခုနှိမ်ခွင့်ပေးထားသည်။ မတည်ရင်းနှီးငွေ ယန်းသန်း ၁၀၀ နှင့်အောက် ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်နေရသော အသေးစားနှင့် အလတ်စား ကုမ္ပဏီများကိုမူ လျှော့ပေါ့ပေးမည့် ပမာဏကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးသွားမည် ဖြစ်သည်။

အကယ်၍ ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီဝန်ထမ်းများအား ပေးသောလုပ်ခကို ၂၀၁၂ ခုနှစ်က ပေးသော ပမာဏထက် ယန်း ၁၀ သန်း ပိုမိုပေးခဲ့ပါက လက်ရှိအစီအစဉ်အရ လုပ်ငန်းခွန်ကို ယန်းတစ်သန်းထိ လျှော့ချပေးမည့် အခွင့်အရေးကို ရရှိမည်။ ပြုပြင်ထားသော အစီအစဉ်အရ ကုမ္ပဏီက ရရှိမည့် အခွန်လျှော့ပေါ့မှုခံစားခွင့်မှာ နှစ်သန်းရှိမည် ဖြစ်သည်။ လက်ရှိ အစီအစဉ်ကို ကုမ္ပဏီကြီးများကိုပါ ခံစားခွင့်ပေး/ မပေးနှင့် ပတ်သက်၍ ဆွေးနွေးလျက်ရှိ သည်။

၂၀၁၄ ဘဏ္ဍာနှစ်တွင် ဤအစီအစဉ်ကို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ကုမ္ပဏီ ၇၄၀၀၀က အသုံးပြုခဲ့သည်။ ဤအစီအစဉ်ကို အသုံးပြုသော ကုမ္ပဏီကြီး ၄၀၀၀ခန့်အတွက်ပေးသော အခွန်လျှော့ပေါ့ခံစားခွင့်မှာ အစီအစဉ် စတင်သုံးစွဲချိန်မှ အဆိုပါကာလအထိ ယန်း သန်း ၂၅၀ အထိ ရှိခဲ့သည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် ပြည်ထောင်စု သမ္မတ ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့် အနိုင်ရပြီးနောက် နိုဝင်ဘာ ၁၁ရက်က အာရှဈေးကွက်တွင် အာရှစတော့ရှယ်ယာများ ပြန်လည် ရောင်းချနှုန်း တစ်ဟုန်ထိုး တက်လာခဲ့သည်။ ဒေါ်နယ်ထရန့်၏ အစီအစဉ်အရ အမေရိကန် ပြည်ထောင်စု၏ အတိုးနှုန်းများကို မြှင့်တင်ပေးမည်ဟု ခန့်မှန်းကြသည့်အတွက် အာရှဈေးကွက်မှ ငွေကြေးများ ပြင်ပသို့ စီးထွက်မှု မြင့်မားစေသည်။ အကျိုးဆက်အားဖြင့် အာရှတစ်လွှားတွင် ငွေကြေးတန်ဖိုး အတက်အကျ မြင့်မားပြီး မတည်မငြိမ် ဖြစ်ခဲ့ရသည်။

ကိုယ်ကျိုးစီးပွား ကာကွယ်မှု အစီအမံများကို ချမှတ် ကျင့်သုံးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံနှင့်စီးပွားရေး ဆက်ဆံရာတွင် အကောက်ခွန်များ ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ထရန့်၏ ပြောကြားချက်ကြောင့် ကုန်သွယ်မှုကို အားထားနေရသော အာရှဒေသရှိ ဈေးကွက်များကို မငြိမ်မသက်ဖြစ်စေခဲ့ပြီး အာရှငွေကြေးအချို့နှင့် ဖလှယ်ရာတွင် အမေရိကန် ဒေါ်လာတန်ဖိုးသည် လေးလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

**တရုတ်ယွမ်**

ရွေးချယ်ခံသမ္မတ ထရန့် လက်ထက်တွင် အထူးသဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆိုင်ရာ အမေရိကန်၏ မူဝါဒ မရေရာမှုများ မြင့်တက်လာမည်ဟု ခန့်မှန်းကြသည့်အတွက် နိုဝင်ဘာ ၁၁ ရက်တွင် ယွမ်ငွေကြေး တန်ဖိုးက ဒုတိယနေ့အဖြစ် ဆက်လက် ကျဆင်းခဲ့သည်။

တရုတ်ဗဟိုဘဏ်က ပျမ်းမျှ ငွေကြေး ဖလှယ်နှုန်းကို ဈေးကွက်မဖွင့်မီ အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၈၁၁၅ ယွမ်နှုန်း သတ်မှတ်ပေးခဲ့ရာ ယခင်နေ့က သတ်မှတ်ပေးခဲ့သော ၆ ဒသမ ၇၈၈၅ ယွမ်နှုန်းအောက် ယွမ်တန်ဖိုး ကျဆင်းခဲ့သည်။ ငွေလက်ငင်းဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၈၀၇၆ ယွမ်နှုန်းဖြင့် ဈေးဖွင့်ပြီး နေ့လယ်ဘက်တွင် ၆ဒသမ ၈၁၁၈ ယွမ်နှုန်းထိ ရောက်ရှိခဲ့သည်။ ဟောင်ကောင်တွင် ရောင်းချသော Offshore ယွမ် ဖလှယ်နှုန်းက ရှန်ဟဲတွင် ရောင်းချသော Onshore ယွမ်၏ ဖလှယ်နှုန်းဖြစ်သော အမေရိကန် တစ်ဒေါ်လာ ၆ ဒသမ ၈၃၀၀ ယွမ် နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၂၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**အိန္ဒိယရူပီး**

ပင်လယ်ရပ်ခြားဒေသတွင် အမေရိကန် ဒေါ်လာတန်ဖိုး တစ်ဟုန်ထိုး မြင့်တက်ခဲ့ပြီးနောက် အိန္ဒိယရှိ ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေး ဈေးကွက်တွင် ရူပီးတန်ဖိုးသည် သုည ဒသမ ၅၂ရူပီးနှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆၇ ဒသမ ၁၅ ရူပီး နှုန်း ရှိခဲ့သည်။

ထို့ပြင် နိုင်ငံပြင်ပသို့ ငွေကြေးများ စီးထွက်မှု၊ သွင်းကုန်လုပ်ငန်းရှင်များ၏ ဒေါ်လာဝယ်လိုအား မြင့်တက်မှုနှင့် ပြည်တွင်းစတော့ရှယ်ယာဈေးများ ကျဆင်းမှုကလည်း ရူပီးတန်ဖိုး မြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့ကြောင်း နိုင်ငံခြား ငွေဝယ်ရောင်းသမားများက ပြောသည်။

**ဂျပန်ယန်း**

အမေရိကန်ပြည်ထောင်စု အရွေးချယ်ခံ သမ္မတထရန့်၏ စီးပွားရေး မူဝါဒများက စီးပွားရေး လုပ်ငန်းများကို အထောက်အကူ ပေးလိမ့်မည်ဟု ရင်းနှီးမြှုပ်နှံသူတို့က မျှော်လင့်ထားကြသည့်အတွက် တိုကျိုစတော့ရှယ်ယာဈေးကွက်တွင် ရှယ်ယာဈေးများ မြင့်တက်လာခဲ့ရာ အမေရိကန် ဒေါ်လာ တန်ဖိုးသည် နိုဝင်ဘာ ၁၀ရက်က ၁၀၅ ဒသမ ၆၀ ယန်းနှုန်းအထိ ရှိခဲ့သည်။

ဒေါ်လာနှင့် ယန်း ဖလှယ်နှုန်းသည် နိုဝင်ဘာ ၉ရက် ညနေ၅နာရီက တစ်ဒေါ်လာကို ၁၀၃ဒသမ ၃၁ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ညနေတွင် အမေရိကန် တစ်ဒေါ်လာကို နိမ့်/မြင့် ၁၀၅ ဒသမ ၆၂ယန်းနှင့် ၁၀၅ဒသမ ၆၃ ယန်းနှုန်း ရှိခဲ့သည်။ ယူရိုငွေကြေး၏ ဖလှယ်နှုန်းမှာ တစ်ယူရိုကို ၁ဒသမ ၁၁၁၃ ဒေါ်လာနှုန်းမှ ၁ဒသမ ၀၉၂၉ ဒေါ်လာနှုန်းသို့ လည်းကောင်း၊ တစ်ယူရိုကို ၁၁၄ဒသမ ၈၅ယန်းနှုန်းမှ ၁၁၅ ဒသမ ၄၄ယန်းနှုန်းသို့ လည်းကောင်း ပြောင်းလဲခဲ့သည်။

**မလေးရှားရင်းဂစ်**

ရေနံစိမ်းဈေးနှုန်းများ ကျဆင်းမှုနှင့် ဒီဇင်ဘာတွင် အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းများ မြှင့်တင်ပေးမည့် အလားအလာများ ပြန်လည် ထွက်ပေါ်မှုတို့ကြောင့် နိုဝင်ဘာ ၁၁ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ် ဖလှယ်နှုန်းမှာ နိုဝင်ဘာ ၁၀ ရက်က အမေရိကန် တစ်ဒေါ်လာကို ၄ဒသမ ၂၇၀၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ညနေ ၆ နာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၈၀၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။ ရင်းဂစ်တန်ဖိုးသည် အခြားသော အဓိကငွေကြေးများနှင့် ဖလှယ်ရာတွင် အတက်အကျ အမျိုးမျိုး ရှိခဲ့သည်။

**ကိုရီးယားဝမ်**

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် မမျှော်လင့်ဘဲ ထရန့်အောင်ပွဲရလိုက်ပြီးနောက် တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းရော ပြည်ပမှာပါ မရေရာမှုများ ဖြစ်ပွားခဲ့သည့်အတွက် တောင်ကိုရီးယား စတော့ဈေးနှုန်းများမှာ အောက်တိုဘာ ၁၁ရက်တွင် ဆက်လက် ကျဆင်းခဲ့သည်။ ငွေကြေးဖလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာကို ၁၁၆၈ ဒသမ ၉၅၀ဝမ်နှုန်း ရှိခဲ့သည့်အတွက် ယမန်နေ့ ဈေးပိတ်ချိန်က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက ၁၈ ဒသမ ၃၅ ဝမ်နှုန်း ကျဆင်းခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ထိုင်းဘတ်ငွေကြေးတို့ ဖလှယ်ရာတွင် နေ့အလိုက် နှိုင်းယှဉ်ပါက သုညဒသမ ၅၄ရာခိုင်နှုန်း ကျဆင်းပြီး အောက်တိုဘာ ၁၁ ရက်တွင် အမေရိကန် တစ်ဒေါ်လာကို ၃၅ဒသမ ၃၀ဘတ်နှုန်း ရှိခဲ့သည်။

■

## ဈေးကွက်မတည်မငြိမ်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုတွင် တွေ့ကြုံနေရသော အခက်အခဲများကြောင့် ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကိုဆက်လက်ထိန်းသိမ်း

ထိုင်းဘုရင် ကွယ်လွန်ပြီး နောက်ပိုင်း စီးပွားရေး ဖွံ့ဖြိုးမှု အတွက် ဆောင်ရွက်ရာတွင် အခက်အခဲများ မြင့်တက်လာခြင်းနှင့် အမေရိကန်ရွေးကောက်ပွဲနောက်ပိုင်းတွင် ဈေးကွက် ကသောင်းကနင်း ဖြစ်မှုများကြောင့် ထိုင်းဗဟိုဘဏ်က အဓိက အတိုးနှုန်းများကို ဆက်လက် ထိန်းသိမ်းထားခဲ့ရာ အစည်းအဝေး ဆယ့်နှစ်ကြိမ်မြောက်အဖြစ် ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း ဘလွမ်းဘတ် သတင်းတွင် ဖော်ပြ သည်။

တစ်ရက်သက်တမ်းရှိ ဘွန်းစာချုပ်များ၏ အတိုးနှုန်းကို မူဝါဒကော်မတီဝင် အားလုံး၏ ထောက်ခံမှုဖြင့် ထိုင်းဗဟိုဘဏ်က ၁ ဒသမ ၅ ရာခိုင်နှုန်း ဆက်လက် သတ်မှတ်ခဲ့ကြောင်း နိုဝင်ဘာ ၉ ရက်တွင် ကြေညာခဲ့သည်။ ဤကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းကြောင့် ဘဏ်အတိုးနှုန်းကိုလည်း လျှော့ချမည့် အလားအလာ ရှိကြောင်း ဘလွမ်းဘတ် သတင်းဌာနက စစ်တမ်းကောက်ယူခဲ့သော စီးပွားရေး ပညာရှင် ၂၃ ဦးက ခန့်မှန်းခဲ့သည်။

ထိုင်းဘုရင်မှာ နှစ်ပေါင်း ၇၀ အတွင်း ထိုင်းနိုင်ငံ စီးပွားရေး တည်ငြိမ်ရေးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်ခဲ့ရာ ထိုင်းဘုရင် ကွယ်လွန်ပြီးနောက်ပိုင်း ထိုင်းမူဝါဒ ရေးဆွဲသူများအတွက် အန္တရာယ်များ တိုးတက်မြင့်မားမည့် အလားအလာများနှင့် ရင်ဆိုင် တွေ့ကြုံခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီမှ သမ္မတလောင်း ဒေါ်နယ်ထရမ့် ရွေးချယ်ခံခဲ့ရပြီးနောက် ထိုင်းနိုင်ငံ၏ စတော့အိပ်ချိန်း (SET Index) အညွှန်းကိန်းမှာလည်း နိုဝင်ဘာ ၉ ရက်တွင် ၁ဒသမ ၆ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

## တောင်ကိုရီးယားအစိုးရက ဘဏ္ဍာရေးဈေးကွက်ကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ဆောင်ရွက်

တောင်ကိုရီးယားနိုင်ငံ ရင်ဆိုင်နေရသော စိန်ခေါ်မှုအများအပြားကို ဖြေရှင်း ဆောင်ရွက်ရန်အတွက် တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေး အခြေအနေကို အာဏာပိုင်များက အရေးပေါ် အခြေအနေအဖြစ် နိုဝင်ဘာ ၇ရက်က သတ်မှတ် ကြေညာခဲ့သည်။

လက်ရှိအခြေအနေကို အန္တရာယ်လမ်းကြောင်းပေါ် ရောက်ရှိနေသော အကျပ်အတည်း တစ်ခုအဖြစ် ဘဏ္ဍာရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခြင်းခံထားရသူ ယင်ဂျောင်ယောင်းက သတ်မှတ်ပြောကြားခဲ့သည်။

ပြည်တွင်းဈေးကွက် အတွင်းရှိ ဘဏ္ဍာရေးနှင့် မြို့ပြခေါင်းဆောင်များနှင့် အရေးပေါ် အစည်းအဝေးကို ဘဏ္ဍာရေးလုပ်ငန်း ကော်မရှင်(Financial Services Commission) ဥက္ကဋ္ဌ ယင်က သဘာဝပတိအဖြစ် ဦးဆောင်ကျင်းပခဲ့သည်။

သမ္မတပတ်ဂွင်ဟေး၏ မိတ်ဆွေချိုင်ဆူဆေးနှင့် ပတ်သက်သော နိုင်ငံရေး အရှုပ်တော်ပုံကြောင့် ပတ်ဂွင်ဟေး၏ အစိုးရအဖွဲ့ နိုင်ငံရေး အကျပ်အတည်း ဖြစ်ပေါ်မှုနှင့်အတူ အစိုးရ၏ မူဝါဒ အကောင်အထည်ဖော်မှုများနှင့် ပတ်သက်၍ စိုးရိမ်မှုများ ကြီးထွားနေချိန်တွင် အစည်းအဝေးကို ကျင်းပခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အမေရိကန် သမ္မတ ရွေးကောက်ပွဲနှင့် ပတ်သက်သော အကြောင်းတရားများကလည်း ပြည်ပတွင်ဖြစ်ပေါ်နေသော မရေရာမှုများအဖြစ် တည်ရှိနေသည်။

လက်ရှိ ဆောင်ရွက်နေသော အရေးပေါ် စီမံချက်များနှင့်အညီ လိုအပ်ပါက အစိုးရကဈေးကွက် တည်ငြိမ်ရေးအတွက် အစီအမံများကို အချိန်မဆိုင်းဘဲ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သူက ပြောသည်။

ဘာသာပြန်-စုစည်းတင်ပြသည်


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH




(၂၁)ရာစုခေတ်သစ်နည်းပညာဖြင့်ထုတ်လုပ်ထားပြီး၊ ဥရောပတွင်လူကြိုက်အများဆုံးဖြစ်သည့်
သဘာဝအတိုင်း ကျန်းမာရေးနှင့်ညီညွတ်၊ အထူးသန့်စင်လှသည့် David Snow®




VINYL FLOOR | VINYL ROLL | DECKING FLOOR | CEILING | WALL PANNEL

များကိုစိတ်ကြိုက်ရွေးချယ်၊ ခင်းကျင်းနိုင်ပါသည်။


DECKING


WALL PANNEL


CEILING



နယ်ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်စုံစမ်းနိုင်ပါသည်။

Find us on Facebook

Head Office : No.25/26, Pyi Htaung Su Road, 26 Quarter,South Dagon Township, Yangon, Myanmar.
E-mail: davidsnow.myanmar@gmail.com.
Hot-Line: 09787228903, 09787228934

